# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၈၈)


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)

# ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ၃/၂၀၁၆ လုပ်ငန်းညှိနှိုင်းစည်းဝေး

## ဖြစ်စဉ်နှင့်ပတ်သက်၍ အမှန်ကိုအမှန်အတိုင်း အရှိကိုအရှိအတိုင်း စိစစ်ဖော်ထုတ်ရန်လို



ဒုတိယသမ္မတ ဦးမြင့်ဆွေ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ၃/၂၀၁၆ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ၃/၂၀၁၆ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်ကြည်၊ ဦးထွန်းမြတ်၊ ဒေါက်တာသက်သက်ဇင်၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးညွန့်ဆွေ၊ ဦးစောသလေးစော၊ ဒေါ်ကျိန်ပိုက်မန်၊ ရဲချုပ်ဇော်ဝင်း၊ ဦးအောင်နိုင်၊ ဒေါက်တာလှမောင်၊ ဦးသာညဏ်၊ အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## မသန်စွမ်းသူ အခွင့်အလမ်း အပြည့်အဝ ရရှိရေး ကြိုးပမ်း သွားမည်



စာမျက်နှာ - ၁၂

## နယ်စပ်ဖြတ်ကျော် ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လည်ပတ်လျက်ရှိ

စာမျက်နှာ - ၅

## ငြိမ်းချမ်းပါစေ မြန်မာပြည်

ဆောင်းပါး၊ စာမျက်နှာ - ၆

## ဘူးသီးတောင်ဆေးရုံတွင် မီးရှို့စွန့်ပစ်သည့်စနစ် ဆောင်ရွက်ထားသဖြင့် ကူးစက်ရောဂါဖြစ်ပွားမှုကို များစွာထိန်းချုပ်နိုင်

စာမျက်နှာ - ၉




မြန်မာ့အလင်း

# မြန်မာစာ၊ မြန်မာစကား မြင့်မားတိုးတက်ရေး

ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန ၇၅ နှစ်ပြည့်အထိမ်းအမှတ်စိန်ရတုသဘင် အခမ်းအနားကို မကြာသေးသည့်ရက်ပိုင်းအတွင်းက ကျင်းပခဲ့ရာတွင် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့ပြီး "စာပေမြင့်မှလူမျိုးတင့်မည်၊ စာပေပျောက်လျှင် လူမျိုးပျောက်မည် ဆိုသည့်စကားအတိုင်း မိမိတို့နိုင်ငံ၏ မြန်မာစာ၊ မြန်မာစကား၊ မြန်မာစာပေထိန်းသိမ်းစောင့်ရှောက်ရေး၊ မြင့်မားတိုးတက်ရေးကို မြန်မာတစ်မျိုးသားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရမည်"ဟူ၍ အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာစာအရေးအသား ပေါ်ပေါက်ခဲ့သည်မှာ ကျောက်စာ အထောက်အထားများအရ နှစ်ပေါင်းထောင်နှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သည့်အလျောက် ကိုယ်ပိုင်စာပေရှိသည့် လူမျိုးအဖြစ် နှစ်ပေါင်းများစွာ သမနိရှည်ကြာ ရပ်တည်လာခဲ့ကြသည်ကို မြန်မာတို့ဂုဏ်ယူခဲ့ကြရသည်။ တိုင်းတစ်ပါးလက်အောက် ကိုလိုနီဘဝသို့ ကျရောက်ခဲ့စဉ်ကလည်း "မြန်မာပြည်သည်-တို့ပြည်၊ မြန်မာစာသည်-တို့စာ၊ မြန်မာစကားသည်-တို့စကား၊ တို့ပြည်ကို-ချစ်ပါ၊ တို့စာကို-မြတ်နိုးပါ၊ တို့စကားကို-လေးစားပါ" ဟူ၍ အမျိုးသားရေးကို တပ်လှန့်နှိုးဆော်ကာ မိမိတို့စာပေ မိမိတို့ဘာသာစကားကို အလေးထားမြှင့်တင်ခဲ့ကြသည်။

ရှင်သန်လျက်ရှိသော ဘာသာစာပေတစ်ခု၏ သဘောအရ နှစ်ပေါင်းထောင်ချီသည့်သက်တမ်းအတွင်း မြန်မာစာလုံးအက္ခရာများ၊ ဝေါဟာရအသုံးအနှုန်းများ၊ ဝါကျရေးသားတည်ဆောက်ပုံများမှာ ခေတ်အလိုက် အဆင့်ဆင့်ပြောင်းလဲမှုများ ရှိခဲ့သလို အချို့သော ဝေါဟာရအသုံးအနှုန်းများ ပျောက်ကွယ်သွားခြင်း၊ ဝေါဟာရအသစ်များ ပေါ်ထွက်လာခြင်း၊ အခြားဘာသာစကားများမှ ဝေါဟာရများ ဝင်ရောက်လာခြင်းစသည့် ဖြစ်စဉ်များရှိခဲ့သည်ကိုလည်း မြန်မာစာပေလေ့လာလိုက်စားသူတိုင်း သိရှိကြပြီးဖြစ်သည်။ မိမိတို့ဖြတ်သန်းနေကြရသည့် မျက်မှောက်ကာလတွင် မြန်မာစာ၊ မြန်မာစကား၏ အခြေအနေကို ပကတိအတိုင်း လေ့လာသုံးသပ်ကြည့်မည်ဆိုပါက နိမ့်ကျနေပြီဟု မဆိုလိုသည့်တိုင်အောင် ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဝါယမစိုက်၍ မြှင့်တင်ရန် လိုအပ်နေသည်ဟု ယူဆမိသည်။

ပုံနှိပ်မီဒီယာများဖြစ်သည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများစသည်တို့တွင် မြန်မာစာဦးစီးဌာနက ထုတ်ဝေထားသည့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို လက်စွဲပြုကာ စာလုံးပေါင်းသတ်ပုံကို ဂရုတစိုက်ဖတ်ရှုပြင်ဆင်လေ့ရှိကြသော်လည်း ဝတ္ထုကဲ့သို့သော ပုံနှိပ်ထုတ်ဝေသည့်စာအုပ်များနှင့် အချို့ပုံနှိပ်စာ အတော်များများတွင် စာလုံးပေါင်းသတ်ပုံ မှားယွင်းမှုများစွာကို တွေ့ရှိနေရခြင်း၊ အများပြည်သူသုံးစွဲနေကြသော မီဒီယာများဖြစ်သည့် အင်တာနက်လူမှုကွန်ရက်များပေါ်မှ ရေးသားမှုများတွင်လည်း မြန်မာစာလုံးပေါင်းသတ်ပုံ မှားယွင်းမှုများစွာကို တွေ့ရခြင်း ('ကွီး'၊ 'ခေး'၊ 'ညေး' စသည့် လူမှုကွန်ရက်ဗန်းစကားများကို ဆိုလိုခြင်းမဟုတ်ပါ)၊ စီးပွားရေးကြော်ငြာများ၊ ဆိုင်းဘုတ်များ စသည်တို့တွင်လည်း စာလုံးပေါင်းအမှားများစွာ တွေ့ရှိရခြင်းတို့မှာ အလွယ်တကူတွေ့မြင်ရသော အမှားများပင်ဖြစ်သည်။

သူ့ကျွန်ဘဝတွင် ယူနီဗာစီတီဟူသော နိုင်ငံရပ်ခြားဝေါဟာရကို "တက္ကသိုလ်"ဟူ၍ မြန်မာပညာရှိကြီးများက ဘာသာပြန်ဆို မြန်မာမှုပြုရာတွင် ကျားကုတ်ကျားခဲတိုက်ပွဲဝင်ခဲ့ကြရသည်ဟု မှတ်သားခဲ့ရဖူးသော်လည်း မျက်မှောက်ကာလတွင်မူ နိုင်ငံခြားဝေါဟာရများစွာတို့ကို တိုက်ရိုက်ယူငင် သုံးစွဲနေကြသည့်အလျောက် ကိုယ်ပိုင်ဝေါဟာရအသစ်များ ဖြစ်မလာကြသည့်အပြင် ရှိပြီးမြန်မာဝေါဟာရများကိုပင် စွန့်ပစ်ထားသည့် သဖွယ် ဖြစ်နေသည်ကိုလည်း တွေ့မြင်နေကြရပြီဖြစ်သည်။ ဥပမာအားဖြင့်-ကွန်ဒိုမီနီယံ၊ ရှော့ပင်းမော၊ ပလာဇာ၊ ကတ်စတန်မာ၊ ဒစ်စကောင့် စသည် စသည်ဖြင့် အများအပြားပင်။ လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုစာကာလ အတွင်းမှ လူငယ်အချို့တွင်လည်း 'က' သတ်၊ 'တ'သတ်၊ 'န'သတ် စသည့် 'သရ' သံများကို မှန်ကန်ပီသစွာ မထွက်တတ်သည့်အပြင် အရေးအသားမှာပင် ရောထွေးလာကြသည်ကို ၎င်းတို့၏ စာအရေးအသားများမှာသာမက ရုပ်သံမီဒီယာတို့၌ပါ တွေ့မြင်ကြားသိနေရပြီဖြစ်ရာ နိုင်ငံတော်သမ္မတ၏ အဆိုအမိန့်နှင့်အညီ မိမိတို့နိုင်ငံ၏ မြန်မာစာ၊ မြန်မာစကား၊ မြန်မာစာပေ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြင့်မားတိုးတက်ရေးအတွက် မြန်မာတစ်မျိုးသားလုံးက ကြိုးပမ်းဆောင်ရွက်ကြရေး အလေးအနက် တိုက်တွန်းလိုပါကြောင်း။ ။

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဖွင့်

**ကန်ပက်လက် ဒီဇင်ဘာ ၂၆**

ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့၌ ပြည်ထဲရေးဝန်ကြီးဌာန မြို့နယ်မီးသတ်ဦးစီးဌာနက ကျင်းပသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲကို အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၆ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ရဲမှူး ဦးအောင်ကြွယ်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လိုက်နာရမည့် စည်းကမ်းနှင့် နည်းလမ်းများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၆-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၁၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၇၀၀/၇၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၃၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၂ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၆ ・ ၄၃ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၂၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*✻ ရှေ့ဖုံးမှ*

အစည်းအဝေးတွင် ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပထမအကြိမ်ခရီးစဉ် အတွေ့အကြုံများနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို အစီရင်ခံစာ(မူကြမ်း) ရေးသားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ လမ်းညွှန်အမှာစကားပြောကြားရာတွင် မိမိတို့ကော်မရှင်၏ အဓိကတာဝန်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် နိုဝင်ဘာ ၁၂ ရက်၊ ၁၃ ရက်များက ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် ဖြစ်ပွားရသည့်နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေး၊ ဖြစ်စဉ်များနှင့် ပတ်သက်၍ နိုင်ငံတော်၏တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ရှိ မရှိကို စစ်ဆေးသုံးသပ်ပြီး အကြံပြုချက်များအဖြစ် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာကို ပြုစုရေးသားတင်ပြရန် ဖြစ်ပါကြောင်း။

### တွေ့ဆုံမေးမြန်းမှုများဆောင်ရွက်ခဲ့

မိမိတို့ကော်မရှင်အဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ရခိုင်ပြည်နယ် မောင်တောဒေသသို့သွားရောက်၍ မောင်တောဒေသ၌ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့သည့် ကျီးကန်းပြင်၊ ကြိမ်ချောင်း၊ ငါးခူရ၊ ပြောင်ပိုက်၊ ပွင့်ဖြူချောင်း၊ ဝါးပိတ်၊ ဂွဆုံ၊ ငန်းချောင်း၊ ကြက်ရိုးပြင်၊ ကိုးတန်ကောက်ဒေသများသို့ သုံးရက်ကြာ လှည့်လည်ကြည့်ရှုစစ်ဆေးမှုများ၊ စုံစမ်းမှုများ၊ လိုအပ်သည့် တွေ့ဆုံမေးမြန်းမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း။

### အဖြစ်မှန်ရုပ်လုံးပေါ်လာပြီဖြစ်

ကော်မရှင်အနေဖြင့် အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် ဒေသနှင့် ကျေးရွာများသို့ သွားရောက်၍ စုံစမ်းစစ်ဆေးခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ ပြည်တွင်း ပြည်ပ မီဒီယာများအား သွားရောက်သတင်းယူနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့မှုများကြောင့် ယခုအချိန်တွင် ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်များ၏ အဖြစ်မှန်ရုပ်လုံးပေါ်လာပြီဖြစ်ပါကြောင်း။

### ကွင်းဆက်များလည်းပေါ်ပေါက်နေ

ယခုဖြစ်စဉ်သည် ရခိုင်ပြည်နယ်အတွင်း ယခင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် မတူကွဲပြားလျက်ရှိပါကြောင်း၊ ယခင်ကဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များသည် ဒေသခံပြည်သူအချင်းချင်းအကြား ဖြစ်ပွားခဲ့သော ပဋိပက္ခများဖြစ်သော်လည်း ယခုဖြစ်စဉ်သည် ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် အချိန်ယူပြီး အကြမ်းဖက်အဖွဲ့အစည်းများက စနစ်တကျဖွဲ့စည်းပြင်ဆင်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုထိပါးသည့် အကြမ်းဖက် တိုက်ခိုက်မှုမျိုးဖြစ်ပါကြောင်း၊ ပြည်ပနှင့်လည်း ဆက်စပ်နေသည့် ကွင်းဆက်များလည်း ပေါ်ပေါက်နေသဖြင့် ပိုမိုသိမ်မွေ့ရှုပ်ထွေးလျက်ရှိသည်မှာ အမှန်ဖြစ်ကြောင်း။

### စိစစ်ဖော်ထုတ်ဆောင်ရွက်သွားရန်လို

ထို့ကြောင့် မိမိတို့ကော်မရှင်က ပြုစုရေးသားမည့် အစီရင်ခံစာတွင် နောင်အလားတူ အကြမ်းဖက်တိုက်ခိုက်ခံရသည့် ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပေါ်ရေး၊ နိုင်ငံတော်နှင့် အမျိုးသားလုံခြုံရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများအနေဖြင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ကို ဝိုင်းဝန်းစဉ်းစားပြီး အကြံပြုပေးရန်လိုအပ်ပါကြောင်း၊ ထို့ပြင် ဖြစ်စဉ်နှင့်ပတ်သက်၍ အမှန်ကိုအမှန်အတိုင်း အရှိကိုအရှိအတိုင်း စိစစ်ဖော်ထုတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မိမိတို့ကော်မရှင်အနေဖြင့် အစီရင်ခံစာကို သတ်မှတ်ချိန်အတွင်း တတ်နိုင်သမျှ ပြည့်ပြည့်စုံစုံရေးသားနိုင်ရန် ရခိုင်ပြည်နယ်သို့ အချိန်ရလျှင်ရသလို ထပ်မံသွားရောက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျင်းပပြီးစီးခဲ့သည့် အစည်းအဝေးမှတ်တမ်းများအား အတည်ပြုကြသည်။

### နောက်ဆုံးအခြေအနေများကိုရှင်းလင်း

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ရခိုင်ပြည်နယ် မောင်တောဒေသ၌ ထပ်မံဖြစ်ပွားခဲ့သည့် မီးလောင်မှုများနှင့် အကြမ်းဖက်မှု ဆက်စပ်ဖြစ်စဉ်များ၊ အကြမ်းဖက်သမားများက ဒေသခံပြည်သူအချို့ကို ခြိမ်းခြောက်သတ်ဖြတ်ကျူးလွန်နေမှုများ၊ မောင်တောဒေသ နောက်ဆုံးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေက အစီရင်ခံစာမူကြမ်း၏ နိဒါန်း၊ ရည်ရွယ်ချက်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အချက်အလက်များ၊ ကော်မရှင်၏ စိစစ်တွေ့ရှိချက်များနှင့် ထပ်မံစစ်ဆေးဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များကိုလည်းကောင်း၊ ရေးသားမည့်အစီရင်ခံစာ၏ အကြောင်းအရာအချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

### ဝိုင်းဝန်းအကြံပြုဆွေးနွေး

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များက သတင်းအချက်အလက်များ ပြည့်စုံစွာရရှိရေး၊ အကြမ်းဖက်တိုက်ခိုက်ခံရမှုများ၊ ပဋိပက္ခများ ထပ်မံမဖြစ်ပွားရေးအတွက် ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ အစီရင်ခံစာရေးသားရာတွင် ပြည့်စုံမှန်ကန်မှု ရှိစေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကား ပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲဝင်များနှင့် ဆုရရှိသူများတွင် လူငယ်လူသစ် မျိုးဆက်သစ် ဓာတ်ပုံသမားများလည်း ပါဝင်သည့်အတွက် မျိုးဆက်သစ်လူငယ်ဓာတ်ပုံပညာရှင်များ ပေါ်ထွက်လာစေရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် ပြိုင်ပွဲလည်းဖြစ်သည်ဟု ပြောလိုကြောင်း၊ ဓာတ်ပုံတစ်ပုံသည် စာလုံးပေါင်းတစ်ထောင်မက ဖော်ပြနိုင်သည့်အတွက် ဓာတ်ပုံပညာရှင်ကြီးများက မိမိတို့တိုင်းပြည်၏ ရေမြေသဘာဝတောတောင်များကို မိမိတို့ လူမျိုးများ ချစ်မြတ်နိုးသည့်စိတ်ဖြစ်အောင် ဓာတ်ပုံပညာစွမ်းပကားဖြင့် ရိုက်ကူးပြသနေသူများဖြစ်ကြောင်း၊ တိုင်းပြည်အပေါ် စည်းလုံးညီညွတ်သည့်စိတ်၊ ချစ်မြတ်နိုးသည့်စိတ်အပေါ် အခြေခံပြီး ညီညွတ်သည့်စိတ်တည်ဆောက်နိုင်မှသာလျှင် ယခင်က စုပေါင်းညီညာရယူခဲ့သည့် လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းနိုင်မည်၊ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်နိုင်မည်၊ အခြားတိုင်းပြည်များနှင့် ရင်ပေါင်တန်းနိုင်သည့် အဆင့်အထိ တိုးတက်မြင့်မားနိုင်မည်ဖြစ်ရာ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ဓာတ်ပုံပညာရှင်ကြီးများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသည့်နေရာကပါဝင်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ဇော်မေဦး၊ ဒုတိယဆုရ ပြည်စိုးထွန်း(ပန်းချီ)နှင့် တတိယဆုရ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေတို့က အထူးဆုရရှိကြသည့် ပြည်စိုးထွန်း(ပန်းချီ)၊ သန့်ဇော်ဦး၊ ခိုင်ဇာမွန်၊ ဇော်ဇော်ထွန်းနှင့် ကျော်ကျော်ဝင်း(သမဝါယမတက္ကသိုလ်)တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌက ဆုများရွေးချယ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဓာတ်ပုံဆုရရှိသူများကိုယ်စား ပထမဆုရရှိသူ ဇော်မေဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဆုရဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ "အေးချမ်းသာယာ ပြည်မြန်မာ"ဖြစ်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံများကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ တည်ငြိမ်အေးချမ်းမှုများ၊ သာယာလှပမှုများ၊ သဘာဝသယံဇာတပေါကြွယ်ဝမှုများနှင့် တိုင်းရင်းသားရိုးရာ ဓလေ့ထုံးစံများကို ပေါ်လွင်အောင် ရိုက်ကူးယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံအရပ်ရပ်မှ ပြိုင်ပွဲဝင် ဓာတ်ပုံပညာရှင် ၃၂၀ က ဓာတ်ပုံပေါင်း ၁၂၂၈ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

# မြန်မာ-ဂျပန် လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Transport and Tourism တို့အကြား နှစ်နိုင်ငံ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲက နေပြည်တော် ရုံးအမှတ်(၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Transport and Tourism မှ ဝန်ကြီး H.E. Mr. Keiichi ISHII က မြို့ပြ နှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလက ချုပ်ဆိုခဲ့သော ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာတွင် ဘဏ္ဍာရေးကဏ္ဍကို ထပ်မံဖြည့်စွက်၍ လက်မှတ်ရေးထိုးလိုပါကြောင်း၊ ရန်ကုန်မြို့အတွင်း အန္တရာယ်ရှိ အဆောက်အအုံများကို JICA နှင့် စစ်တမ်းကောက်ယူ၍ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဥပဒေသစ်ရေးဆွဲရေးတွင် အကူအညီပေးလျက်ရှိကြောင်း၊ ရန်ကုန်မြို့အတွင်း P.P.P စီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရတို့နှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရပိုင်မြေများပေါ်၌ မြို့ပြစီမံကိန်းများ ပူးပေါင်းဆောင်ရွက်၍ ရန်ကုန်မြို့ပြစီမံကိန်းမှ အစပြုကာ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က သီလဝါအထူးစီးပွားရေးဇုန်နှင့် ဆက်စပ်၍ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်း အကောင်အထည်ဖော်မှုအား အစိုးရအနေဖြင့် Master Plan ချထားသည့် အထဲတွင် စစ်တောင်းမြစ်ကိုဖြတ်သည့် မြစ်ကူးတံတားတစ်စင်း တည်ဆောက်ရေးအတွက် ဂျပန်အစိုးရကို အကူအညီတောင်းခံလိုပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသော တံတားများ ထိန်းသိမ်းမှုအပိုင်းတွင် ပျက်စီးမှု ပြုပြင်ခြင်းထက် စနစ်တကျ ထိန်းသိမ်းမှုစနစ်ကို ဆောင်ရွက်လိုကြောင်း၊ ကာလတို၊ ကာလလတ်၊ ကာလရှည် ထိန်းသိမ်းပြုပြင်မှုများ ဆောင်ရွက်နိုင်ရေး ဂျပန်အစိုးရက လိုအပ်သည်များ ကူညီပေးစေလိုကြောင်း၊ Quality Based ကို ဦးတည်ပြီး ရေရှည်ခံနိုင်ရန် သုဝဏ္ဏသင်တန်းကျောင်း၌ ဗဟိုဓာတ်ခွဲခန်းရှိသော်လည်း စံနှုန်းမြှင့်တင်ရန် လိုအပ်သဖြင့် ဂျပန်အစိုးရဘက်မှ အကူအညီများပေးရန် ပြောကြားသည်။




ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် Ministry of Land, Infrastructure, Transport and Tourism မှ ဝန်ကြီး H.E. Mr. Keiichi ISHII တို့က နားလည်မှုစာချွန်လွှာတွင် နှစ်ဦးနှစ်ဖက် လက်မှတ်များရေးထိုးကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နေအိမ်၌ ခရစ္စမတ်ဓမ္မတေးသီချင်းများ လာရောက်သီဆို

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နေအိမ်သို့ ဒီဇင်ဘာ ၂၅ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့ လာရောက်၍ ခရစ္စမတ်ဓမ္မတေးသီချင်းများ သီဆိုပြီး ငြိမ်းချမ်းရေးဆုတောင်းစကားများ ဂုဏ်ပြုပြောကြားခဲ့ကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်မိသားစုက ဓမ္မတေးသီချင်းများ သီဆိုရာတွင် အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့်တူရိယာပစ္စည်းနှင့် အလှူငွေများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မိသားစုက ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့အား အလှူငွေများ ပေးအပ်စဉ်**

# မြန်မာရွှေ့ပြောင်းအလုပ်သမားများ တရားဝင်လမ်းကြောင်းမှ သွားရောက်နိုင်ရေး အသိပညာပေးရန်လို

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ (၄/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အတူ ကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ တရားဝင်လမ်းကြောင်းမှ သွားရောက်နိုင်ရေးအတွက် ပြည်သူများအကြား သတင်းအချက်အလက်၊ အသိပညာပေးမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလုပ်သမားစေလွှတ်သော နိုင်ငံအနေဖြင့် ခေါင်းပုံဖြတ်မှုကင်းရန်၊ ကုန်ကျစရိတ် အနည်းဆုံးဖြစ်စေရန်၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအပြင် လုပ်ငန်းခွင်လုံခြုံရေး၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းများ ဖြစ်စေရေးဆောင်ရွက်ရန်၊ အလုပ်သမားလက်ခံသောနိုင်ငံများ၏ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိရန်၊ ပြည်ပတွင်ရောက်ရှိနေသော အလုပ်သမားများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းနှင့် အခက်အခဲများတွေ့ကြုံရခြင်းတို့အတွက် ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ကို အထောက်အကူပြုနိုင်ရန်အတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများဖြစ်သော စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊ အလုပ်သမားများ အကျိုးခံစားခွင့်ရရှိရေးလုပ်ငန်းကော်မတီနှင့် အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံမှ ထုတ်ပေးထားသော ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (ဘတ်ကတ် ခေါ် TR-38)ကိုင်ဆောင်၍ အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများအနက် နိုင်ငံသားအထောက်အထား ပြည့်စုံစွာမတင်ပြနိုင်သော မြန်မာအလုပ်သမားများကို နှစ်စဉ်ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (ဘတ်ကတ် ခေါ် TR-38) ဖြင့် သက်တမ်းတိုးပြုလုပ်နေရသည့်အစား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ထုတ်ပေးနိုင်ရေးအတွက် ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမား အများဆုံးရှိသော စမုပရာကန်၊ စမုစခွန်(မဟာချိုင်)၊ ကန်ချနဘူရီ၊ မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်းမြို့များ၌ အောက်ပါ နေရပ်လိပ်စာများ၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း စတင်ဖွင့်လှစ်ဆောင်ရွက်သွားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊

ထို့အပြင် ဂျပန်နိုင်ငံသို့ သွားရောက်လုပ်ကိုင်သည့် မြန်မာအလုပ်သမားများ အခွင့်အရေးအပြည့်အဝ ရရှိခံစားနိုင်စေရေးအတွက် ဂျပန်နိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့အကြား နည်းပညာသင်တန်းသား စေလွှတ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (Memorandum of Cooperation- MoC) ကို မကြာမီလက်မှတ်ရေးထိုး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးနေမှုအခြေအနေများ၊ လျော်ကြေးရရှိရန် ကျန်ရှိနေသည့် အလုပ်သမားများအတွက် ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ Passport for Job (PJ) ဆောင်ရွက်ရာတွင် ပိုမိုကျယ်ပြန့်လွယ်ကူစေရန်ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မဟာဗန္ဓုလလမ်းပေါ် ရှိ လမ်းသစ်(မော်တင်) လိုင်းကားမှတ်တိုင် နေ့စဉ်ယာဉ်ပိတ်ဆို့မှု ဖြေရှင်းပေးရန်လို



**ရန်ကုန် ဒီဇင်ဘာ ၂၆**

လူကူးခုံးကျော်တံတား အတက်အဆင်းလှေကားအောက်ခြေရှိ မဟာဗန္ဓုလလမ်းပေါ်မှ လမ်းသစ်(မော်တင်) လိုင်းကားမှတ်တိုင်နေရာ၌ နေ့စဉ်ကြုံတွေ့နေရသော ယာဉ်ပိတ်ဆို့၍ ခရီးသည်စောင့်ဆိုင်းနေခြင်း၊ စည်းကမ်းမဲ့ ပိတ်ဆို့ရပ်ထားကြ၍ ကားဟွန်းသံများ အဆက်မပြတ်ကျယ်လောင်စွာ အချက်ပေးနေခြင်း၊ ခရီးသည်များ ကားကြိုကားကြား လမ်းလယ်ပေါ်တက်၍ အတက်အဆင်းပြုလုပ်နေရခြင်းများကို သက်ဆိုင်ရာမှ ထိရောက်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးစေလိုကြောင်း ယင်းနေရာအနီး နေထိုင်သူများနှင့် အလုပ်လုပ်ကိုင်နေသူများက ပြောသည်။

ယင်းနေရာတွင် အချက်ပြမီးပွိုင့်မရှိခြင်း၊ ထိန်းသိမ်းအချက်ပြမှု အားနည်းခြင်းတို့ကြောင့် အန္တရာယ်ရှိသည့် လမ်းဆုံတစ်ခုဖြစ်ရုံသာမက ပတ်ဝန်းကျင်တွင် နေထိုင်လုပ်ကိုင်သူများအတွက် ဆူညံသံများ ခံစားနေရကြောင်း သိရသည်။

လှည့်ကင်းယာဉ်ဖြင့် လာရောက်ချိန် မိနစ်အနည်းငယ်အတွင်းသာ ယာဉ်ရှင်းလင်းမှုရှိသော်လည်း ကျန်အချိန်များတွင် စည်းကမ်းမဲ့နေဆဲဖြစ်သည်။ ယာဉ်အန္တရာယ်ကင်းရှင်းရန် ကားလမ်းမကြီးသုံးခုကို ဖြတ်ကျော်၍ လူကူးခုံးကျော်တံတား တည်ဆောက်အသုံးပြုခွင့်ပေးခဲ့ရာ အတက်အဆင်း လှေကားမှာ သုံးခုသာရှိပြီး ကမ်းနားလမ်းဟောင်းနှင့် ကွန်ကရစ်ခင်း ကမ်းနားလမ်းသစ်အကြား၌ လှေကားအတက်အဆင်း မပါရှိသည်ကို မြင်တွေ့ရသည်။

ကမ်းနားလမ်းလမ်းမဟောင်းအပေါ် အနောက်မှ အရှေ့သို့သွားသည့် လိုင်းကားများကို စီးနင်းရမည့် ခရီးသည်များသည် ယင်းလမ်းသစ်(မော်တင်)မှတ်တိုင်မှ လူကူးခုံးကျော်တံတားပေါ် တက်ရောက်နိုင်မှုမရှိ၍ ကမ်းနားလမ်းမဟောင်းနှင့် ကွန်ကရစ်လမ်းသစ်တို့ကို ဖြတ်ကျော်နေရဆဲဖြစ်သည်။

မဟာဗန္ဓုလလမ်းအတွင်း အနောက်မှ အရှေ့သို့ ယာဉ်ကြောတစ်ကြောသာ တန်းစီဝင်ရောက်ခွင့်ပြုပြီး ကမ်းနားလမ်းဟောင်းမှ ဂငယ်ကွေ့နှင့် အနော်ရထာလမ်းမှ လမ်းသစ်(မော်တင်)သို့ ဝင်ရောက်ပြီး ယင်းမှတ်တိုင်သို့ ကွေ့ဝင်မည့် လိုင်းကားများကို ခွင့်မပြုရန်၊ ခရီးသည်စောင့်ဆိုင်းတင်သည့် လိုင်းကားများအား ရှင်းလင်းပေးစေလိုကြောင်း ပြည်သူများထံမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ခင်ဆိုင်**

❀ *ကျောဖုံးမှ*

သုံးမျိုးစာရင်းကောက်ယူခြင်းလုပ်ငန်းများ ဖြစ်သည့် မြေပုံရေးဆွဲခြင်း၊ မြေပုံပေါ်တွင် အဆောက်အအုံများတင်ခြင်းနှင့် လူဦးရေစစ်ဆေးခြင်း လုပ်ငန်းများဖြင့် Identity Card for National Verification ကတ်ပြားများ ထုတ်ပေးနိုင်ရေးအား ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်အထိ အခြေအနေမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ယာယီသက်သေခံလက်မှတ်များ ပြန်လည်အပ်နှံမှု စုစုပေါင်း ၄၆၉၁၈၃ ဦးအနက် ၃၂၀၁၆ ဦးအား Identity Card for National Verification ကတ်ပြားများ ထုတ်ပေးပြီးစီးပြီးဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် ယာယီသက်သေခံလက်မှတ် ပြန်လည်အပ်နှံမှု စုစုပေါင်း ၃၉၇၄၉၇ ဦးရှိသည့်အနက် ၆၀၇၇ ဦးကို Identity Card for National Verification ကတ်ပြားများ ထုတ်ပေးပြီးစီးပြီးဖြစ်ကြောင်းနှင့် ယင်းကတ်ပြားများ ဆက်လက်ထုတ်ပေးနိုင်ရေးအတွက် သုံးမျိုးစာရင်းကောက်ယူခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာများ ဆက်လက်ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၂၆**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ကိစ္စရပ်များအတွက် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးအားယနေ့ ညနေ ၃ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ယင်းသို့ဆွေးနွေးရာတွင် ပို့ကုန်ရငွေများခြောက်လအတွင်း ပြန်လည်ဝင်ရောက်မှု ရှိ၊ မရှိ စိစစ်မှုကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အကောက်ခွန်ဦးစီးဌာနတို့ ဆက်လက်၍ ချိတ်ဆက်ဆောင်ရွက်ရန်ကိစ္စ၊ နေ့စဉ်ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ပေးသည့် စနစ်အား ယခုထက်ပိုမိုထိရောက်ကောင်းမွန်သည့်စနစ်ဖြင့် သတ်မှတ်နိုင်ရေးသုံးသပ်ဆောင်ရွက်ရန်ကိစ္စ၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများထံမှ နိုင်ငံခြားငွေများပြန်လည် ဝင်ရောက်လာရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်ကိစ္စ၊ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ လျော့နည်းစေရေးကြပ်မတ်ဆောင်ရွက်ရန်ကိစ္စနှင့် အပတ်စဉ် ပူးပေါင်းညှိနှိုင်းဆွေးနွေးပွဲမှ ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဌာနများအလိုက် အချိတ်အဆက်မိမိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အသံချစ်သူများအဖွဲ့ဝင်များ တွေ့ဆုံပွဲ ရွှေဘိုမြို့၌ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်း အနားကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ TWS ကိုယ်ပိုင် အထက်တန်းကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် အဆိုပါအခမ်းအနားတွင် မြန်မာ့အသံ၏လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ မြန်မာ့အသံမှ အစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ရေဒီယိုဇာတ်လမ်းလက်တွေ့သရုပ်ပြတင်ဆက်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။

အခမ်းအနားသို့ မြန်မာ့အသံချစ်သူအဖွဲ့ဝင် မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်းနံပါတ် ၀၆၇-၇၉၂၁၅ သို့ ဇန်နဝါရီ ၆ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဦးစီးဌာနမှ သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

❖ *ကျောဖုံးမှ*

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇင်မျိုးသန့်(WCS)မှ Deputy Project မန်နေဂျာ ဦးကျော်လှသိန်းနှင့် Ecotourism မန်နေဂျာဦးသန့်ဇင်၊ မန္တလေးမြို့ MIB Travel MD ဦးထွန်းထွန်းဗို၊ မန္တလေးမြို့မှ ဧည့်လမ်းညွှန် ဦးအောင်ကျော်မြင့်နှင့် ဦးမျိုးနိုင်စိုး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ဒေသခံလက်ပစ်ကွန်နည်းပြဆရာများ၊ စဥ့်ကူး၊ မတ္တရာနှင့် ဝက်လက်မြို့နယ်တို့မှ ရေလုပ်သားလက်ပစ်ကွန်သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် စဥ့်ကူးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝေဝေက အမှာစကားပြောကြားသည်။ ဆက်လက်၍ WCS မှ Deputy Project မန်နေဂျာက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြစ်ကမ်းကြီးကျေးရွာမှ ကွန်ပစ်နည်းပြ ဦးအောင်သင်းက ကွန်ပစ်နည်းပညာများနှင့် လင်းပိုင်တို့နှင့် အနီးကပ်ချဉ်းကပ်နည်းများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်အလိုက် သင်တန်းသားများအား အဖွဲ့များခွဲ၍ သင်တန်းနည်းပြ ဆရာများက ကွန်ကောက်ပုံ၊ ကွန်ရုံပုံ၊ ကွန်ပစ်ပုံစသည်များကို သင်ကြားပေးကြပြီး ဧရာဝတီ လင်းပိုင်အား ဂေါက်တံဖြင့်ခေါ်ပုံ၊ နှုတ်မှအသံပြု၍ခေါ်ပုံ၊ လှော်တက်အား ရေတွင် ပေါက်၍ ခေါ်ပုံ၊ ခဲသီးအား လှေကြမ်းပြင်တွင်ခေါက်၍ ခေါ်ပုံများ ပူးပေါင်းငါးဖမ်းဆီးရန် ကောင်းသောနေရာသို့ ခေါ်ဆောင်ပုံများ သင်ကြားပြသပေးခြင်းနှင့် ဧရာဝတီလင်းပိုင်၏ အမြီးပြပုံအမျိုးမျိုးနှင့်၎င်းတို့၏ အဓိပ္ပာယ်များ အကြောင်းတို့ကို ရှင်းလင်းပြသပေးကြသည်။

ထို့နောက် သင်တန်းသားများက တစ်ဦးချင်းအလှည့်ကျ ကွန်ကောက်ပုံ၊ ကွန်ရုံပုံ၊ ကွန်ပစ်ပုံ၊ ဧရာဝတီလင်းပိုင်ခေါ်ဆောင်ပုံနှင့် အကျိုးတူငါးဖမ်းဆီးပုံ အဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြသင်ယူကြသည်။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတရေရှည် တည်တံ့ရန် ထိန်းသိမ်းရေးဇရိယာအတွင်းရှိ ရေလုပ်သားတိုင်း အကျိုးတူပူးပေါင်း ငါးဖမ်းဆီးခြင်း ရိုးရာဓလေ့အား တတ်မြောက်လာစေရန် ရည်ရွယ်လျက် မျိုးသုဉ်း ပျောက်ကွယ်တော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

✪ *ကျောဖုံးမှ*

မြန်မာအမျိုးသမီးအသင်းသည် ဧပြီလတွင် အာရှဖလား အမျိုးသမီး ခြေစစ်ပွဲ၊ မေလတွင် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ၊ သြဂုတ်လတွင် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခု တရုတ် ဖိတ်ခေါ်ပြိုင်ပွဲသည် အာရှဖလား ခြေစစ်ပွဲ မတိုင်မီ အကောင်းဆုံးပြင်ဆင်မှုတစ်ခု ဖြစ်လာမည်ဖြစ်သည်။ မြန်မာအမျိုးသမီး အသင်းသည် ၂၀၁၆ အာဆီယံအမျိုးသမီး ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် ကစားသမားများကို အမာခံထားကာ ပြန်လည်ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ရော်ဂျာက ကိုင်တွယ်လျက်ရှိသည်။

ရော်ဂျာရိုင်နာသည် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ရယူပေးနိုင်ခြင်းမရှိသော်လည်း မြန်မာအမျိုးသမီးအသင်းကို ခြေစွမ်းပိုင်းတိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သောကြောင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဇန်နဝါရီလမှစ၍ ကစားသမားအစုံအလင်ဖြင့် လေ့ကျင့်မည်ဖြစ်သည်။

တရုတ်ဘောလုံးအဖွဲ့ချုပ်သည် တရုတ်လက်ရွေးစင်အမျိုးသမီးအသင်းအတွက် ဖိတ်ခေါ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းကလည်း ကျင်းပခဲ့ပြီး တရုတ်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် မက္ကဆီကိုအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ အိမ်ရှင်တရုတ်အသင်း ဗိုလ်စွဲခဲ့သည်။

# နယ်စပ်ဖြတ်ကျော် ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လည်ပတ်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးနှင့်သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံ၏သာယာလှပသော ရေမြေတောတောင်သဘာဝရှုခင်းအလှအပများနှင့် သမိုင်းကြောင်းခိုင်မာသော ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ဧည့်ဝတ်ပျူငှာမှုများ၊ တိုင်းရင်းသားမျိုးစုံတို့၏ စိတ်ဝင်စားဖွယ်ရာ ဓလေ့စရိုက်များကြောင့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များသာမက အိမ်နီးချင်းနိုင်ငံများမှ ခရီးသွားဧည့်သည်များအနေဖြင့်လည်း မြန်မာနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်ယာဉ်တန်းခရီးစဉ်များဖြင့် စိတ်ဝင်တစားလာရောက်လည်ပတ်လျက်ရှိကြသည်။



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ကြီးကြပ်မှု Myanmar Palace Travels & Transportation Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည် ၂၀ တို့သည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ် ၁၉ စီးဖြင့် ဒီဇင်ဘာ ၁၉ ရက်တွင် ထီးခီးနယ်စပ်ဂိတ်မှဝင်ရောက်လာပြီး ထီးခီး-ထားဝယ်-မောင်းမကန်- ထီးခီးဒေသများရှိ သဘာဝရှုခင်းများနှင့် ထင်ရှားသောနေရာများအား ကြည့်ရှုလေ့လာခံစားရင်း ဒီဇင်ဘာ ၁၅ ရက်တွင် ထီးခီးနယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ထို့အတူ Marvellous Memory Travels & Tours Co., Ltd ၏ စီစဉ်မှုဖြင့် မလေးရှားနိုင်ငံမှ ခရီးသွားဧည့်သည် ၄၃ ဦးသည် ၎င်းတို့၏မော်တော်ယာဉ် ၁၅ စီးဖြင့် ဒီဇင်ဘာ ၁၂ ရက်တွင် တာချီလိတ်မှ ဝင်ရောက်လာပြီး တာချီလိတ်-ကျိုင်းတုံ-အင်းလေး-မန္တလေး- ပုဂံ-နေပြည်တော်-ရန်ကုန်-မော်လမြိုင်မြို့များရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ထင်ရှားသောနေရာများအား လေ့လာ၍ ဒီဇင်ဘာ ၂၀ ရက်တွင် မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ကမ္ဘာလှည့်ခရီးသည်များသည် မြန်မာနိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း ခရီးစဉ်များဖြင့် ဝင်ရောက်လာပြီး သဘာဝရှုခင်းများ၊ သမိုင်းဝင်အထင်ကရနေရာများ၊ တိုင်းရင်းသားပေါင်းစုံတို့၏ ရိုးရာဓလေ့များအား ဝင်ရောက်လေ့လာလည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းပါစေ မြန်မာပြည်

သန်းဝင်းမောင် (မင်္ဂလာဒုံ)

**လွတ်လပ်ရေးနေ့ နီးလာချေပြီ။**
**နယ်ချဲ့ဗြိတိသျှတို့လက်အောက် နှစ်ပေါင်းတစ်ရာကျော် နေခဲ့ရသည်များ၊ ဖက်ဆစ်ဂျပန်တို့လက်အောက် တစ်ခဏတာဖြစ်သော်လည်း ငရဲခန်းတမျှ ခါးသီးဖွယ် နေ့ရက်များ၊ ဆင်းရဲဒုက္ခများကို ရေးသားထားသည့် ဆောင်းပါးများကို ဖတ်ရှုရသည်။ စာရေးသူကတော့ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် မိမိကိုယ်တိုင်ပါဝင်ခဲ့ရသော အတွေ့အကြုံလေး အနည်းငယ်ကို ရေးဖွဲ့ပြချင်စိတ်ဖြစ်မိသည်။**

မြန်မာပြည်ကြီး ငြိမ်းချမ်းသာယာစေချင်၊ ဖွံ့ဖြိုးတိုးတက်စေချင်သည်ကတော့ ကျွန်တော်၏ ဆန္ဒအမှန်ပင်ဖြစ်ပါသည်။

နိုဝင်ဘာ ၂၀ ရက်လောက်မှစ၍ ဒီဇင်ဘာလလယ်အထိ TV သတင်းစာ၊ နိုင်ငံပိုင်သတင်းစာ၊ ဂျာနယ်သတင်း၊ Facebook သတင်းများမှတစ်ဆင့် ကျွန်တော်ကြားနေ၊ ဖတ်နေ၊ ကြည့်နေရသည်က တပ်မတော်နှင့် KIA, TNLA, MNDAA, AA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များ၏ တိုက်ပွဲသတင်းများပင်.....။

ဒီဇင်ဘာလဆန်း ၄ ရက်၊ ၅ ရက်ခန့်မှစ၍ "မြန်မာ့တပ်မတော်က မုံးကိုးမြို့ကို ထိန်းချုပ်နိုင်ပြီ၊ ပူးပေါင်းလက်နက်ကိုင်အဖွဲ့များ ဆုတ်ခွာထွက်ပြေး" ဟူသော သတင်းနှင့်အတူ ကျွန်တော့်ရင်ထဲရှိ တပ်မတော်သားများ၊ ၎င်းတို့၏ မိသားစုများ၊ လက်နက်ကိုင်ပူးပေါင်းအဖွဲ့၏ မိသားစုဝင်များ၊ ထိုဒေသမှ စစ်ဘေးဒုက္ခအတိရောက်နေသော ဒေသခံတိုင်းရင်းသား ပြည်သူများအားလုံးကိုယ်စား ကျွန်တော် သက်မတစ်ချက်ချ၍ အပူလုံးကြီးတစ်ခု ရင်ထဲမှ ဆုတ်ခွာသွားခဲ့သည်။

အပူလုံးကြီးက ဆုတ်ခွာသွားခဲ့ပေမယ့်...တိုက်ပွဲတွင်ပါဝင်သူ တပ်မတော်သား ဘဝအစိတ်အပိုင်းများနှင့် တိုင်းရင်းသားနယ်မြေအတွင်း တွေ့ကြုံခဲ့ရသမျှ၊ ကျွန်တော်တပ်မတော်သားဘဝက ဆက်စပ်အတွေးစတို့သည် အကန့်လိုက် ချင်းနင်းဝင်ရောက်လာခဲ့ပြန်သည်။

ကျွန်တော် ဗိုလ်သင်တန်းတက်ရောက်၍ တပ်မတော်သို့ ဝင်ရောက်ခဲ့ချိန် ၁၉၇၆ မှသည် ၁၉၈၀ ပြည့်နှစ်အလွန် ၁၉၈၈ ခုနှစ်အထိ ကာလများသည် ယခု တိုက်ပွဲများ ဖြန့်ကြက်ဖြစ်ပွားရာ (ရှမ်းပြည်နယ် အရှေ့မြောက်) ဒေသတွင်း ကျွန်တော်တို့၏ ရှေ့တန်းတပ်မမှ " စွန့်ဝံ့သူသာ အောင်ကြောင်းဖြာ" ဟူသော ဆောင်ပုဒ်ကိုင်စွဲလျက် စစ်ဆင်လျက်ရှိသော အခါကာလပင်ဖြစ်တော့သည်။

ထိုစဉ် အချိန်ကာလများသည်လည်း တစ်ချိန်က ဗကပ(ခေါ်) ဗမာပြည်ကွန်မြူနစ်ပါတီ၏ စစ်ရေးအရှိန်အဟုန်များဖြင့် မြန်မာ့တပ်မတော်အား တရစပ်ထိုးစစ်များ၊ သမားရိုးကျဆန်ဆန် စစ်ပွဲများဖြင့် နယ်စပ်မြို့တပ်စခန်းများကို သိမ်းပိုက်ခြေကုပ်ယူရန် ခြိမ်းခြောက်ကြိုးပမ်းသော ကာလတစ်ခုပင်။ ထိုစဉ်က ဗကပတို့နှင့် KIA, ယခု TNLA လက်နက်ကိုင်အဖွဲ့များကလည်း ဒေသအလိုက် အုပ်စုဖွဲ့၍ ခွေးရှောယုက်တင် တွေ့ကြုံစစ်ဆင်တိုက်ပွဲဝင်ခဲ့ရသောကာလတစ်ခုပင် ဖြစ်ခဲ့သည်။ မည်သို့ဆိုစေ ဗိုလ်သင်တန်းကျောင်းဆင်းစ ကျွန်တော်ကတော့ "ဗမာပြည်ကာကွယ်မည်၊ တပ်မတော်ချီလာပြီ" ဟုပင် ရင်ထဲက ကြွေးကြော်တက်ကြွနေခဲ့တော့သည်။

တပ်မတော်သားတစ်ဦး၏ ဘဝအစ အစိတ်အပိုင်းအဖြစ် ကျွန်တော်မှတ်မိသမျှ အကျဉ်းမျှတင်ဆက်လိုပါသည်။ ပထမဆုံး ရှေ့တန်းစစ်ဆင်ရေးအဖြစ် မိုးတွင်းကာလ ဇူလိုင်လ၊ ဩဂုတ်လများတွင် နောက်တန်းတပ်ရင်းမှ တပ်ရင်းတစ်ရင်းလုံး၊ ယာဉ်တန်း တီအီး-၁၁ ယာဉ် ၂၂ စီးဖြင့် တစ်ညအိပ် တစ်ထောက်နားခရီးစဉ်အတိုင်း မန္တလေး(သုခမ္မာဇရပ်)၊ လားရှိုးမှတစ်ဆင့် ရှေ့တန်းတပ်မ ကွတ်ခိုင်သို့ ရောက်ခဲ့သည်။ ကွတ်ခိုင်၌ တပ်မမှူး၏ ဩဝါဒနာခံပြီး ရိက္ခာသုံးရက်စာဖြင့် ကွတ်ခိုင်အရှေ့ခြမ်းနယ်မြေသို့ နယ်မြေစိုးမိုးရေး လှုပ်ရှားဝင်ရောက်ရမည်ဖြစ်သည်။ မနူးမနပ် ကျွန်တော်က... တပ်စုတစ်စုကို ခြေကျင်ချီတက်သွားလာရင်း ကျစ်လျစ်ပေ့ါပါးစွာ သယ်ပိုးကွပ်ကဲနိုင်ရန် ရည်ရွယ်စိတ်ရင်းဖြင့် အတွေ့အကြုံရင့်ကျက်သော Senior တပ်ခွဲမှူးထံသို့ ရိက္ခာသုံးရက်စာဖြစ်၍ ကိုယ်ပိုင်အိပ်ရာပစ္စည်း၊ အဝတ်အစားမည်မျှယူသင့်သည်ကို အကြံဉာဏ်တောင်း တင်ပြခဲ့ရာ " ခြင်ထောင်၊ စောင်ကျား၊ စောင်ပါး၊ မိုးကာအပို၊ စစ်ဝတ်တစ်စုံ၊ အရပ်ဝတ်တစ်စုံ ဒါဆိုရပြီ" ဟု ခပ်ပြုံးပြုံးဖြင့် အကြံပြုသည်။

ကျွန်တော်က ပိုကဲ၍ တပ်ခွဲမှူး အကြံပြုသည့် အိပ်ရာပစ္စည်း၊ မိုးကာအင်္ကျီနှင့်အတူ ဝတ်လက်စယူနီဖောင်းတစ်စုံနှင့် စွပ်ကျယ်လက်စက(လက်တို)တစ်ထည် ပုဆိုးတစ်ထည်တို့ဖြင့်သာ ပိုမိုပေ့ါပါးစွာ ထုပ်ပိုးစီမံခဲ့တော့သည်။ တပ်ခွဲမှူးကလည်းပြုံး... ကျွန်တော်ကလည်း... " ရိက္ခာသုံးရက်စာပဲလေ"ဟု ကိုယ့်အတွေးဖြင့် ကိုယ်တပြုံးပြုံး၊ ကျွန်တော်၏ တပ်စုတပ်ကြပ်ကြီးကလည်းပြုံး... တပည့်များကလည်းပြုံး... "အားလုံးပြုံးပြုံးပျော်ပျော်ပင်" ဟုသာ ကျွန်တော်မှတ်ယူခဲ့မိသည်။

ကွတ်ခိုင်မှတစ်ဆင့် မုန်းယုလေး၊ ယာဉ်ဆင်းရပ်မှ ခြေကျင်ဖြင့် တာပန်းကုန်း၊ ရှောက်ပန်းကုန်း၊ ဟိုရိအစရှိသော အိမ်ခြေယာခြေ တစ်လုံးမျှမရှိသော မြေပုံ၌သာ ရွာအမည်ရှိသည့် ရွာပျက်များအတိုင်း နံနက် ၄ နာရီမှ စထွက်လျှင် တပ်ရင်းတစ်ရင်းလုံး၏ ဝန်တင် လား၊ မြင်းများ၊ စစ်သည်များစုံလင်စွာ စောင့်၍ ချီတက်ရသောနောက်ဆုံးတပ်စုသည် ည ၁၁ နာရီမှ ညအိပ်အခြေပြုမည့်နေရာသို့ ရောက်သည်။ တပ်စုမှူးတို့၏ သဘာဝရှေ့ဆုံးမှ ပွိုင့်ဖြင့်ချီတက်ရသလို စစ်ကြောင်း၏ နောက်ဆုံးတပ်စုအဖြစ် အလှည့်ကျချီတက်ရင်း၊ တပ်ခွဲရုံးမှ အမိန့်လာသည်၊ " ရိက္ခာသုံးရက်စာကို ဆန့် စားထားပါ"ဟူသတည်း။ တပ်စုတပ်ကြပ်ကြီးက ပြုံးပြုံးဖြင့် ရှင်းပြသည်။ ရိက္ခာသုံးရက်စာကို တစ်ရက်စာခန့် ပိုစားနိုင်အောင် ဆန့် ထားနိုင်ခြင်းဖြစ်ကြောင်းနှင့် " ကျွန်တော်တို့ကတော့ ဆန့်စား ကွေးစား ရိုးနေပါပြီ ဗိုလ်ကြီးရယ်" ဟု ရယ်ရယ်မောမောဖြင့်သာ ကျွန်တော် ဤဆောင်းပါးရေးရင်း တွေး၍ ပြုံးမိပါသည်... " ယနေ့ခေတ် တစ်နပ်လျှော့စား တစ်ခွက်လျှော့သောက် ... စသည့်... အခြင်းအရာတို့သည် ဤသည်မှ မြစ်ဖျားခံ၍ ဆင်းသက်လာခဲ့သည်လား...."

မြေပုံပါရွာပျက်များအတိုင်း ခရီးဆက်၍ သုံးရက်ပြည့်သောနေ့တွင် အိမ်ခြေယာခြေရှိသော မုန်းဝီးအမည်ရသည့် ရွာကြီးသို့ရောက်ရန် တစ်ရက်ခွဲခန့် ခရီးနှင်ရပါဦးမည်။ ထိုအခါတွင်" ဆန့်စား" ဆိုသော ညွှန်ကြားချက်ကိုပင် ကျွန်တော် ကျေးဇူးတင်မိတော့သည်။ ၅ ရက်မြောက်နေ့ မုန်းဝီးရွာကြီးကိုရောက်တော့ အပျော်များနှင့်အတူ... ရိက္ခာသုံးရက်စာတော့ ပြီးသွားပြီမို့ ဘာလဲ... ဘယ်လဲ ဟူသည့်...ရှေ့တန်း စစ်ဆင်ရေးကြုံဖူးစ အရာရှိပေါက်စ ကျွန်တော်၏အတွေးက တာမရှည်နိုင်ခဲ့ပါ... နီးစပ်ရာ စုပုံရိက္ခာရှိသည့်နေရာများမှ လာရောက်ထုတ်ပေးခြင်း၊ သွားရောက် ထုတ်ယူခြင်းများဖြင့် မဆုံးနိုင်သော ရိက္ခာ သုံးရက်စာများ၊ တစ်ပတ်စာ ရိက္ခာများကို ဆန့်သည်တစ်ခါ သာသည်တစ်လှည့် လော့နော်၊ ထားချက်၊ မန်နား၊ ခိုမုန်း၊ ကြယ်ခေါင်စသည့် ပေ ၅၀၀၀ ကျော်၊ ၆၀၀၀ ကျော်မြင့်သော မဆုံးနိုင်သော ပလောင် တောင်ထိပ်မှ ရွာစဉ်များအတိုင်း တစ်တောဝင် တစ်တောင်ဆင့်ဖြင့် အဆိုတော်ကြီး တစ်ဦး သီဆိုသည့် " ချီလေတဲ့ချီလေ" ဟု ဆိုရမလိုပါပင်။

ချီတက်သွားလာရင်း ဗကပ၊ KIA ၊ TNLA လက်နက်ကိုင်များဖြင့် အုံလိုက်ကျင်းလိုက်တစ်ဖုံ၊ အစုအဖွဲ့ငယ်လိုက်တစ်မျိုးဖြင့် မရိုးနိုင်အောင် မိုးကလည်း တဖြောက်ဖြောက် တဝုန်းဝုန်း တိုက်ပွဲကလည်း ပလောက် ပလောက် ဝုန်း၊ ဂျိမ်းတို့ဖြင့် စည်းချက်ညီလှသည့် ကျွန်တော်တို့၏ နေ့စဉ်နီးပါးဘဝများ၊ ယူနီဖောင်းကို အခြေပြုနေရာရောက်က ညသန်းခေါင်ချိန် မီးကင်၍ တစ်မျိုး၊ တိုက်ပွဲရှိ၍ မီးအရောင်အသုံးပြု၍ မရနိုင်က ကျောပိုးအိတ်ပင်မဖြေတော့ဘဲ ကျောပိုးအိတ်ကို ခေါင်းအုံးလုပ်၊ ယူနီဖောင်းအစိုနှင့် မိုးကာဝတ်လျက် တောစီးဖိနပ်စီးလျက်၊ မျက်နှာပေါ် တောစောင်ကာရင်းဖြင့် မိုးတဖွဲဖွဲကို အန်တုရင်း မြေပြင်ကို အခြေပြုလဲလျောင်း အနားယူအားဖြည့်ခဲ့ရသည့် ကြက်အိပ်ကြက်နိုးဘဝများ... ထိုထိုသို့သော နေ့စဉ်ဘဝများဖြင့် သုံးလခန့် လှုပ်ရှားရင်း ကျွန်တော်တို့ မိမိကိုယ်မိမိ စွမ်းရည်သတ္တိခံနိုင်ရည်တွေကို ယုံကြည်မှုရခဲ့သည်။ ထို့အတူ တပ်မတော်ထဲတွင် အပျိုသင်ခါစ ကျွန်တော့်အဖို့၊ တပ်မတော်သားတစ်ဦးအတွက် ရိက္ခာသုံးရက်စာဖြင့် စစ်ဆင်မှုသည်၊ (၃) လ (၆)လ စစ်ဆင်ရေးကာလတစ်ခုလုံးဖြစ်နိုင်သည်ဟူသော အတွေ့အကြုံနှင့် ရင့်ကျက်မှုလည်း ရရှိခဲ့သည်။ ထိုမှတစ်ဝ၊ တပ်မတော်သား စစ်သားဟူသည် Water Proof၊ Damp Proof ဖြစ်ရုံမျှမက "တပ်မတော်သားမဖျား"ဟုပင် လွန်ကဲသော ယုံကြည်မှုများ စိုးမိုးခဲ့ပြန်သည်။

ထိုသို့ လှုပ်ရှားရုန်းကန်၍ စက်တင်ဘာလကုန်လောက်တွင်မူ၊ အထက်ဌာန၏ အရေးပေါ်ညွှန်ကြားချက်နှင့် ထိုဒေသမှ နမ္မတူမြို့သို့ ခြေကျင်ဖြင့် ငါးရက်ခန့်အပြင်းစား ချီတက်ရသည်။ နမ္မတူမြို့၌ တပ်မတော် တီအီး-၁၁ ယာဉ်များက အသင့်စောင့်ကြို၍ ဟိုပန်မြို့ ခြူးရှွေသို့ မနားတမ်းချီတက်ရသည်။ သိလိုက်ရပါသည် ခြူးရှွေတပ်စခန်းကို ပြန်လည်သိမ်းပိုက်ရန်၊ စခန်းသိမ်းတိုက်ပွဲ ဆင်နွှဲဖို့ပင်ဖြစ်သည်.. ကျွန်တော်တို့ ရှေ့က တိုက်ပွဲဝင်ရင်း ရက်ပိုင်းမျှအတွင်း ကျဆုံး၊ ဒဏ်ရာရစစ်သည်များဖြင့် ဖွဲ့စည်းပုံ အင်အားနည်းသွားသော၊ ရန်သူနှင့်အနီးကပ်ကျားထိုးရင်ဆိုင်နေရသော၊ အခြားတပ်ရင်းတိုက်ပွဲနေရာသို့၊ ကျွန်တော်တို့ တပ်ရင်းဝင်ရောက်နေရာယူ တိုက်ခိုက်ခဲ့ရသည်။ ထိုနေရာတွင်တော့ ကွတ်ခိုင်စစ်ဆင်ရေးခွင်၌၊ ကျွန်တော်ကြားဖူး၊ ကြုံဖူးခဲ့သော.. ပလောက်...ပလောက်...ဝုန်း...ဂျိမ်း... မဟုတ်တော့၊ တောက်...တောက်...တောက်ဟု အသံစွာလှစွာသော ပုံသေပစ်ကြောင်းပစ်၊ ပွိုင့် ၅ စက်သေနတ်ကြီး အသံများနှင့်အတူ၊ ပလူပျံဝုန်းဒိုင်းကျဲနေသော လက်နက်ငယ်မျိုးစုံ အသံများ၊ မိမိတို့၏ ဝဲ၊ ယာ၊ အပေါ်မှ ကျည်များ တဝီဝီ၊ တရှီရှီအသံဖြင့် ဖြတ်သန်းနေမှုများ၊ ဖောက်၊ ရှီး...ရှီး...ရှီး...ဝုန်း...ဂျိမ်း...ဝုန်းဂျိမ်းဟု မြိုင်ဆိုင်လှသော၊ လက်ပစ်လောင်ချာ၊ အမြောက်လက်နက်ကြီး ကျည်ဆန်များ အဆက်မပြတ်၊ မြေကြီးတုန်ဟည်း၍ နားကွဲမတတ် ပေါက်ကွဲသံစဉ်များနှင့်အတူ ကျဆုံးလျက်ရှိသော၊ အရာရှိ စစ်သည်များ၊ ရင်ဘတ်၊ နဖူး၊ ခေါင်းရှိ ကျည်ဖောက်ဝင်ဒဏ်ရာများမှ သွေးမြှုပ်များထွက်၍ သွေးအလူးလူးတို့ဖြင့် ပင်ပန်းခက်ခဲစွာ အသက်ရှူ၍ gasping ရနေသော အရာရှိ စစ်သည်များဖြင့် ပြည့်လျှမ်းနေသော၊ လူပင်လယ် သွေးပင်လယ်တမျှ ရဲပန်းခပ်နေသော၊ စစ်တလင်း နေရာကို ကျွန်တော်တို့ ဘဝများ ရင်းနှီးမြှုပ်နှံ၍ အလှည့်ကျရင်မနွဲ့ကြစတမ်း၊ ကျွန်တော်တို့တပ်ရင်း၊ တက်ညီလက်ညီ တိုက်ပွဲဝင်ခဲ့ကြပါသည်။

ခြူးရှွေတပ်စခန်းကို သိမ်းပိုက်ပြီးသည်အထိ ၂၅ ရက်တိုင်တိုင် မဆုတ်မနစ်တိုက်ခိုက်ခဲ့ကြပါသည်။ လုံ့စွပ်ထိုးတိုက်ပွဲအကြိမ်ကြိမ်နှင့် ခါးသီးလှသော၊ တန်ဖိုးမဖြတ်နိုင်သော စစ်ရေးအတွေ့အကြုံများနှင့် တပ်မတော်သားဘဝကို ဖြတ်သန်းရင်းနှီးခဲ့သည်။ ထို့အတူ မိဘညီအစ်ကိုမောင်နှမများ၏ ပူဆွေးသောက၊ ပရိဒေဝမီးတောက်လောင်နေမှုများကိုလည်း မြင်ခဲ့ရသည်။ ဒေသခံတိုင်းရင်းသားတို့၏ ဆောက်တည်ရာမဲ့သောက ပရိဒေဝတို့ကိုလည်း တွေ့ခဲ့မြင်ခဲ့ရသည်။ ကျဆုံး၊ သေဆုံးသွားကြသော တပ်မတော်သား၊ အရပ်သား၊ ဇနီး၊ သားသမီးများ၏ အားကိုးရာမဲ့သော၊ ဆိုနိုင်ဖွယ်ရာမရှိသော သောကပရိဒေဝမီးများသည် ကျွန်တော်ရေးဖွဲ့၍ မမီနိုင်သည့် စာစုများဖြစ်လိမ့်မည်ဟု ထင်ပါသည်။

ထို့အတူ ကာယကံရှင် တပ်မတော်သားများကိုယ်တိုင်သည်ပင် မိသားစုနှင့် မိမိကိုယ်ကိုယ် စွန့်လွှတ်သည့်အတွေး၊ စွန့်လွှတ်သည့်စိတ်ဓာတ်များနှင့် တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုစဉ်က ကျွန်တော်တို့ တပ်ရင်းကို တပ်ရင်းမှူးကိုယ်စား ခေတ္တတပ်ရင်းမှူးအဖြစ် တာဝန်ယူတိုက်ခိုက်ရသူက...

ကျွန်တော်တို့ကျောင်းဆင်းစ အရာရှိငယ် ၊ ဒုဗိုလ်၊ အလုပ်သင်ဗိုလ်လေးများကိုပြုစုပြီး တိုက်ပွဲဝင်စက သင်ကြားနှုတ်မိန့်ပေးခဲ့တာကို ကြားယောင်မိသေးသည်။ "ငါ့ဘဝ၊ ငါ့သက်တမ်း၊ စစ်သက်နှစ် ၂၀ ကျော် ၃၀အတွင်းမှာ ဒီလောက်ကြီးမားကျယ်ပြန့်စွာ လက်နက်မျိုးစုံ ၊ လူအင်အား အလုံးအရင်းနဲ့ တိုက်ပွဲတွေမရှိခဲ့ဘူး၊ မကြုံခဲ့ဘူး၊ မကြားခဲ့ဖူးဘူး။ ဒီပွဲမှာ မင်းတို့ ငါတို့ ရှပ်ရှပ်ချွဲချွဲလုပ်ရင်းနဲ့ မသေရင်၊ သေစရာအကြောင်းမရှိတော့ဘူး။ အင်မတန်အဖိုးတန်တဲ့ စစ်ရေးအတွေ့အကြုံကို သူရဲကောင်းတို့ပီပီ၊ ရအောင်ယူကြ၊ ရဲသော်မသေ၊ သေသော် ငရဲမလားပေ့ါကွာ" ဟု ရဲရဲတောက်စကားများနှင့်အတူ ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့ကြသည်။ အရာရှိစစ်သည်များကျဆုံးခဲ့ခြင်းနှင့်အတူ ကျွန်တော်၏ တပ်ရင်းမှူးသည်လည်း ကျဆုံးခဲ့ရပါသည်။ အမိန့်ပေးအဖွဲ့ရှိသည့်နေရာကို လက်နက်ကြီးများဖြင့် စုပြုံပစ်ခတ်ချေမှုန်းသည့် ဗကပတို့၏နည်းဗျူဟာမှာ စက္ကန့်ပိုင်းအတွင်း လက်နက်ကြီးကျည်များ၊ မိုးရွာသကဲ့သို့ ကောင်းကင်တစ်ခွင်တစ်ပြင်လုံး မီးခိုးမှောင်ကျပြီးချိန်မှာ၊ လက်နက်ကြီးကျည် ထိမှန်ကျဆုံးခဲ့ရပါသည်။ တိုက်စစ်တို့မည်သည် အကာအကွယ်မဲ့၊ ဖုံးခိုကျင်းမဲ့တို့ဖြင့် စွန့်စား၍ ရသမျှခြေကုပ်များကို ရယူချေမှုန်းရသည်မို့ စွန့်စားရင်းဖြင့် စွန့်လွှတ်ရခြင်းသည် တိုက်စစ်၏ သဘာဝတရားတစ်ခုဟုပင် ကျွန်တော် စိတ်မကောင်းစွာ မှတ်သားခဲ့ရပါသည်။ ရဲဝံ့စွန့်စားသော တပ်မတော်သားဘဝကိုလည်း ဂုဏ်ယူမှတ်တမ်းတင်ခဲ့ရပါသည်။

ကျွန်တော်တို့သည် ထိုကဲ့သို့သော သံစဉ်ကြီးငယ်များကို စည်းချက်ဝါးချက်လိုက်ဖက်စွာ ခံစားချီတက်ရင်း တစ်ကြိမ်လျှင် ခြောက်လခန့် စစ်ဆင်ရေးကာလများ၊ ရှစ်လခန့်သောစစ်ဆင်ရေးကာလများကို တစ်လပြန်လည်အနားယူစနစ်ဖြင့် ၁၉၈၅ ခုနှစ်အလွန် ကာလများအထိ ယခုတိုက်ပွဲဖြစ်ပွားရာ ဒေသများအပါအဝင်၊ ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင်၊ တောတောင်ရေမြေအနှံ့ ထိုးစစ်ကြီးများ၊ လှုပ်ရှားစစ်၊ ခံစစ်စခန်းများအလှည့်ကျတာဝန်ထမ်းဆောင်ခဲ့ရသော ဘဝများကို ကျွန်တော်မမေ့နိုင်ခဲ့။ တိုက်ပွဲများ၏အကျိုးဆက် သောက၊ ဒုက္ခ၊ အနိဋ္ဌာရုံများ၊ မိသားစုများရဲ့ သောကပရိဒေဝများ၊ ဒေသခံတိုင်းရင်းသားတို့၏ သောက၊ အိုးပစ်အိမ်ပစ် ဒုက္ခပရိဒေဝ မီးများနှင့်အတူ၊ အေးချမ်းမှုနှင့်ကြုံတွေ့ရသော၊ အခိုက်အတန့်ကာလများတွင်မူ--- ဒေသခံတိုင်းရင်းသားများ၏ ရိုးရာကိုးကွယ်မှုနှင့် ဓလေ့ထုံးစံများ၊ သာယာလှပသော ရေမြေတောတောင်သဘာဝများ၊ တိုင်းရင်းသားတို့၏ ဒေသအလိုက် " do and don't"များလေ့လာမှတ်သားခဲ့ရင်း ကျော်ဖြတ်နိုင်ခဲ့သည်။ ထိုအတွေးပန်းချီတို့ကား ဆေးရောင်စုံ အနုအရင့်တို့ဖြင့် ရိုက်ခတ်ဝင်ရောက်လာလေတိုင်း တပ်မတော်သားကျွန်တော်တို့၏ရင်ထဲတွင် သတိရလွမ်းဆွတ်တသဖွယ်ရာ အမှတ်တရများဖြစ်ခဲ့ရပါသည်။

**❑ လုံ့စွပ်ထိုးတိုက်ပွဲအကြိမ်ကြိမ်နှင့် ခါးသီးလှသော၊ တန်ဖိုးမဖြတ်နိုင်သော စစ်ရေးအတွေ့အကြုံများနှင့် တပ်မတော်သားဘဝကို ဖြတ်သန်းရင်းနှီးခဲ့သည်။ ထို့အတူ မိဘညီအစ်ကိုမောင်နှမများ၏ ပူဆွေးသောက၊ ပရိဒေဝမီး တောက်လောင်နေမှုများကိုလည်း မြင်ခဲ့ရသည်။ ဒေသခံတိုင်းရင်းသားတို့၏ ဆောက်တည်ရာမဲ့ သောက ပရိဒေဝတို့ကိုလည်း တွေ့ခဲ့မြင်ခဲ့ရသည်။ ကျဆုံး၊ သေဆုံးသွားကြသော တပ်မတော်သား၊ အရပ်သား၊ ဇနီး၊ သားသမီးများ၏ အားကိုးရာမဲ့သော၊ ဆိုနိုင်ဖွယ်ရာမရှိသော သောကပရိဒေဝမီးများသည် ကျွန်တော်ရေးဖွဲ့၍ မမီနိုင်သည့် စာစုများဖြစ်လိမ့်မည်**

*စာမျက်နှာ ၇ သို့*

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အသေးစိတ်ဆောင်ရွက်ထားရှိရန် ကော်မရှင်ဥက္ကဋ္ဌမှာကြား

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် ယနေ့နံနက်ပိုင်းက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့သော်လည်း အားနည်းချက်များ၊ အခက်အခဲများ ကြုံတွေ့ခဲ့ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အနေဖြင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်(၄)နယ်နှင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်(၁)နယ် လစ်လပ်လျက်ရှိသဖြင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးရမည်ဖြစ်ကြောင်း၊ မြို့နယ်အားဖြင့် ၁၁ မြို့နယ်ဖြစ်ပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်သော မြို့နယ်များအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသေးစိတ်ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် မပါဝင်သော မြို့နယ်များအနေဖြင့်လည်း ကြားဖြတ်ရွေးကောက်ပွဲ ပါဝင်သော မြို့နယ်များအား ဝိုင်းဝန်းကူညီပေးလျက် ၂၀၂၀ ပြည့်နှစ်အထွေထွေ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွေ့အကြုံများကို ပြန်လည်သုံးသပ်ပြီး လာမည့်ရွေးကောက်ပွဲများကို အများပြည်သူယုံကြည်လက်ခံသော ရွေးကောက်ပွဲအဖြစ် ကျင်းပပေးနိုင်ရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု အခက်အခဲများနှင့်ပတ်သက်ပြီး ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ဆင့်ကဲဆင့်ကဲတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း တင်ပြချက်ကိုသာ စောင့်ဆိုင်းမနေဘဲ မိမိလက်အောက်ကိုလည်း မျက်ခြည်မပြတ် ကြီးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တီထွင်ကြံဆပြီး စေတနာထားဆောင်ရွက်ရန်လိုကြောင်းနှင့် လေလွင့်ဆုံးရှုံးမှုများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ တာဝန်ရှိသူများက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

# ကျောက်ဆည်၌ ဆင်ချိုးပညာရှင်များဝင်ငွေကောင်း

**ကျောက်ဆည် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့သည် မြန်မာနိုင်ငံအလယ်ပိုင်း၌ တည်ရှိ၍ မန္တလေးတိုင်းဒေသကြီးတွင် ပါဝင်သော ခုနစ်ခရိုင်အနက်မှ ပဉ္စမမြောက်ခရိုင်ဖြစ်ကာ ကျောက်ဆည်ခရိုင်သည် ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား စသည့် လေးမြို့နယ်၌ ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၇၇ အုပ်စုတို့ဖြင့်ဖွဲ့စည်းထားသည်။ ကျောက်ဆည်မြို့နယ်၏ အကျယ်အဝန်းမှာ ၁၆၀၅ ဒသမ ၁၉ စတုရန်းမိုင်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ ၂၇၀ ၌ တည်ရှိသည်။



ကျောက်ဆည်ဟူသော အမည်သည် ဇော်ဂျီမြစ်အား ကျောက်များဖြင့် ဆယ်ဖို့ထားခြင်းကို အကြောင်းပြု၍ မှည့်ခေါ်ခြင်းဖြစ်သည်။ ထိုဒေသသည် ရှေးယခင်ကတည်းက လယ်ယာစိုက်ပျိုးရေးအတွက် အချက်အချာကျသော ဒေသဖြစ်သည်။ ကိုးခရိုင် နယ်သူနယ်သားများသည် အနော်ရထာမင်းကြီး၏ ကျေးဇူးတော်ကိုဆပ်သည့်အနေဖြင့် ရွှေသာလျောင်းစေတီတော်ကို ပူဇော်သည့် အနေဖြင့်လည်းကောင်း၊ မိုးရာသီကုန်ဆုံး၍ ဆင်လှူပွဲတော်နှင့် ဆွမ်းတော်ကြီးကပ်လှူပွဲကို ရှေးရိုးရာမပျက် နှစ်စဉ်ကျင်းပသည့်အနက်မှ ရှေးယခင်ကဆင်ရုပ်ပုံမှန်၊ စက္ကူကပ်ဆင်၊ လူထမ်း၍ရသောဆင်၊ လူဝင်၍ ပူဇော်သော ဆင်နှင့်ယခုအခါ လူဝင်၍ ခေါင်းလှုပ်၊ ကိုယ်လှုပ်ဆင်အကများ ပြုလုပ်၍ ဆင်အကအလှပြိုင်ပွဲများ ပြုလုပ်ရာ ဘော်ကြယ်ဆင်၊ ရိုးရာဆင်၊ ကလေးဆင်ရုပ်များ ပြုလုပ်လျက်ရှိရာ ဆင်ရုပ်ချိုးပညာရှင်များ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

**ခင်မောင်လွင်**

# ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တတိယပုံမှန် အစည်းအဝေးဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တတိယပုံမှန်အစည်းအဝေး (၂၂) ကြိမ်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီး လွှတ်တော်ရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၄ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းကြရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် "၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း" ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ ဥပဒေကြမ်းတွင်ပါရှိသော အသုံးစရိတ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးများက ရှင်းလင်းကြပြီး ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

ထိုအမှတ်တရအတွေးများပျံ့လွင့်နေဆဲ၊ Ecotourism နှင့်ပတ်သက်သော ကြည်နူးသတိရစရာ အမှတ်တရလေးတစ်ခုကို ဗကပတို့၏ အခြေပြုနေရာများကို ထိန်းချုပ်ဖြတ်တောက်ရာ နေရာတစ်ခုဖြစ်သော မုန်းစီး၊ နားလယ်ဒေသ၌ ကြုံခဲ့သည်။ ကျွန်တော်တို့တပ်စုက ရန်သူ့ရှေ့ကာစခန်းများသို့ ထိုးဖောက်လှုပ်ရှား၍ အပြန်၊ နားလယ်ဒေသနားအရောက်၌ တိုင်းရင်းသား၊ တိုင်းရင်းသူတို့၏ အာမေဍိတ်သံများနှင့်အတူ ကန်တော့... ကန်တော့ ဟုဆိုလိုရင်းရှိသော ကတော့ ... ကတော့ ...ဟု ၎င်းတို့၏ ယဉ်ကျေးဖွယ်ရာ စကားသံဝဲဝဲများနှင့်အတူ တောတွင်းသဘာဝ ရေပူစမ်းလေးနှစ်ခု၌ ပျော်ရွှင်စွာရေပူစိမ်နေကြသည့် တိုင်းရင်းသား တိုင်းရင်းသူများ၊ အမျိုးသား အမျိုးသမီး သီးသန့်ကန် ဝိုင်းဝိုင်းလေးများ၊ လူ ၂၀ ခန့်ဆံ့၊ သီးခြားစီဖြင့် တန်ဖိုးမဖြတ်နိုင်သော သဘာဝအလှအပတရားများသည် ဝေးလံခေါင်ဖျား၊ တောကြိုအုံကြားမှာပင် ရှိနေခဲ့သည်ကို ကျွန်တော်ကြုံတွေ့ခဲ့ရသည်။ အကယ်၍သာ ငြိမ်းချမ်းခဲ့လျှင် ထိုကဲ့သို့သော နိုင်ငံတစ်ဝန်းရှိ သဘာဝအလှတရားများသည် အသုံးချ၍ ကုန်နိုင်ဖွယ်မရှိသော Ecotourism များပင်------ဟု ကျွန်တော်တွေးမိခဲ့သည်။

စခန်းချခဲ့ရာ ကျေးရွာများ၌ ဒေသခံတိုင်းရင်းသားတို့၏ စကားသံဝဲဝဲများ၊ ကလေးငယ်များ၏ ချစ်စဖွယ်အပြစ်ကင်းစင်သည့် အပြုံးအရယ်များ၊ နေ့စဉ်နိစ္စဓူဝ ရေခပ်၊ ထင်းစည်းလွယ်၊ ထမင်းဟင်းချက်ပြုတ် စားသောက်ပုံဓလေ့များ၊ တိုင်းရင်းသားတို့၏ ဒေသပေါက် သစ်ဥ၊ သစ်ဖုများဖြင့် ဆေးစိမ်ကာပြုလုပ်သည့် အစွမ်းထက်ဆေးဝါးများ၊ အစွမ်းထက်ကျပ်စည်း၍ကုသည့် အရိုးကြေသွားသည်ကိုပင် ပြန်လည်ဆက်စေသော ကုထုံးများ၊ ထူးခြားသည့် သစ်၊ ဝါးဖြစ် သဘာဝအသုံးအဆောင်များ၊ မီးလင်းဖိုဓလေ့များ၊ အိမ်နောက်ဖေးဈေးဆိုင်တည်သည့် အလေ့အထများ၊ အိမ်ရှေ့ခန်း မီးဖိုနံဘေးမှ နေရာသည် အိမ်ထောင်ဦးစီး၏ အိပ်ရာနေရာဖြစ်သဖြင့် ထုံးစံမသိသော ကျွန်တော်တို့ ရယ်ရယ်မောမောနေရာရွှေ့ပြောင်းပေးခဲ့ရသည်များ၊ ရေမြေတောတောင်သဘာဝအလှအပများ စသည် စသည့် တိုင်းရင်းသားအသီးသီး၏ မဆုံးနိုင်သော သဘာဝဖြစ်တည်မှုများကို "လွင်မိုးခရီးသွားနေသည်"ဟူသော တင်ဆက်မှုများ၊ Ecotourism ဟုခေါ်သော သဘာဝအခြေခံခရီးသွားလုပ်ငန်းများ စသည်များမှာ Who did it first ဟု ဂုဏ်ယူရမည့် Tourism initiator များ ကျွန်တော်တို့လားလို့ပင် စိတ်ကြီးဝင်မိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ယနေ့တိုးချဲ့ဆောင်ရွက်နေသော Community Based Tourism ၊ လူမှုအသိုက်အဝန်း အခြေပြုခရီးသွားလုပ်ငန်းကဲ့သို့သော လူ့အသိုင်းအဝိုင်းနှင့်အတူ သဟဇာတဖြစ်စွာနေထိုင်ရင်း၊ ဓလေ့ထုံးစံယဉ်ကျေးမှုများကို အလေးထား၍ ဒေသခံတို့နှင့်အတူ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ ခံစား၍ ခရီးသွားခြင်းစသည့်အစီအစဉ်များကို ကျွန်တော်တို့သည် ရှေးမဆွကပင် အခြေတည် လှုပ်ရှားခဲ့ကြသည်လား၊ ကျွန်တော့်အတွေးက ပျံ့ပျံ့နှံ့နှံ့ဖြည်းညင်းသာသာ...။

အတွေးဟု ဆိုရခြင်းထက် ဖြစ်စေချင်သည့်စေတနာစိတ်ကူးဟုခေါ်လျှင် ပို၍ပြည့်စုံမည်ထင်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးသည် ညီညီညွတ်ညွတ်၊ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ကြလျှင်.... လက်နက်စွဲကိုင်ဖြေရှင်းခြင်း နည်းလမ်းအစား ဆွေးနွေးညှိနှိုင်းခြင်းဟူသော နိုင်ငံရေးစကားဝိုင်းသို့ တက်ညီ လက်ညီ ဝင်ရောက်ခဲ့ကြလျှင်....။ ထိုသို့ ညီညွတ်သော စိတ်ဓာတ်အခြေခံများဖြင့် တိုင်းပြည်ကြီး ငြိမ်းချမ်းခဲ့ပါလျှင်.... ကျွန်တော့်အတွေးထဲက၊ ကျွန်တော်တို့ဘဝထဲက Ecotourism များ၊ Community Based Tourism များသည် နိုင်ငံတစ်နံတစ်လျား ခရီးသွားလုပ်ငန်းအခြေပြုနေရာရည်မှန်းချက်များ Tourism destination များ တစ်ခုပြီးတစ်ခု ဖြစ်ထွန်းလာကာ ထိုဒေသများ၌လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးလာပြီး ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲပင်....။

ထို့အတူ လက်နက်ကိုင်များ၏ ကာယဉာဏစွမ်းအား၊ ရဲဝံ့စွန့်စားသည့် စိတ်ဓာတ်ခွန်အားများ၊ ဒေသခံတိုင်းရင်းသားတို့၏ ချစ်မြတ်နိုးဖွယ်ရာ ဓလေ့ထုံးစံအလေ့အထများ၊ အမှောင်ဖုံးလွှမ်းနေသောတိုက်ပွဲဖြစ်ပွားရာ ဒေသအသီးသီးကြားက မထင်မရှားဖုံးကွယ်ပျောက်နေတဲ့ သဘာဝအလှတရားများ၊ ရေမြေတောတောင်သယံဇာတများစသည့် ကောင်းမြတ်ခြင်းအလှတရားအားလုံးသည် ကျွန်တော်တို့ ပြည်ထောင်စုကြီး၏ တန်ဖိုးမဖြတ်နိုင်သည့် လူသားအရင်းအမြစ်များ၊ သယံဇာတအရင်းအမြစ်များဖြစ်သည်နှင့်အညီ၊ ယင်းတို့ကို အရင်းတည်၍ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားများ တောင့်တင်းခိုင်မာစည်ပင်ဖွံ့ဖြိုးသော ပြည်ထောင်စုကြီးဖြစ်ပေါ်လာနိုင်သည့် အကြောင်းတရားများပင်မဟုတ်ပါလား...။

ယခုကဲ့သို့ စေ့စေ့တွေး၍ ဆောင်ရွက်ရမည့် နိုင်ငံရေးရေချိန်ကိုက်နေသည့် ယခုအချိန်ကာလတွင် ငြိမ်းချမ်းရေးအတွက် ရေကန်အသင့် ကြာအသင့်ဖြစ်နေသော အချိန်ဟု မှတ်ယူသင့်ကြပါသည်။ မိမိတိုင်းပြည်ဖွံ့ဖြိုးဖို့၊ မိမိလူမျိုးများ ကမ္ဘာအလယ်၌ ဝင့်ထည်ဖို့၊ အိမ်နီးချင်းများက လေးစားထည်ဝါသည့် နိုင်ငံတစ်ခုဖြစ်ဖို့၊ အင်အားတောင့်တင်းခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် ငွားငွားစွင့်စွင့်ဖြစ်ဖို့ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် အတိတ်က အနာဟောင်းများကို ခဝါချ၍ ပစ္စုပ္ပန်တွင်ဖြစ်နိုင်ခြေရှိသော ကိုယ်စီဆန္ဒများကို ငြိမ်းငြိမ်းချမ်းချမ်းမျှမျှတတ၊ ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ အချိန်တန်ပြီဟု ကျွန်တော်ဆိုချင်ပါသည်။

စစ်ကိုမလိုလားဆုံးသူများမှာ တပ်မတော်သားများ၊ ရင်ဆိုင်တိုက်ခိုက်နေသော လက်နက်ကိုင်များ၊ ၎င်းတို့၏ မိသားစုဝင်များ၊ စစ်ပွဲ၏ မြေဇာပင်ဒေသခံပြည်သူများပင်ဖြစ်ကြောင်း၊ တပ်မတော်သား ကျွန်တော်ကိုယ်တိုင် ခံစားနားလည်ယုံကြည်လက်ခံသည့်အတွက် ပြည်ပစစ်ကို ကာကွယ်ရန်မှတစ်ပါး၊ ပြည်တွင်းစစ်ကို ရှောင်ဖယ်ကြရပါမည်။ ထိုသို့ ခံယူသည်နှင့်အတူ လွတ်လပ်ရေးရပြီးချိန်မှစ၍ ပေါက်ဖွားဖြစ်တည်လာခဲ့သော ပြည်တွင်းစစ်ပွဲများကို ရပ်စေချင်ပါသည်။ ဆုံးခန်းတိုင်အောင်တစ်ခန်းရပ်၍ အပြီးသတ်စေချင်ပါသည်။

စုပေါင်းညှိနှိုင်းအဖြေရှာ၍ ငြိမ်းချမ်းရေးကို လက်တွဲညီညီ ဆောင်ရွက်စေချင်ပါသည်။

ထိုဆန္ဒများသည် ကျွန်တော်တို့နေထိုင်ရာ အမိမြန်မာပြည်ကြီးအတွက် ကျွန်တော်ဖြစ်စေချင်သော ဘဝပင်ဖြစ်ပါသည်။ ဘဝလှပသော အမိမြန်မာပြည်ကြီးအတွက် တစ်ခန်းရပ်ကပြပြီးခဲ့သော ကျွန်တော်တပ်မတော်သားအငြိမ်းစားတစ်ဦးက ထိုအကျည်းတန်လှသော ပြည်တွင်းစစ်အမွေဆိုးကို အတိတ်နှင့်အတူ ထားရစ်ခဲ့ချင်ပါသည်။ပစ်ပစ်ခါခါ ထားပစ်ခဲ့ချင်ပါသည်။ ပါဝင်ကပြသူအားလုံးလည်း ပြည်ဖုံးကားချ အပြီးသတ်စေချင်ပါသည်။

တိုင်းရင်းသား ပြည်သူအားလုံးလည်း ဝမ်းဝ၊ ခါးလှ၍ တိုးတက်စေချင်ပါသည်။

ထိုပြင်းပြသော ဆန္ဒ၊ မေတ္တာများဖြင့် "ငြိမ်းချမ်းပါစေ၊ မြန်မာပြည်" ဟုသာ ကျွန်တော်ဆုတောင်းမေတ္တာပို့သလိုက်ချင်ပါတော့သည်...။

# အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေကြမ်း

## အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disabilities Removal Act ) ကို ပြင်ဆင်သည့်ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်**

**အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ**
(The Caste Disabilities Removal Act ) ကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )
၁၃၇၈ ခုနှစ်၊ လ ရက်
( ၂၀၁၆ ခုနှစ်၊ လ ရက် )

၁။ ဤဥပဒေကို အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ (The Caste Disabilities Removal Act) ကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေနိဒါန်းပါ

"Whereas it is enacted by section 9, Regulation VII, 1832, of the Bengal Code, that" ဆိုသည့်စကားရပ်ကို "Whereas there is a principle that" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "Whereas it will be beneficial to extend the principle of that enactment" ဆိုသည့် စကားရပ်ကို "Whereas it will be beneficial to extend the principle" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

---

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထူးစာပို့ တံဆိပ်ခေါင်း ၁၀၀ တန် ရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းက (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်း ၁၀၀ိ/ကျပ်တန် (၁)မျိုးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းပြည့် စာတိုက်များ၌ ရောင်းချမည်ဖြစ်သည်။




အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

---

# စစ်ဘေးရှောင် ရဟန်း၊ သာမဏေများအတွက် သင်္ကန်းများလှူဒါန်း

**သီပေါ ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် နမ္မတူမြို့နယ် ပန်လုံဒေသမှ စစ်ဘေးရှောင်များအနက် သာသနာ့ဝန်ထမ်း ရဟန်းသံဃာများနှင့် ရှင်သာမဏေများအတွက် လိုအပ်နေသောသင်္ကန်း၊ ပရိက္ခရာပစ္စည်းများနှင့် အလှူငွေများကို သီပေါ ကင်းထောက်အဖွဲ့မှ ကင်းထောက်ဆရာ ဦးသန်းလွင်၊ ကင်းထောက်ဆရာမ ဒေါ်နုနုတင်နှင့် ကင်းထောက်မောင်မယ်များက ကမ္ဘာ့ကင်းထောက်နှစ် ရာပြည့် အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၅ ရက်က သာသနာ ၂၅၀၀ ဘုန်းကြီးကျောင်းတိုက် ကယ်ဆယ်ရေးစခန်းသို့ သွားရောက် လှူဒါန်းခဲ့ကြသည်။



ထို့နောက် ဆရာတော်၊ သံဃာတော်များထံမှ သီလခံယူ ဆောက်တည်ကြပြီး လှူဒါန်းမှု အစုစုအတွက်ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

---

# ကံမမြို့နယ်၌ တောင်သူများ ငြိမ်းချမ်းစွာလှည့်လည်ဆန္ဒဖော်ထုတ်

**ကံမ ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ရွှေတောကျေးရွာမှ တောင်သူ ၁၅၀ တို့သည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကံမမြို့ပြည်သူ့အားကစားကွင်းရှေ့မှစတင်၍ ဘုရင့်နောင်လမ်း၊ ကန်လယ်ဘုရားလမ်း၊မြို့ပတ်လမ်းမှတစ်ဆင့် မြို့ဦးစေတီရှေ့အထိ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အဆိုပါစီတန်းလှည့်လည်ရာတွင် လယ်ယာမြေဥပဒေပုံစံ(၇)လုပ်ပိုင်ခွင့်ကို အကာအကွယ်ပေးရေး၊ လယ်ယာမြေ ဥပဒေစိုးမိုးရေးနှင့်တရားဥပဒေ၏အကာအကွယ်ရရှိရေး စသည့်ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြသည်။ ထိုသို့ စီတန်းလှည့်လည်ရခြင်း၏ရည်ရွယ်ချက်မှာ တောင်သူများ၏ မူလအခြေခံရပိုင်ခွင့်များ မဆုံးရှုံးစေရေးအတွက်ဖြစ်ကြောင်း၊ ရွှေတောကျေးရွာမှ တောင်သူအချို့၏ ပုံစံ(၇)လုပ်ပိုင်ခွင့် ရရှိထားသော မင်းတုန်းချောင်းနံဘေး ကိုင်းမြေပေါ်၌ ကရင်စုကျေးရွာမှ တောင်သူများက လူအင်အားအသုံးပြု၍ ဝင်ရောက်ထွန်ယက်ခြင်း၊ သီးနှံစိုက်ပျိုးခြင်း များပြုလုပ်သည့်အတွက် ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း စီတန်းလှည့်လည်သူ တောင်သူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

---

# ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။
နေပြည်တော်၊ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။
(မိုး/ဇလ)

---

# ယာယီခါတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ကြောင်း အများပြည်သူသို့အသိပေး

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းနေထိုင်သော လျှပ်စစ်မီးသုံးသူပြည်သူများဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရေးအတွက် ရှပ်ထွေး Service ဝိုင်ယာကြိုးများရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာခါတ်အားလိုင်းကြိုးများဖြင့် လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်ခါတ်ကြိုးများနှင့် မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို "ပြည်သူပါဝင်သော လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်း စီမံချက်"အနေဖြင့် ယခုအပတ်တွင် ၂၇-၁၂-၂၀၁၆ ရက် (အင်္ဂါနေ့)၌သာ ရန်ကုန်လျှပ်စစ်ခါတ်အားပေးရေးကော်ပိုရေးရှင်းက လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။

၂၇-၁၂-၂၀၁၆ ရက်နေ့တွင် ဒဂုံမြောက်၊ မြောက်ဥက္ကလာ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဗဟန်း၊ မရမ်းကုန်း၊ လှိုင်၊ ပန်းဘဲတန်း၊ ဒဂုံ၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ လှည်းကူး၊ ဒါးပိန်၊ ဖောင်ကြီး၊ တိုက်ကြီး၊ ဥက္ကံ၊ အဖျောက်၊ အင်းတိုင်၊ ထန်းတပင်၊ မှော်ဘီမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ယာယီခါတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

၂၇-၁၂-၂၀၁၆ ရက်နေ့တွင် ၂၃၀ ကေဗွီ သာကေတပင်မခါတ်အားခွဲရုံ၏ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအား လျှပ်စစ်ခါတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနက ခါတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်သဖြင့် သဃ်္ဃန်းကျွန်း၊ တောင်ဥက္ကလာ၊ ရန်ကင်း၊ တာမွေ၊ ဗဟန်းမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၁၀နာရီမှ မွန်းလွဲ ၂ နာရီအတွင်း အချိန်ပိုင်းခါတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ဖော်ပြပါမြို့နယ်များ၏ ရပ်ကွက်အချို့ နေရာအချို့တို့တွင်သာ အချိန်ပိုင်း ခါတ်အားပြတ်တောက်မည်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်လုံး လျှပ်စစ်မီးပြတ်တောက်မှုမျိုးမဟုတ်ကြောင်းနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် ယာယီခါတ်အားပြတ်တောက်မှုကြောင့်လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ခါတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူထံသို့ အသိပေးပန်ကြားထားသည်။

**(သတင်းစဉ်)**

---

# ကျေးရွာအုပ်ချုပ်ရေးမှူးရုံးစာရေးတစ်ဦး အသတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မောင်တောမြို့နယ် ရေတွင်းကျွန်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ ရုံးစာရေး ဇော်ဇီသည် ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းက နေအိမ်မှထွက်သွားပြီး ပြန်လည် ရောက်ရှိခြင်းမရှိဘဲ ဒီဇင်ဘာ ၂၅ ရက် တွင် ဓားဒဏ်ရာများဖြင့် သေဆုံးလျက်ရှိသည်ကိုတွေ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဖ ဦးဒီလာဟူဆိန်း၏သား ဇော်ဇီ (၂၈ နှစ်)သည် ဒီဇင်ဘာ ၂၄ ရက် ညနေက နေအိမ်မှ ထွက်သွားပြီး ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၂နာရီခန့်တွင် ကျေးရွာစာသင်ကျောင်း အနောက်ဘက် ဦးရှည်ကျချောင်းအနီး ပုစွန်ကန်ဘေး၌ ဝမ်းဗိုက် ဓားထိုးဒဏ်ရာ၊ လည်ပင်း ဓားထိုးဒဏ်ရာနှင့် လှီးဖြတ်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ၎င်း၏ အစ်ကို တစ်ဝမ်းကွဲဖြစ်သူက တွေ့ရှိခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အလောင်းကို မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး တရားခံဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# ရေအားနည်းမှုနှင့် ရေပြတ်တောက်မှု ဖြစ်ပေါ်လျက်ရှိသည့်အခြေအနေ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်မြို့တော်သို့ သောက်သုံးရေထပ်ဆင့်တွန်းပို့သည် ရေကူးရေတွန်းစက်ရုံတွင် ဒီဇင်ဘာ ၂၆ ရက် နံနက် ၂၀ မိနစ်က လျှပ်စစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သည်။ သောက်သုံးရေပြန်လည်ပေးဝေနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်မှု လုပ်ငန်းများ နေ့/ညဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ပိုင်းဆိုင်ရာ ပြုပြင်နေစဉ်အတွင်း ရေကူးရေတွန်း စက်ရုံမှတိုက်ရိုက်ရေတွန်းပို့ပေးဝေသည့် မြို့နယ်များနှင့်ဆက်စပ်မြို့နယ်များဖြစ်သည့် မရမ်းကုန်း၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ သဃ်္ဃန်းကျွန်း၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ ဒဂုံ(မြောက်)၊ ဒဂုံ(ဆိပ်ကမ်း)၊ ရန်ကင်း၊ တာမွေ၊ သာကေတ၊ ဒေါပုံ၊ ဗဟန်း၊ ဒဂုံ၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်းမြို့နယ်များတွင် ရေအားနည်းမှုနှင့် ရေပြတ်တောက်မှုဖြစ်ပေါ်လျက်ရှိကြောင်းနှင့် ဒီဇင်ဘာ ၂၆ ရက် ည ၁၀ နာရီတွင် ပြုပြင်ပြီးစီး၍ ရေပြန်လည်ပေးဝေနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျွန်းလှမြို့သစ်တည် နှစ် ၂၀ ပြည့် ပွဲတော်အထိမ်းအမှတ် သီတဂူဗုဒ္ဓတက္ကသိုလ် ပန္နက်တင်အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကျင်းပ

**ကျွန်းလှ ဒီဇင်ဘာ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့သစ် တည်နှစ် ၂၀ ပြည့် ပွဲတော် သီတဂူ ဗုဒ္ဓတက္ကသိုလ် ပန္နက်တင် အုတ်မြစ်စီ မင်္ဂလာနှင့် လွတ်လပ်ရေး ကျောက်တိုင် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၇ နာရီမှ စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။**(ယာပုံ)**

အခမ်းအနားအစီအစဉ်အရ နံနက် ၇ နာရီတွင် ကျွန်းလှမြို့အားကစားကွင်း အနီး၌ စိုက်ထူထားသည့် အမြင့် ၃၆ ပေ၊ အရန်တိုင် ၅ တိုင် ပါဝင်သည့် လွတ်လပ်ရေးကျောက်တိုင်ကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်းနှင့် ဦးလှဖြိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၊ ပြည်ထောင်စု လွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။



ဆက်လက်၍ နံနက် ၈ နာရီတွင် ကျွန်းလှမြို့သစ်တည် နှစ် ၂၀ ပြည့်ပွဲတော် နှင့် သီတဂူဗုဒ္ဓတက္ကသိုလ် ပန္နက်တင် အုတ်မြစ်စီ မင်္ဂလာအခမ်းအနား ကျင်းပရာ မုခ်ဦးကို စတင်ဖွင့်လှစ်ခဲ့ပြီး ပန္နက်တင်အုတ်မြစ်စီ အခမ်းအနားကျင်းပမည့် နေရာ၌ သံဃာတော် အပါး ၅၀၀ မှ ဝန်းရံကာ မင်္ဂလာအချိန်တော်တွင် သီတဂူဆရာတော်ကြီးက စတင်၍ စိန်အုတ်မြစ်စီတော်မူပြီး ကျန်သတ်မှတ် နေရာအသီးသီး၌ ဖိတ်ကြားထားသည့် ဆရာတော်ကြီးများနှင့် လွှတ်တော် ကိုယ်စားလှယ်များက အုတ်မြစ်စီ မင်္ဂလာ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြသည်။ ထို့နောက် ဗုဒ္ဓတက္ကသိုလ်ဝင်း အတွင်းရှိ ဓမ္မသဘင်ခန်းမ၌ စစ်ကိုင်းမြို့ IBEC ဆရာတော်က ပွဲတော်ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းလျှောက်ထားပြီး ကန့်ဘလူမြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် ကျွန်းလှမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးက သြဝါဒကထာ မိန့်ကြားကြပြီး သီတဂူ ဆရာတော်ကြီးက သြဝါဒကထာ ချီးမြှင့်ခဲ့ကြသည်။

ဘုရားရှင်၏ ပဋိကတ်သုံးပုံကို ခေတ်မီ နည်းစနစ်များဖြင့် သင်ကြားပေးရန် ရည်ရွယ်၍ သီတဂူဗုဒ္ဓတက္ကသိုလ် များကို တည်ဆောက်ပေးခြင်းဖြစ်ပြီး ကျွန်းလှမြို့၌ တည်ဆောက်မည့် ဗုဒ္ဓတက္ကသိုလ်အား သီတဂူဆရာတော်ကြီးက ဦးဆောင်ကာ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ငါးနှစ်အတွင်း ငွေကျပ် သိန်းပေါင်း တစ်သိန်းကျော် လျာထား ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါပွဲတော်ကို ဒီဇင်ဘာ ၂၂ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည် ဖြစ်ပြီး ပွဲတော်ရက်အတွင်း တရားပွဲ၊ အားကစားပွဲ၊ စာပေဟောပြောပွဲနှင့် ဖျော်ဖြေရေးပွဲ အစီအစဉ်များထည့်သွင်း ကျင်းပပေးလျက်ရှိကြောင်း သိရသည်။**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ် (၂/ ၂၀၁၆) ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၆**
ကုန်သွယ်မှုလုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ် (၂/ ၂၀၁၆) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးတွင် ခေတ်နှင့်အညီ လိုက်ပါပြောင်းလဲ ဆောင်ရွက်နိုင်ရန် သင်တန်းအမျိုးမျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများ ဥပဒေ လုပ်ထုံးလုပ်နည်းများအားသိရှိပြီး စွမ်းဆောင်ရည် မြင့်မားနေမှသာ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း၊ နိုင်ငံတကာပညာရှင်များ၏ အကူအညီများရယူခြင်း၊ ပြည်ပသို့ ပညာရှင်များ စေလွှတ်ခြင်း စသည့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သင်တန်းက လေ့ကျင့်သင်ကြားပေးလိုက်သော သင်ခန်းစာများ၊ ဘာသာရပ်များကို လေ့လာမှတ်သားပြီး မိမိကိုယ်မိမိ စွမ်းဆောင်ရည်မြှင့်တင်၍ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်သွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဒီဇင်ဘာ ၂၆**
ဘင်္ဂလားပင် လယ်အော်အခြေအနေ မှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင် နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့ ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေ သည်။ (မိုး/ဇလ)

# ဘူးသီးတောင်ဆေးရုံ၌ မီးရှို့စွန့်ပစ်သည့်စနစ် ဆောင်ရွက်ထားသဖြင့် ကူးစက်ရောဂါဖြစ်ပွားမှုကို များစွာထိန်းချုပ်နိုင်

**သတင်း-တင်မောင်လွင်၊ ဇေယျာ(မိုင်ရာ) ဓာတ်ပုံ-မောင်မွှေး**

**ဘူးသီးတောင် ဒီဇင်ဘာ ၂၆**
ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့ရှိ ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံ၌ စွန့်ပစ်ပစ္စည်းများကို အလွယ်တကူမီးရှို့ စွန့်ပစ်နိုင်သည့် စနစ်တစ်ခု စီမံဆောင်ရွက်ထားသည့်အတွက် ဆေးရုံအတွင်း ကူးစက်ရောဂါဖြစ်ပွားမှုကို များစွာထိန်းချုပ် နိုင်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းကျော်က ပြောကြားသည်။

"အဓိကကတော့ ဆေးရုံကထွက်တဲ့ စွန့်ပစ်ပစ္စည်းတွေကို မီးရှို့စွန့်တဲ့စနစ်ဖြစ်ပါတယ်။ ICRC (International Committee of the Red Cross) ရဲ့အကူအညီနဲ့ ကျွန်တော်တို့ ဘူးသီးတောင်ဆေးရုံမှာ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ စွန့်ပစ်အညစ်အကြေးတွေကို စွန့်ပစ်တဲ့အခါမှာ Biological waste လို့ ခေါ်တဲ့ စွန့်ပစ်အသားစတွေ၊ Sharp and Needle လို့ခေါ်တဲ့ ဆူးစေတတ်တဲ့ကိရိယာတွေ၊ လူနာစားသောက်ပြီး ကျန်ခဲ့တာတွေ၊ ဓာတ်မှန်ခန်းက ထွက်လာတဲ့ စွန့်ပစ်ပစ္စည်းတွေ စတာတွေအားလုံးကို တစ်နေရာတည်းမှာ အလွယ်တကူနဲ့ မီးရှို့စွန့်ပစ်နိုင်အောင် စီမံဆောင်ရွက်ထားတဲ့ စနစ်ဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။



ဘူးသီးတောင် ပြည်သူ့ဆေးရုံ၌ ကူးစက်ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် မီးရှို့စွန့်ပစ်သည့်စနစ်ဆောင်ရွက်ထားစဉ်

အဆိုပါအဆောက်အအုံကို ယခုနှစ်ဇွန်လက စတင်ဆောက်လုပ်ခဲ့ပြီး ခြောက်လခန့်ကြာပြီဖြစ်ကြောင်းသိရသည်။ ထိုသို့ စီမံဆောင်ရွက်ထားရှိမှုကြောင့် ဆေးရုံအတွင်း ကူးစက်ရောဂါ ဖြစ်ပေါ်မှုကို များစွာထိန်းချုပ် ကာကွယ်နိုင်သည့်အပြင် ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် လာရောက်ကြသည့် သူများအတွက်လည်း ဆေးထိုးအပ်စူးခြင်း ၊ ဓားသွားများရှခြင်း စသည့်ဘေးအန္တရာယ်များကိုလည်း များစွာကာကွယ် ပေးနိုင်ကြောင်း၊ ထို့အပြင်ဆေးရုံမှထွက်သည့် စွန့်ပစ်ပစ္စည်းများ သည် ဘေးပတ်ဝန်းကျင်ကို ပြည်သူများ၏ကျန်းမာရေးထိခိုက် မည့်အန္တရာယ်ကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သိရသည်။



ဘူးသီးတောင်မြို့ ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံရှိ မြို့နယ်ဆရာဝန်များနှင့် ဝန်ထမ်းများကို တွေ့ရစဉ်

"ဒီထဲမှာရှိတဲ့ စွန့်ပစ်တဲ့ပစ္စည်းတွေက ကြာလာတာနဲ့အမျှ မြေဆွေးတွေဖြစ်သွားပါတယ်။ တည်ဆောက်ခဲ့တဲ့ သူတွေပြော သွားတာက အနည်းဆုံးငါးနှစ်လောက်အထိကို ဆောင်ရွက်နိုင် တယ်လို့ သိရပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ဆေးရုံက ထွက်ရှိတဲ့ စွန့်ပစ်အမှိုက်ပေါ်မှာ မူတည်ပါတယ်လို့ ပြောတယ်။ နောက်ပြီး ကလေးမွေးတဲ့အချင်းတွေ၊ ကလေးအသေတွေ ဒီထဲကိုထည့်လိုက်တာနဲ့ တခြားနေရာတွေကို သွားစရာမလိုဘဲ ဒီနေရာမှာတင် စွန့်ပစ်လို့ရပါတယ်။ အနံ့အသက်ကလည်း လုံခြုံတဲ့အတွက် ဘေးပတ်ဝန်းကျင်ကိုလည်း ထိခိုက်တာ မျိုးလည်း မရှိပါဘူး။ ဇီဝလုံခြုံမှုကို အများကြီးရပါတယ်"ဟု ဒေါက်တာ သန်းထွန်းကျော်က ဆက်လက်ပြောကြားသည်။

အောက်တိုဘာ ၉ ရက်နေ့ ဖြစ်စဉ်နှင့်ပတ်သက်ပြီး လူနာ များကို လူမျိုးဘာသာမခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက် မှုများကို ပုံမှန်အနေအထားအတိုင်း အရှိန်မပျက်ဆောင်ရွက် ပေးလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ ဆေးရုံ၌ အထူးကု၊ မေ့ဆေးအထူးကုဆရာဝန် တစ်ဦးနှင့် သားဖွားမီးယပ်ဆရာဝန်တစ်ဦး အထူးအနေဖြင့် ချပေးထားပြီး လူမျိုးဘာသာမရွေး အားလုံးကို ပြုစုစောင့်ရှောက် ပေးသည့်အတွက် ပြည်သူများအနေဖြင့်လည်း အားကိုး ယုံကြည်စွာ လာရောက်ကုသနေကြသည်။

# တရုတ်စစ်သင်္ဘောများ ထောင်တရုတ်ပင်လယ်အတွင်းသို့ ဝင်ရောက်လာ

**ပေကျင်း ဒီဇင်ဘာ ၂၆**

တရုတ်လေယာဉ်တင်သင်္ဘော ဦးဆောင်သည့် စစ်သင်္ဘောအုပ်စုတစ်စုသည် တနင်္လာနေ့တွင် ထိုင်ဝမ်တောင်ပိုင်းကို ဖြတ်ကျော်လာခဲ့ပြီးနောက် တောင်တရုတ်ပင်လယ်အတွင်းရှိ ရေပိုင်နက် ထက်ဝက်ခန့်သို့ ဝင်ရောက်လာခဲ့ကြောင်း ထိုင်ဝမ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အဆိုပါစစ်သင်္ဘောများ ထွက်ခွာလာမှုကို စစ်ရေးလေ့ကျင့်မှု လမ်းကြောင်းတစ်ခုအဖြစ် ပြောဆို သုံးနှုန်းခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံထားရသူ ဒေါ်နယ်ထရန့်သည် ထိုင်ဝမ်သမ္မတနှင့် ဖုန်းဆက်သွယ်ပြောခဲ့သည့်အတွက် တရုတ်နိုင်ငံအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ပြီးသည့်နောက် အဆိုပါ စစ်ရေးလှုပ်ရှားမှုတစ်ရပ် ဝင်ရောက်လာခြင်းဖြစ်ပြီး ထိုင်ဝမ်၏သီးခြား ရပ်တည်မှုအပေါ် တင်းမာမှုများလည်း ထပ်မံပေါ်ပေါက်လာခဲ့သည်။

ဆိုဗီယက်လုပ် လျောင်နင်းလေယာဉ်တင်သင်္ဘောသည် တောင်တရုတ်ပင်လယ်ပြင်ပေါ်တွင် စစ်ရေးလေ့ကျင့်မှုများကို လုပ်ဆောင်ခဲ့သည်။ သို့သော် ဆယ်စုနှစ်များစွာက အမေရိကန်တို့ ပြုလုပ်ခဲ့သည့် အလားတူ စစ်ရေးလှုပ်ရှားမှုများကို တရုတ်နိုင်ငံအနေဖြင့် ပြုလုပ်ခြင်းမရှိသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ရေယာဉ်ငါးစင်းလိုက်ပါလျက် ခုတ်မောင်းလာသည့် တရုတ်လေယာဉ်တင်သင်္ဘောသည် ထိုင်ဝမ်ကထိန်းချုပ်ထားသည့် ပရာတပ်စ်ကျွန်းကိုဖြတ်ကျော်လျက် အနောက်တောင်ဘက်ဆီသို့ ဦးတည်နေကြောင်း ထိုင်ဝမ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါ စစ်သင်္ဘောအုပ်စုသည် ထိုင်ဝမ်နှင့် ဖိလစ်ပိုင်နယ်နိမိတ်အကြားရှိ ဘာရှီရေလက်ကြားမှတစ်ဆင့် ထိုင်ဝမ်တောင်ဘက်စွန်းရှိ မိုင်ကိုးဆယ်အကွာအဝေးကိုဖြတ်ကျော်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



၂၀၁၂ ခုနှစ် စက်တင်ဘာလက လျောင်နင်းလေယာဉ်တင်သင်္ဘောကို တာ့လျန်ရှိ ဆိပ်ကမ်း၌တွေ့ရစဉ်

တောင်တရုတ်ပင်လယ်တွင်း ဝင်ရောက်လာသည့် တရုတ်နိုင်ငံ၏ ယင်းစစ်ရေးလှုပ်ရှားမှုအပေါ် အနီးကပ်စောင့်ကြည့်သတိထားလျက်ရှိကြောင်း ထိုင်ဝမ်ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ချန်ချောင်ချီက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

## အိန္ဒိယဘုရားကျောင်းအတွင်း လူအုပ်ပိမိသောကြောင့် ဒဏ်ရာရရှိမှုများဖြစ်ပွား

**နယူးဒေလီ ဒီဇင်ဘာ ၂၆**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်တွင် ယမန်နေ့က ဘုရားကျောင်းတစ်ကျောင်းအတွင်း လူအုပ်အများအပြားတိုးဝင်မှုကြောင့် ၂၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အိန္ဒိယတောင်ပိုင်း ဆာဘရီမာလာဘုရားကျောင်းတွင် လူအုပ်ပိမှုဖြစ်ပွားရာ ဒဏ်ရာရရှိသူများသည် အိမ်နီးချင်း အန်ဒရာပရာဒေ့ရှ် ပြည်နယ်မှဖြစ်ပြီး ဒေသခံများနှင့် ရဲတပ်ဖွဲ့များက နီးစပ်ရာဆေးရုံသို့ပို့ဆောင်ခဲ့သည်။

ဒဏ်ရာရသူများအနက် နှစ်ဦးမှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ယခုကဲ့သို့လူအုပ်ပိမိမှုသည် ပထမအကြိမ် မဟုတ်ပေ။ လွန်ခဲ့သော ၂၀၁၁ ခုနှစ်ကလည်း ဘုရားကျောင်းအတွင်း လူအုပ်ပိမိမှုကြောင့် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများရှိခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**



## ဘာစီလိုနာသို့ထွက်ခွာမည့်လေယာဉ် ဗုံးလန့်မှုဖြစ်ပွား

**တူးနစ် ဒီဇင်ဘာ ၂၆**

ဘာစီလိုနာမြို့သို့ သွားရောက်မည့် တူနီးရှားလေယာဉ်ပေါ်တွင် ယမန်နေ့က ဗုံးလန့်မှု ဖြစ်ပွားခဲ့သောကြောင့် လေယာဉ်ခရီးစဉ် နှောင့်နှေးကြန့်ကြာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဗုံးလန့်မှု ဖြစ်ပွားခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တူးနစ်-ကာတေ့ချ်တူနီးရှား လေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းပေါ်မှ ခရီးသည်အားလုံးအား ကယ်ထုတ်ခဲ့ပြီး ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း သံသယရှိဖွယ် ပစ္စည်းတစ်စုံတစ်ရာမတွေ့ရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် လေယာဉ်သည် လေဆိပ်မှထွက်ခွာပြီး ဘာစီလိုနာမြို့တွင် အန္တရာယ်ကင်းစွာ ဆင်းသက်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း သံသယရှိဖွယ် အမျိုးသမီးတစ်ဦးအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ဆီးရီးယား၌ အိုင်အက်စ်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် အရပ်သား ၃၀ သေဆုံးကြောင်း တူရကီတပ်မတော်ကပြောကြား

**အန်ကာရာ ဒီဇင်ဘာ ၂၆**

ဆီးရီးယားနိုင်ငံ အယ်လ်ဘတ်မြို့တွင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့က တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့သည့်အတွက် တနင်္ဂနွေနေ့တွင် အရပ်သား ၃၀ ထက်မနည်း သေဆုံးကာ ဒဏ်ရာရရှိသူများစွာရှိခဲ့ကြောင်း တူရကီတပ်မတော်ကပြောကြားခဲ့သည်။အယ်လ်ဘတ်မြို့အတွင်းရှိ အရပ်သားများထွက်ပြေးလွတ်မြောက်မသွားစေရန် အိုင်အက်စ်အဖွဲ့က တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု တူရကီတပ်မတော်က တနင်္လာနေ့တွင်ဖော်ပြသည်။

တူရကီတပ်ဖွဲ့ဝင်အင်အားစုများက ကူညီထောက်ပံ့ပေးထားသည့် ဆီးရီးယားသူပုန်အဖွဲ့သည် လွန်ခဲ့သောလေးလအကြာက ဆွန်နီအစွန်းရောက်ဘာသာရေးအုပ်စုများနှင့် ဆီးရီးယားနယ်စပ်ရှိ ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့များအား နှိမ်နင်းသည့် တူရကီစစ်ဆင်ရေးအတွင်း ကျရောက်ခဲ့ပြီး အိုင်အက်စ်အဖွဲ့ကထိန်းချုပ်ထားသည့် မြို့များအတွင်း ရက်သတ္တပတ်များစွာကြာအောင် ပိတ်မိနေခဲ့ကြသည်။

**(ရိုက်တာ)**

## စစ်သွေးကြွများနှင့်ပတ်သက်ဆက်နွယ်သူ ၁၆၈၂ ဦးခန့်ကို တူရကီအာဏာပိုင်များက ထိန်းသိမ်းခဲ့

**အန်ကာရာ ဒီဇင်ဘာ ၂၆**

တူရကီအာဏာပိုင်များသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း သံသယဖြစ်ဖွယ် စစ်သွေးကြွများနှင့် ပတ်သက်ဆက်နွယ်နေသူ ၁၆၈၂ ဦးကို ထိန်းသိမ်းထားခဲ့ပြီး ၎င်းတို့ထဲတွင် ၅၁၆ ဦးကို ဖမ်းဆီးလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ဖမ်းဆီးထိန်းသိမ်းထားသူများသည် ဘာသာရေးခေါင်းဆောင် ဖက်တူလာဂူလန်နှင့် ပတ်သက်ဆက်နွယ်နေသူများဖြစ်ပြီး ဇူလိုင်လအတွင်းက အာဏာသိမ်းကြိုးပမ်းမှုကို အကွက်ချစီစဉ်ခဲ့သူများဖြစ်သည်ဟု တူရကီအာဏာပိုင်များက ပြောကြားခဲ့သည်။ ထိုစဉ်က လူ ၁၀၉၆ ဦးကိုစစ်ဆေးမေးမြန်းရန် ထိန်းသိမ်းထားခဲ့ပြီး ၁၂ ဦးကို ဥပဒေအရ ဖမ်းဆီးခဲ့သည်။ ကာ့ဒ်စစ်သွေးကြွများနှင့် ဆက်သွယ်မှုရှိသူ ၅၀၈ ဦးကိုလည်း ထိန်းသိမ်းခဲ့ပြီး ၇၈ ဦးကို ဥပဒေအရဖမ်းဆီးခဲ့သည်။ ထို့ပြင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်နေသူ ၇၈ ဦးကိုလည်း ထိန်းသိမ်းခဲ့ပြီး ၁၂ဦးကို ဖမ်းဆီးအရေးယူခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

## အမေရိကန်တွင် အသက် နှစ်နှစ်အရွယ်ကလေးတစ်ဦး သေနတ်ထိမှန်သေဆုံး

**ဝါရှင်တန် ဒီဇင်ဘာ ၂၆**

အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးသည် ဖခင်၏ သေနတ်အား ယူကစားမိရာမှ သေနတ်ထိမှန်ကာ သေဆုံးသည့် စိတ်မကောင်းဖွယ်ရာ ဖြစ်ရပ်တစ်ခု အမေရိကန်ပြည်ထောင်စု အိုဟိုင်းအိုးတွင် ယမန်နေ့က ဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်း တစ်ရပ်တွင် ဖော်ပြခဲ့သည်။ သေနတ်ထိမှန်ပြီးနောက် ဆေးရုံသို့အလျင်အမြန် ပို့ဆောင်ခဲ့သော်လည်း ဆေးရုံ၌ ခွဲစိတ်မှုပြုလုပ်နေစဉ်အတွင်း သေဆုံးခဲ့ကြောင်း သိရ သည်။



သေနတ်သံကြားရပြီးနောက် ကလေးငယ်၏အစ်ကိုဖြစ်သူမှာ အိမ်အပြင်ဘက်သို့ ပြေးထွက်လာပြီး အရေးပေါ်ဖုန်းနံပါတ်ဖြစ်သည့် ၉၁၁ သို့ ခေါ်ဆိုခဲ့ကြောင်း အိမ်နီးချင်း မျက်မြင်တွေ့ရှိသူတစ်ဦးက မီဒီယာသို့ ပြောကြားခဲ့သည်။

သေနတ်ထိမှန်ပြီး သေဆုံးခဲ့သည့်ကလေးငယ်၏ ဖခင်ဖြစ်သူမှာ ၁၉၉၃ ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်နေသည့် အသက် ၅၄ နှစ်အရွယ် ရဲအရာရှိတစ်ဦးဖြစ်ကြောင်း ကလီဗီးလန်းရဲတပ်ဖွဲ့သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကာ အမှုနှင့်ပတ်သက်ပြီး မည်သူ့ကိုမျှ ဖမ်းဆီးထားခြင်းမရှိသေးကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ၂၀၁၇ ရာသီကြို MNL ကလပ်အသင်းများ၏ ပြင်ဆင်မှု (၂)

**သတင်း-ညီမြတ်သော်တာ ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စတင်ကျင်းပမည့် ၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ယှဉ်ပြိုင်မည့် ကလပ်အသင်းများ၏ ပြင်ဆင်မှုများအား အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပြီး ယနေ့တွင် ဇွဲကပင်အသင်း၊ ဟံသာဝတီအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့၏ ပြင်ဆင်မှုများကို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။**

ယင်းအသင်းများသည် MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ခြင်းမရှိသေးသော်လည်း အသင်းကြီးများအား အခက်တွေ့အောင်ကစားနိုင်သည့်အသင်းများဖြစ်ပြီး ဟံသာဝတီအသင်းသည် ရှုံးထွက်ပြိုင်ပွဲ စတင်ကျင်းပသည့် ၂၀၁၁ ပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ခဲ့သည်။

**ဇွဲကပင်**

ဇွဲကပင်အသင်းသည် ၂၀၁၄ ရာသီမှစ၍ အသင်းကြီးများကို အခက်တွေ့အောင်ကစားနိုင်နေသည့်အသင်းဖြစ်ပြီး ယခုအပြောင်းအရွှေ့ကာလတွင် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

၂၀၁၆ ရာသီတွင် ပါဝင်ခဲ့သည့် နည်းစနစ်ဒါရိုက်တာ ဦးဆန်းဝင်း၊ လက်ရွေးစင်ဟောင်းကစားသမားများဖြစ်သည့် ကျော်ဇင်ထက်၊ တင်ဝင်းအောင်စသည့် ကစားသမားများကို လက်လွှတ်ခဲ့ရသော်လည်း ကစားသမားသစ်များ ပြန်လည်ဖြည့်ဆည်းကာ ပြင်ဆင်လျက်ရှိသည်။ နိုင်ငံခြားသားကစားသမားလေးဦးအထိ ခေါ်ယူမည်ဖြစ်ပြီး ခြေစွမ်းကောင်းမွန်သည့် ကစားသမားများ ခေါ်ယူနိုင်ရန် စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။ နည်းပြအဖွဲ့နှင့် ကစားသမားများကို များစွာပြောင်းလဲထားပြီး နည်းပြချုပ်အဖြစ် မနောမြေ နည်းပြဟောင်း ဦးမင်းကြည်၊ နည်းစနစ်ဒါရိုက်တာအဖြစ် ဧယျာရွှေမြေနှင့် ယူ-၁၉ လက်ရွေးစင်အသင်း လက်ထောက်နည်းပြဟောင်း ဦးစိုးမိုးကို ခန့်အပ်ထားသည်။ ၂၀၁၆ ရာသီ အသုံးပြုခဲ့သည့် ကစားသမားများအနက် ၁၁ ဦးသာ ကျန်ရှိတော့သောကြောင့် ကစားသမားသစ်များအဖြစ် နီမောင်မောင်အောင်၊ နိုင်ဇေယျာထွန်း၊ ရန်ကျော်ထွေး၊ ငြိမ်းတေဇာဝင်း၊ ဇင်မင်းထွန်း၊ ဖြိုးမောင်မောင်ထွေး၊ ဘိုဘိုနိုင်၊ ရဲလင်းနိုင်၊ ကျော်စွာလင်း၊ နေဇော်အောင်၊ ခိုင်ထူး၊ ကျော်လင်းဦး၊ နိုင်စိုးဝေနှင့် အောင်ကိုကိုနိုင်တို့ကို ခေါ်ယူထားသည်။ ဇွဲကပင်အသင်းသည် ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

ဇွဲကပင်အသင်း၏ ရာသီကြိုပြင်ဆင်မှုများနှင့် ပတ်သက်၍ အသင်းပိုင်ရှင် ဦးလှဋ္ဌေးက "ပြီးခဲ့တဲ့ရာသီအပြီးမှာ နည်းပြနဲ့ ကစားသမားအများစု ထွက်ခွာသွားတာကြောင့် အသစ်တွေပြန်ခေါ်ထားပါတယ်။ ကျွန်တော့်အနေနဲ့ နည်းပြတွေရော၊ ကစားသမားတွေပါ ရေရှည်ပြုစုပျိုးထောင်ပေးလေ့ရှိပေမယ့် ပရော်ဖက်ရှင်နယ် ထုံးစံအရထွက်သွားကြတော့ တားဆီးလို့မရပါဘူး။

တချို့ဆိုရင်လည်း သူတို့အခက်တွေ့ချိန်မှာ ကူညီပြီး အသင်းမှာအသုံးပြုခဲ့တာဖြစ်ပါတယ်။ လာမယ့်ရာသီမှာ နည်းပြလိုင်စင်တွေ သတ်မှတ်လိုက်လို့ အေလိုင်စင်ရှိတဲ့ နည်းပြချုပ်ကို ခန့်ထားပါတယ်။ ကစားသမားသစ်တွေ ခေါ်ထားပေမယ့် စိတ်တိုင်းမကျသေးလို့ ပြည်တွင်းကစားသမားတွေ အသစ်ထပ်ခေါ်ဖို့ရှိပြီး နိုင်ငံခြားသားကစားသမား ကိုလည်း လေးဦးစလုံး ခေါ်ယူမှာပါ။ လာမယ့်ရာသီမှာ ဘားအံမြို့က အောင်သံလွင်ကွင်းကို အိမ်ကွင်းအဖြစ် အသုံးပြုဖို့ စီစဉ်ထားပေမယ့် ကွင်းပြင်ဆင်မှုကို ရပ်ဆိုင်းခိုင်းထားလို့ ကျင်းပဖြစ်ဖို့ မသေချာသေးပါဘူး။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့ ဒီကိစ္စအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

တကယ်လို့ အိမ်ကွင်းအသုံးပြုလို့မရတော့ရင် လက်ရှိပြုပြင်နေတဲ့ နဝဒေးကွင်းပြီးစီးသွားရင် အဲ့ဒီမှာ ကျင်းပမှာပါ။ နဝဒေးကွင်းကို ပရိသတ် ၈၀၀၀ ကနေ ၁၀၀၀၀ ဆံ့ကွင်းအဖြစ် တည်ဆောက်နေပြီး ကွင်းပြီးစီးရင် နိုင်ငံတကာပွဲအချို့နဲ့ ပြည်ပအသင်းတွေလာရင် လေ့ကျင့်မှုတွေ ပြုလုပ်နိုင်မှာပါ။ လက်ရှိ နဝဒေးကွင်းမှာ ဘောလုံးကွင်းနဲ့ ကစားသမားအဆောင်တွေ တည်ဆောက်နေပြီး ဘောလုံးအကယ်ဒမီကိုလည်း စနစ်တကျပြုလုပ်မှာပါ။ လက်ရှိမှာတော့ လူငယ်မျိုးဆက်သစ် ကစားသမား ၅၀ လောက်ကို သင်ကြားပေးနေပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့ဘောလုံးတိုးတက်ဖို့အတွက် လူငယ်စီမံကိန်းတွေကို ဦးစားပေးလုပ်ဆောင်နေတာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီအပြီး MNL ပြိုင်ပွဲမှာ ဆက်လက်မယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ခဲ့ပေမယ့် မြန်မာ့ဘောလုံးကို ချစ်မြတ်နိုးတဲ့စိတ်၊ နိုင်ငံအပေါ် ချစ်စိတ်တွေကြောင့် ပြန်ပြီးပြိုင်ပွဲတွေယှဉ်ပြိုင်ဖြစ်တာပါ။ မြန်မာ့ဘောလုံးတိုးတက်ဖို့ အာဆီယံဒေသတွင်းက ထိုင်းနဲ့ ဗီယက်နမ်ကိုမီဖို့ဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်ဆောင်မှရမှာပါ။ ဘောလုံးအဖွဲ့ချုပ်တစ်ခုတည်း လုပ်ဆောင်နေလို့မရဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ပေါင်းပြီး အခြေခံကျတဲ့ ရပ်ကွက်၊ မြို့နယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ပေးရမှာပါ။ ပြီးတော့ ကျောင်းတိုင်းမှာ ဘောလုံးအားကစားနည်းကို သင်ကြားပေးဖို့နဲ့ ပြိုင်ပွဲတွေ လုပ်ပေးဖို့လိုပါတယ်။ ဒါမှ အခြေခံကျေညက်တဲ့ ဘောလုံးသမားကောင်းတွေ ထွက်ပေါ်လာမှာပါ။ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲတွေ



ဇွဲကပင်အသင်း၏ လက်ရွေးစင်ကွင်းလယ်လူ ဇင်ဖြိုးအောင်

မယှဉ်ပြိုင်ဖို့ အရင်က ဆုံးဖြတ်ခဲ့တာကလည်း မြန်မာ့ဘောလုံးတိုးတက်ဖို့ လုပ်ဆောင်နေတာကို အားမရလို့ MNL ပြိုင်ပွဲယှဉ်ပြိုင်နေတာကိုရပ်ပြီး လူငယ်စီမံကိန်းတွေ လုပ်ဆောင်မလို့ပါ။ ဒါပေမယ့် MFF ဥက္ကဋ္ဌ ဦးဇော်ဇော် တစ်ယောက်တည်း လုပ်ဆောင်နေရတာကြောင့် ကူညီဆောင်ရွက်ပေးဖို့ ပြန်လုပ်ပေးဖြစ်တာပါ။ အခုတော့ ဇွဲကပင်အသင်းရော၊ လူငယ်စီမံကိန်းတွေကိုပါ အောင်မြင်အောင်လုပ်ဆောင်သွားမှာပါ။ အသင်းကတော့



ဇွဲကပင်အသင်းပိုင်ရှင် ဦးလှဋ္ဌေး

အသင်းသစ်ပုံစံလိုဖြစ်နေတာကြောင့် လာမယ့်ရာသီမှာ အောင်မြင်မှုရဖို့ ပိုမိုကြိုးစားရမှာပါ"ဟု ပြောကြားခဲ့သည်။

**ဟံသာဝတီ**

ဟံသာဝတီအသင်းသည် ၂၀၁၆ ရာသီက ပုံစံကောင်းရခဲ့သည့် နည်းပြချုပ် ဦးငွေထွန်း၊ နည်းစနစ်ဒါရိုက်တာ ဆီဗာဂျီ(စင်ကာပူ)တို့ကို ဆက်လက်တာဝန်ပေးထားပြီး ကစားသမားသစ်များ ခေါ်ယူအားဖြည့်ထားသည်။ ရာသီသစ်အတွက် ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် ယူနန်-အာဆီယံဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့သည်။ ဟံသာဝတီအသင်းသည် ယင်းပြိုင်ပွဲတွင် ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး အတွေ့အကြုံကောင်းများ ရှာဖွေခဲ့သည်။ ၂၀၁၆ ရာသီက အသုံးပြုခဲ့သည့် နိုင်ငံခြားသားကစားသမားသုံးဦးစလုံးနှင့် လမ်းခွဲခဲ့ပြီး ဘရာဇီးလ် နိုင်ငံသားများဖြစ်သည့် ကွင်းလယ်လူ ဂျူနီယာ၊ နောက်ခံလူ မာခီယို၊ တိုက်စစ်မှူး မာစီယိုတို့ကို ခေါ်ယူစာချုပ်ထားသည်။ ဂျူနီယာနှင့် မာခီယိုသည် ဟံသာဝတီအသင်းတွင် ကစားခဲ့ဖူးသူများဖြစ်ပြီး မာစီယိုသည် ပြီးခဲ့သည့်ရာသီတွင် ဧယျာရွှေမြေအသင်း၌ ခြေစွမ်းပြပြီး ဂိုးများသွင်းယူနိုင်ခဲ့သူ ဖြစ်သည်။ ထို့ပြင် လက်ရွေးစင်ကစားသမားများဖြစ်သည့် ရန်အောင်ဝင်း၊ ရွှေလှိုင်ဝင်း၊ အောင်သိုက် စသည့် ပြည်တွင်းကစားသမားရှစ်ဦးကိုလည်း ခေါ်ယူအားဖြည့်ထားသည်။ ဟံသာဝတီအသင်းသည် လာမည့်ရာသီတွင် ပထမအကျော့၌ တောင်ငူကွင်းကို အိမ်ကွင်းအဖြစ် ဆက်လက်အသုံးပြုမည်ဖြစ်ပြီး ပဲခူးမြို့ရှိ တိုင်းအားကစားကွင်းပြီးဆုံးပါက ဒုတိယအကျော့တွင် အိမ်ကွင်းပြောင်းလဲမည်ဖြစ်သည်။

**ချင်းယူနိုက်တက်**

ချင်းယူနိုက်တက်အသင်းမှာလည်း ရာသီကြိုအပြောင်းအရွှေ့ကာလတွင် အပြောင်းအလဲပြုလုပ်ထားပြီး နည်းပြချုပ် ဦးစိုးသိန်းမှာ ရခိုင်အသင်းသို့ ပြောင်းရွှေ့သွားသောကြောင့် ယခင်လက်ထောက်နည်းပြဖြစ်သူ ဦးမင်းထွန်းလင်းကို နည်းပြချုပ်အဖြစ် ပြောင်းလဲခန့်အပ်ထားသည်။ လက်ရွေးစင်ဟောင်းကစားသမား ချစ်စုမိုးကို အသင်းပြောင်းရွှေ့ခွင့်ပေးခဲ့ရသော်လည်း လက်ရှိလက်ရွေးစင် ကစားသမား ဆောင်လမန်ကို အသင်းမပြောင်းရွှေ့ရန် ထိန်းထားနိုင်ခဲ့သည်။ ထို့ပြင် လာမည့်ရာသီတွင် နိုင်ငံခြားသားကစားသမားများ အသုံးပြုမည်ဖြစ်ပြီး ကစားသမားသစ်များ ခေါ်ယူလျက်ရှိသည်။ လက်ရှိခြေစွမ်းနှင့် ပြင်ဆင်မှုအရ အမှတ်ပေးဇယားအလယ်အလတ်အဆင့်တွင် ရပ်တည်နိုင်သည့်အသင်းမျိုးဖြစ်သည်။

# အမျိုးသားကြက်တောင်ပြိုင်ပွဲကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်က ကျင်းပသည့် ၂၀၁၆ ခုနှစ် အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင် အားကစားခန်းမ၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် အလုပ်အမှုဆောင်သစ်နဲ့ ပထမဆုံးကျင်းပတဲ့ ပြိုင်ပွဲခြေလှမ်းပါ။ ဒီပြိုင်ပွဲဟာ မြန်မာ့လက်ရွေးစင်တွေ၊ လူငယ်လက်ရွေးစင်တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှ ကြက်တောင်အားကစားမောင်မယ်တွေ၊ ကလပ်အသင်းတွေက မျိုးဆက်သစ်လူငယ်တွေ၊ ဝါသနာရှင်တွေ ပါဝင်ယှဉ်ပြိုင်ကြပါတယ်"ဟု မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်က ပြောသည်။

ပထမနေ့ပွဲစဉ်တွင် အမျိုးသား အမျိုးသမီး အသက် ၁၉ နှစ်အောက် တစ်ဦးချင်း၊ သာမန်တန်း တစ်ဦးချင်းပြိုင်ပွဲများ စုစုပေါင်းပွဲစဉ် ၆၇ ပွဲ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။

ယင်းပြိုင်ပွဲတွင် အတန်း ၂၆ တန်း အားကစားသမား ၃၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-**
**တင်စိုး(မြန်မာ့အလင်း)**

## World Junior Championships 2016 ပြိုင်ပွဲကို မြန်မာလူငယ်ဂေါက်သီးကစားသမားများ ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ အမေရိကန်နိုင်ငံ စိန့်ဩဂတ်စတင်း ဖလော်ရီဒါပြည်နယ် World Golf Village Slammer & Squire Course တွင် ကျင်းပမည့် World Junior Championship 2016 ပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးကစားသမားသုံးဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာလူငယ်ဂေါက်သီးအဖွဲ့တွင် ဟိန်းစည်သူ၊ ပြည့်မင်းရှိန်၊ ဖူးပွင့်ရတီခိုင်တို့ ပါဝင်ပြီး အသက် (၁၀-၁၉) နှစ်အတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် ယခုကဲ့သို့ ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် အနာဂတ်မျိုးဆက်သစ် ဂေါက်သီးအားကစားသမားအကျော်အမော်များ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# ဗန်းမောက်မြို့နယ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ကဒူးအမျိုးသားညီလာခံကျင်းပ

ဗန်းမောက် ဒီဇင်ဘာ ၂၆

**စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကဒူးအမျိုးသားညီလာခံကို ဒီဇင်ဘာ ၂၆ ရက် နံနက်က စက်တောကျေးရွာအုပ်စု စက်တောကျေးရွာဘုန်းတော်ကြီးဇရပ်ရှေ့အဆောက်အအုံ၌ ကျင်းပခဲ့သည်။** (အောက်ပုံ)



ညီလာခံတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပညာလင်္ကာရ ဘုန်းတော်ကြီးသင်ကျောင်းမှ ဆရာတော် ဘဒ္ဒန္တ ဇဝနက ကဒူးတိုင်းရင်းသားနောက်ခံသမိုင်းသုတေသန ပြီးစီးမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။ အဆိုပါညီလာခံသို့ မြန်မာနိုင်ငံအနှံ့အပြားရှိ ကဒူးတိုင်းရင်းသားများနှင့် တိုင်းဒေသကြီးအတွင်းရှိ ကဒူးတိုင်းရင်းသား ၁၂၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

# မသန်စွမ်းသူအခွင့်အလမ်း အပြည့်အဝရရှိရေး ကြိုးပမ်းသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံ၌ မသန်စွမ်းသူများဥပဒေ ပြဋ္ဌာန်းပေါ်ပေါက်လာခဲ့ပြီ ဖြစ်သော်လည်း လက်တွေ့မြေပြင်တွင် အကောင်အထည် ဖော်နိုင်ခြင်းမရှိသည့်အတွက် မသန်စွမ်းသူများ အခွင့်အရေးရရှိမှုမှာ အလွန်အားနည်းနေသေးကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မသန်စွမ်းသူတွေနဲ့ ပတ်သက်ပြီး ဥပဒေနဲ့မူဝါဒပိုင်းဆိုင်ရာ တန်းတူ အခွင့်အရေးရရှိဖို့အကန့်အသတ်တွေရှိနေဆဲပါ။ နယ်ပယ်ကဏ္ဍစုံမှာ သာမန်ပြည်သူတွေ ရရှိနေတဲ့ အခွင့်အရေးတွေမရရှိသေးတာတွေ့ရပါတယ်။ ပညာရေးမှာဆိုရင် ဥပဒေရှိနေပေမယ့် ကျောင်းအချို့က အောက်ခြေအဆင့်မှာ ငြင်းပယ်နေတာတွေရှိပါတယ်။

အနာဂတ်မှာတော့ ဥပဒေနဲ့မူဝါဒရေးဆွဲချမှတ်တဲ့အခါမှာ ကျွန်တော်တို့ မသန်စွမ်းပြည်သူတွေရဲ့ အခွင့်အလမ်းတွေ အပြည့်အဝရရှိဖို့ ဆက်လက်တိုက်တွန်းကြိုးပမ်းသွားမှာဖြစ်ပါတယ်" ဟု မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ စီအီးအို ဦးနေလင်းစိုးက ယနေ့ နံနက်ပိုင်းတွင် ပတ်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသော မီဒီယာစာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားတွင် သတင်းထောက်များအား ပြောသည်။

ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons With Disabilities UNCRPD) ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် UNCRPD ကို တရားဝင်အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင် ထွက်ပေါ်လာခဲ့ပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဦးဆက်အောင်က အဆိုပါအခမ်းအနားတွင် ပြောသည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ကို ၂၀၁၁ ခုနှစ် မေလ ၈ ရက်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး ယခုအခါ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၀ ခုတို့တွင် နယ်ရုံးခွဲ ၂၉ ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မသန်စွမ်းသူများ ဘဝရပ်တည်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မသန်စွမ်းသူများအခွင့်အရေးနှင့် ပတ်သက်ပြီး မြို့ကြီးများတွင် အထိုက်အလျောက်ရရှိလာသော်လည်း ကျေးလက်နေပြည်သူများနှင့် ဝေးလံသော ဒေသများမှပြည်သူများအနေဖြင့် အခွင့်အလမ်းများ ရရှိသေးခြင်းမရှိကြောင်း၊ မသန်စွမ်းသူ ခေါင်းဆောင်သင်တန်းများ ဖွင့်လှစ်၍ ဒေသအလိုက် အခွင့်အလမ်းများ အပြည့်အဝရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# စီးပွားရေးပညာရပ်များသာမက ခေတ်နှင့်လျော်ညီသော ဘာသာရပ်များကို ထည့်သွင်းသင်ကြားရန်လို

**ရန်ကုန် ဒီဇင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သမဝါယမကောလိပ်(ဖောင်ကြီး)သို့ ရောက်ရှိပြီး ကျောင်းရုံးအဆောက်အအုံ၊ စာသင်ဆောင်များ၊ ကွန်ပျူတာခန်း၊ Language Lab အခန်း၊ စာကြည့်တိုက်နှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ သမဝါယမကောလိပ်(ဖောင်ကြီး) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသသည်။

ထို့နောက် သမဝါယမကောလိပ်(ဖောင်ကြီး) အစည်းအဝေးခန်းမ၌ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ဒေါက်တာတင်လှဲ့လှဲ့ဝင်းက သမဝါယမကောလိပ်(ဖောင်ကြီး)ကျောင်းရာဇဝင်နှင့် အဆောက်အအုံများအခြေအနေ၊ အုပ်ချုပ်မှုဆိုင်ရာ၊ သင်ကြားရေးဆိုင်ရာအခြေအနေများအား တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်သည် IT ခေတ်ဖြစ်သည့်အတွက် IT နည်းပညာကို ဦးစားပေးသင်ပြရန် လိုအပ်ပါကြောင်း၊ မိမိတို့နှင့်သက်ဆိုင်သော စီးပွားရေးပညာရပ်များသာမက ခေတ်နှင့်လျော်ညီသော ဘာသာရပ်များကို ထည့်သွင်းသင်ကြားရန်လိုအပ်ပါကြောင်း၊ စာသင်ခန်းနှင့် ကျောင်းသားအချိုး၊ ဆရာ ဆရာမနှင့် ကျောင်းသားအချိုးတို့ကို ညီညွတ်မျှတမှုရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဝန်ထမ်းများ၊ အမှုဆောင်များ၊ အသင်းသားများအား Capacity Building မြှင့်တင်ရာတွင် သမဝါယမတက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများက အဓိကတာဝန်ယူဆောင် ရွက်ရမှာဖြစ်ကြောင်း၊ သို့မှသာ သမဝါယမလုပ်ငန်းများရေရှည် ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမှာဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# သီပေါ၌ ကင်းထောက်ရာပြည့်အထိမ်းအမှတ် ကင်းထောက်အလံလွှဲပြောင်းပေးအပ်

**သီပေါ ဒီဇင်ဘာ ၂၆**

မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ် သီပေါကင်းထောက်အဖွဲ့နှင့် ကင်းထောက်ကြီးများတွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ အမက(၂) မူလွန်ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီး ကင်းထောက်ဆရာ ဦးသန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကင်းထောက်ကြီး ဦးစိုင်းသာလှိုင်က လွန်ခဲ့သော ၄၈ နှစ် ကင်းထောက်ကာလ ဆောင်ရွက်ခဲ့မှုအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကင်းထောက်ကြီး ဦးလှမြင့်နှင့် ဦးစိုင်းထွန်းရွှေတို့က မိမိတို့သိမ်းဆည်းထားခဲ့သည့် ကင်းထောက်တံဆိပ်များ၊ လည်စည်းနှင့် အမျိုးသား၊ အမျိုးသမီးကင်းထောက်အလံကြီး နှစ်ခုကို ကင်းထောက်ဆရာ ဦးသန်းလွင်နှင့် ကင်းထောက်ဆရာမ ဒေါ်နုနုတင်တို့ထံ လွှဲပြောင်းပေးအပ်ပြီး ကင်းထောက်ဆရာမက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့သည်။ (မိုး/ဇလ)

# စဉ့်ကိုင်မြို့နယ်၌ ဓာတ်အားလိုင်းနှင့်ဝေးကွာသောကျေးရွာများ လျှပ်စစ်မီးရရှိရေး ခွဲရုံအသစ်တည်ဆောက်

**စဉ့်ကိုင် ဒီဇင်ဘာ ၂၆**

စဉ့်ကိုင်မြို့နယ် အရှေ့ဘက်ခြမ်းရှိ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာ၍ လျှပ်စစ်မီးရရှိရေး အခက်အခဲဖြစ်ပေါ်နေသော ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ၃၃/၁၁ ကေဗွီ၊ ၃ အမ်ဗွီအေ မီးသွေးဘုတ်ဓာတ်အားခွဲရုံအသစ်တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် လျှပ်စစ်မီးစတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်၌ ကျေးရွာပေါင်း ၁၆၃ ရွာရှိပြီး လျှပ်စစ်မီးလင်းပြီး ကျေးရွာပေါင်းမှာ ၁၂၃ ရွာရှိပြီဖြစ်ကြောင်း၊ ယခုအသစ်တည်ဆောက်သည့် မီးသွေးဘုတ်ဓာတ်အားခွဲရုံမှ မီးသွေးဘုတ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၂ ရွာနှင့် ဒေါင့်ကြီးကွေ့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာ စုစုပေါင်းကျေးရွာ ၁၆ ရွာကို လျှပ်စစ်မီး ဖြန့်ဝေပေးနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၃၃/၁၁ ကေဗွီ၊ ၃ အမ်ဗွီအေ မီးသွေးဘုတ်ဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားကို ဒီဇင်ဘာ ၂၀ ရက်က စတင်လွှတ်ခဲ့ပြီး မီးသွေးဘုတ်ကျေးရွာနှင့် ကျွဲနဖားကျေးရွာများ၌ ဒီဇင်ဘာ ၂၁ ရက်က စတင်ကာ လျှပ်စစ်မီးသုံးစွဲနိုင်ခဲ့ကြောင်း သိရသည်။

"အရင်က ဒီရွာတွေက ဓာတ်အားလိုင်းနဲ့ဝေးတော့ တစ်နိုင်တစ်ပိုင် ဒီဇယ်အင်ဂျင်၊ ဆိုလာ စတာတွေနဲ့ မီးလင်းခဲ့တာပါ။ အခု ဒီဓာတ်အားခွဲရုံ မီးသွေးဘုတ်ကိုလည်း ဌာနဘတ်ဂျက်နဲ့ တည်ဆောက်ခဲ့တာပါ။ ဒီဓာတ်အားခွဲရုံကနေ အနီးအနားက မီးမလင်းသေးတဲ့ကျေးရွာတွေကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျေးရွာတွေအနေနဲ့ ဆောလျင်စွာ လျှပ်စစ်မီးဆောင်ရွက်မယ်ဆိုရင်တော့ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရမှာပါ" ဟု မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ကျောက်ဆည်ခရိုင်) မန်နေဂျာ(အင်ယာ) ဒေါ်ဇာဇာအုန်း၏ ပြောပြချက်အရ သိရသည်။

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (ကျောက်ဆည်ခရိုင်)သည် လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ကျေးရွာ၊ ရပ်ကွက်များ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် ဓာတ်အားပေးရေးဧရိယာအတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားအပြည့်အဝ အသုံးပြုနိုင်ရေးအတွက် ဓာတ်တိုင်များ အစားထိုးလဲလှယ်ခြင်း၊ ကြိုးများအသစ်လဲလှယ်ခြင်း၊ လိုင်းရှင်းခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"အရင်ကတော့ မီးလင်းရေးအတွက် ကိုယ့်အစီအစဉ်နဲ့ကို ဆောင်ရွက်ခဲ့တာပါ၊ တချို့ကြတော့ စက်နဲ့၊ တချို့ကျတော့လည်း ဖယောင်းတိုင်၊ ဘက်ထရီ၊ ဆိုလာ အစုံပါ။ အခုတော့ လျှပ်စစ်မီးနဲ့ဆိုတော့ အားလုံးအဆင်ပြေသွားပါတယ်။ ရွာသူရွာသားတွေလည်း ဝမ်းသာနေကြတယ်။ လျှပ်စစ်မီးနဲ့ဆိုတော့ လူနေမှုအဆင့်အတန်း တစ်ဆင့်မြင့်လာပါတယ်။ ကျွန်တော်တို့ ဓာတ်အားလိုင်းနဲ့ ဝေးတဲ့၊ လျှပ်စစ်မီးရဖို့ အခက်အခဲဖြစ်နေတဲ့ ရွာတွေအတွက် တမင်ရည်ရွယ်ပြီး ဆောင်ရွက်ပေးခဲ့တာဖြစ်တဲ့အတွက် ဆောင်ရွက်ပေးခဲ့တဲ့တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ကျေးရွာမီးလင်းရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် မီးသွေးဘုတ်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# မြိတ်မြို့အထက(၁)၌ တက္ကသိုလ်ဝင်တန်း လပတ်စာမေးပွဲအဖြေလွှာများ မီးလောင်

**မြိတ် ဒီဇင်ဘာ ၂၆**



သစ်သားဗီရိုနှင့် အဖြေလွှာစာရွက်များ မီးလောင်မှုအား မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အထက(၁)ကျောင်း ကုမုဒြာကျောင်းဆောင် ဆရာမများ နားနေဆောင်အတွင်း၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၃ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုအား တာဝန်သိပြည်သူတစ်ဦးက လာရောက်သတင်းပေးသဖြင့် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်း ဦးဆောင်၍ မြို့နယ်မီးသတ်စခန်းနှင့် အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ် စုစုပေါင်းခြောက်စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့ရာ ၄ နာရီ ၄၇ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဆရာမများ နားနေဆောင်အတွင်းရှိ သစ်သားဗီရိုအဟောင်းတစ်လုံး၊ တက္ကသိုလ်ဝင်တန်း ဒီဇင်ဘာလ လပတ်စာမေးပွဲအဖြေလွှာ စက္ကူ ၁၅ ထုပ် မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှု အကြောင်းအရင်းကို တာဝန်ရှိသူများက စစ်ဆေးခဲ့ရာ မီးလောင်မှုဖြစ်ပွားချိန်တွင် မီးပျက်နေခြင်း၊ ဗီရိုမှာ နေ့စဉ်အသုံးပြုနေခြင်းကြောင့် ဝိုင်ယာရှော့နှင့် အပူလွန်ကဲခြင်းမဖြစ်နိုင်ကြောင်း၊ မီးလောင်သည့် အခန်းပြတင်းပေါက်ပွင့်နေပြီး လေဝင်ပေါက်သို့တက်သည့် ခြေရာလက်ရာများ တွေ့ရှိရသဖြင့် ရှို့မီးအဖြစ် ယူဆခဲ့ကြသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက ကျောင်းစောင့် ဦးသန်းဇော်ဦးကို မသင်္ကာသဖြင့် မြို့မရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့ရာ ယင်းနေ့ နံနက် ၂ နာရီခန့်က ဖယောင်းတိုင်မီးဖြင့် စာရွက်စာတမ်းထည့်ထားသည့် ဗီရိုအဟောင်းအား ဝင်ရောက်မီးရှို့ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းအား မြိတ်မြို့မ ရဲတပ်ဖွဲ့စခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ဘားအံမြို့နယ်တွင် လူသတ်မှုကျူးလွန်ပြီး တိမ်းရှောင်သူအား အချိန်တိုအတွင်းဖမ်းမိ

**ဘားအံ ဒီဇင်ဘာ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့စပလုကျေးရွာတွင် ဒီဇင်ဘာ၂၄ ရက် ည ၈ နာရီခန့်က အရက်အတူသောက်ရင်း စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွားပြီး ပြစ်မှုကျူးလွန်သူမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သာယာ ကုန်းရဲကင်းစခန်းမှ သိရသဖြင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးနိုင်ရေးအတွက် တံတားလုံခြုံရေးတာဝန်ကျအဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့မှ လှည့်ကင်းဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့ဝင်များ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ မြင့်အေး(၄၂ နှစ်) ဘားအံမြို့နယ်နေသူဖြစ်ကြောင်းသိရပြီး ပြစ်မှုကျူးလွန်သူအား စုံစမ်းရှာဖွေလျက်ရှိသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီခန့်က ကော့စပလုကျေးရွာနေ အဂီးသည် ၎င်းနေအိမ်တွင် သာမညကျေးရွာအုပ်စု ရွှေအေးအေးရပ်ကွက်တွင် နေထိုင်သည့် မြင့်အေးနှင့်အတူ အရက်အတူသောက်စဉ် စကားများရန်ဖြစ်ပြီး အဂီးက မီးဖိုဘေးရှိ ထင်းပုံမှ ထင်းချောင်းဖြင့်ရိုက်ပြီး ကျည်ပွေ့ဖြင့် ထပ်မံထုရိုက်ခဲ့ကြောင်း အဂီး၏ မိခင်ထံမှ သိရသည်။

ယင်းနောက် ပြစ်မှုကျူးလွန်သူမှာ ထွက်ပြေးသွားသဖြင့် ဖမ်းဆီးရမိရေးအတွက် ရဲအုပ်စိုးမင်းအောင် ဦးစီးအဖွဲ့မှ ရှာဖွေစစ်ဆေးခဲ့ရာ ည ၁၀ နာရီခွဲခန့်တွင် တဲတစ်လုံးအတွင်း၌ ပြစ်မှုကျူးလွန်သူ အဂီးအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အဂီးအား အိန္ဒြူနယ်မြေ ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ယာဉ်တိုက်မှုကြောင့် သေဆုံးသူ မည်သူမည်ဝါမသိရသဖြင့် စုံစမ်းလျက်ရှိ

**မြင်းမူ ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် နဘဲကြူးဇရပ်အနီး မုံရွာ-မြင်းမူ-မန္တလေးကားလမ်း မိုင်တိုင် (၄၀/၃) နှင့် (၄၀/၄) အကြားတွင် ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီ မိနစ် ၄၀ ခန့်က အမျိုးသားတစ်ဦးယာဉ်တိုက်ခံရ၍ ဒဏ်ရာများရရှိကာ မြင်းမူဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးကုသနေစဉ် သေဆုံးသွားသဖြင့် တိုက်ပြေးသည့်မော်တော်ယာဉ်နှင့် ယာဉ်မောင်းအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ရဲအုပ်ဆန်းသိန်းက တရားလိုပြုလုပ် တိုင်တန်းခဲ့သည်။

အခင်းဖြစ်ပွားစဉ် သေဆုံးသူ၏ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော ဖြူ၊ နက်ကွက် အင်္ကျီလက်ရှည်တစ်ထည်၊ အညိုရောင်အနွေးထည် လက်ရှည်တစ်ထည်နှင့် အနက်ကွက်ပုဆိုးတစ်ထည် သိမ်းဆည်းခြင်းနှင့်သေဆုံးသူအမည်နှင့်နေရပ်လိပ်စာစုံစမ်းခြင်း၊ တိုက်ပြေးမော်တော်ယာဉ်နှင့်ယာဉ်မောင်းတို့အား သိရှိနိုင်ရေး မြင်းမူမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။ (၀၇၇)

# ဆင်နောက်ထိန်းက လေးခွနှင့်ပစ်သဖြင့် ဆင်ကနှာမောင်းဖြင့်ပြန်တွန်းရာ ဆင်နောက်ထိန်းသေဆုံး

**မိုးညှင်း ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူးကျေးရွာ အနောက်ဘက် အင်ကြင်းတောင်ပေါ်တွင် ဆင်ကိုလေးခွနှင့်ပစ်သော ဆင်နောက်ထိန်းအား ဆင်ကနှာမောင်းဖြင့် တွန်းလိုက်သဖြင့် ဒဏ်ရာရသေဆုံးခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၅ ရက် နံနက်၉နာရီက မိုးညှင်းမြို့နယ် ဘီလူးကျေးရွာ အနောက်ဘက် အင်ကြင်းတောင်ပေါ်တွင် ဆင်ထိန်းဇော်ဂွန်း(ခ)ဇော်လှိုင်သည် ဝင်းစိုး၊ နိုင်ဝင်း၊ ဆင်နောက်ထိန်း သန့်ဇင်တို့နှင့်အတူ ဆင်ကို ထိန်းကျောင်းစဉ် ဆင်မှာ သစ်ပင်ကို အောင်းနေသဖြင့် ဆင်နောက်ထိန်း သန့်ဇင်က လေးခွနှင့်ပစ်သဖြင့် ဆင်က နောက်ပြန်လှည့်ကာ သန့်ဇင်အား နှာမောင်းဖြင့် တွန်းလိုက်ရာ သန့်စင်မှာ ဒဏ်ရာများရရှိပြီး သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူ သန့်ဇင်အား ရဲဆေးစာဖြင့် မိုးညှင်းခရိုင်ဆေးရုံကြီးသို့ပို့ဆောင်ကာ မိုးညှင်းမြို့မ ရဲစခန်းမှ သေမှုသေခင်းဖွင့်စစ်ဆေးခဲ့ကြောင်း သိရသည်။

**နီတိုး**

# ကြည့်မြင်တိုင်မြို့နယ်၌ ဓားထိုးမှုဖြစ် နေရာ၌သေဆုံး

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဆိပ်ကြီး ဦးမြငါးစင်ရပ်ကွက်တွင် ဒီဇင်ဘာ ၂၅ ရက် ည ၉ နာရီခွဲခန့်က မျိုးလွင်(ခ) ရှန်ပူ (၃၀ နှစ်) ရန်ကြီးအောင်လမ်း ဆိပ်ကြီးအပိုင်းနေသူက ကြည်သန်း(ခ)အဖိုးကြီး (၃၅ နှစ်) ရန်ကြီးအောင်လမ်းသွယ် ဆိပ်ကြီးအပိုင်းနေအိမ်ပေါ်သို့ တက်၍ ဓားဖြင့်ရန်ရှာသဖြင့် အိမ်ရှင် ကြည်သန်းက မျိုးလွင်ယူဆောင်လာသော ဓားအားလုယူကာ ပြန်လည်ခုခံသဖြင့် မျိုးလွင်မှာ နောက်ကျောပြင်ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးသွားသဖြင့် ပြစ်မှုကျူးလွန်သူ ကြည်သန်းအား စက်ဆန်းနယ်မြေရဲတပ်ဖွဲ့စခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေတိုင်လွင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## ရုံးချုပ်၊ နေပြည်တော်
## စိစစ်ရေးမှူး-၂ရာထူး နေရာများအတွက် ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်း ထုတ်ပြန်ခြင်းနှင့် လူတွေ့စစ်ဆေးမည့်ရက် ကြေညာခြင်း

၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၇၉)နေရာအတွက် ၂၁-၈-၂၀၁၆ရက်တွင် ကျင်းပပြုလုပ်ခဲ့သောရေးဖြေစာမေးပွဲ၌ အောင်မြင်သူများ၏ခုံနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပြီး အောင်မြင်သူများကို ယှဉ်တွဲပါရက်များအတိုင်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၂၆)၊ နေပြည်တော်တွင် လူတွေ့စစ်ဆေးပါမည်-

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| (က) | ၂၁-၁-၂၀၁၇ရက် စနေနေ့၊ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ဖြေဆိုသူ ၆၀ဦး | ခုံအမှတ်-ရသ | ၁၀<br>၇၁<br>၁၅၀<br>၃၅၆<br>၅၄၄<br>၆၅၄<br>၈၁၈<br>၁၀၂၄<br>၁၂၁၉ | ၁၂<br>၇၂<br>၁၅၃<br>၃၉၃<br>၅၈၂<br>၆၅၅<br>၈၈၆<br>၁၀၃၇<br>၁၂၃၄ | ၃၃<br>၈၃<br>၁၆၇<br>၄၈၄<br>၅၈၄<br>၆၅၆<br>၈၉၁<br>၁၀၆၀<br>၁၂၃၅ | ၃၅<br>၉၅<br>၁၇၉<br>၄၉၇<br>၆၀၃<br>၇၁၆<br>၉၀၉<br>၁၀၈၇<br>၁၂၄၄ | ၃၆<br>၁၀၉<br>၁၉၅<br>၅၀၀<br>၆၀၈<br>၇၆၉<br>၉၁၀<br>၁၁၉၆ | ၅၃<br>၁၃၇<br>၂၄၉<br>၅၁၂<br>၆၂၁<br>၇၇၂<br>၉၄၉<br>၁၂၀၁ | ၆၉<br>၁၄၉<br>၃၄၈<br>၅၁၈<br>၆၄၆<br>၇၈၈<br>၉၅၇<br>၁၂၀၅ |
| (ခ) | ၂၂-၁-၂၀၁၇ရက် တနင်္ဂနွေနေ့၊နံနက်၉နာရီမှ ညနေ ၄နာရီအထိ ဖြေဆိုသူ ၆၀ဦး | ခုံအမှတ်-ရသ | ၁၂၆၉<br>၁၃၀၀<br>၁၃၅၀<br>၁၄၉၉<br>၁၅၇၅<br>၁၆၈၂<br>၁၇၃၇<br>၁၈၃၈<br>၁၈၆၁ | ၁၂၇၀<br>၁၃၀၁<br>၁၃၅၆<br>၁၅၀၆<br>၁၅၉၂<br>၁၆၈၄<br>၁၇၅၄<br>၁၈၃၉<br>၁၈၆၄ | ၁၂၇၁<br>၁၃၂၅<br>၁၃၈၁<br>၁၅၁၅<br>၁၆၄၂<br>၁၆၉၄<br>၁၇၆၀<br>၁၈၄၅<br>၁၈၇၃ | ၁၂၈၄<br>၁၃၃၄<br>၁၄၀၇<br>၁၅၁၉<br>၁၆၅၀<br>၁၆၉၉<br>၁၇၇၅<br>၁၈၄၈<br>၁၈၇၇ | ၁၂၈၅<br>၁၃၄၁<br>၁၄၁၉<br>၁၅၃၀<br>၁၆၆၀<br>၁၇၁၆<br>၁၇၈၀<br>၁၈၅၀ | ၁၂၉၀<br>၁၃၄၇<br>၁၄၄၄<br>၁၅၆၂<br>၁၆၇၃<br>၁၇၂၁<br>၁၈၁၀<br>၁၈၅၂ | ၁၂၉၆<br>၁၃၄၉<br>၁၄၈၆<br>၁၅၇၃<br>၁၆၇၄<br>၁၇၂၆<br>၁၈၃၃<br>၁၈၅၈ |

၂။ သို့ပါ၍ လူတွေ့စာမေးပွဲဖြေဆိုရမည့်သူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးအမှတ်-၂၆)သို့ ၂၀-၁-၂၀၁၇ရက် နံနက် ၉နာရီမှ မွန်းလွဲ ၂နာရီအထိ ရုံးချိန်အတွင်းလာရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)၊ ဆယ်တန်းအောင်လက်မှတ်(မူရင်း)နှင့် လေဘာ(မူရင်း)ပါ ယူဆောင်၍ရောက်ရှိကြောင်း အချိန်မီသတင်းပို့ရန် ကြေညာအပ်ပါသည်။

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**
**ရုံးချုပ်(နေပြည်တော်)**
**ဖုန်း-၀၆၇-၄၁၀၅၃၀**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) စာသင်ဆောင်(၁) အကြီးစားပြင်ဆင်ခြင်း

(ခ) စာသင်ဆောင်(၂) အကြီးစားပြင်ဆင်ခြင်း

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်နှင့် အချက်အလက်များအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၀၇၀၇သို့ စုံစမ်းမေးမြန်းနိုင်ပြီး အမိုးလုပ်ငန်းများ အပါအဝင် အကြီးစားပြင်ဆင်ခြင်း၊ (မြန်မာမှု)(သွပ်)ကနုတ်ပန်းများအစား(စတီးရွှေ) (Gold Steel)ဖြင့် အစားထိုးလဲလှယ်ခြင်း၊လျှပ်စစ်မီးကြိုးများလဲလှယ်ခြင်း၊ ဆေးသုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ အဆောက်အဦများအား မျက်မြင်ကြည့်ရှုတိုင်းတာတွက်ချက်နိုင်ပါသည်။

(က) **တင်ဒါရောင်းချမည့်ရက်နှင့်နေရာ** ၂၀-၁၂-၂၀၁၆ မှ ၅-၁-၂၀၁၇ရက် အထိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်

(ခ) **တင်ဒါတင်သွင်းမည့်ရက် အချိန်နှင့်နေရာ** ၁၃-၁-၂၀၁၇ရက်(သောကြာနေ့) နံနက် ၉နာရီမှ ၁၂ နာရီအတွင်း ရုံးအမှတ်(၃၁)၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်

(ဂ) **တင်ဒါဖွင့်မည့်ရက် အချိန်နှင့်နေရာ** ၁၃-၁-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီ ရုံးအမှတ် (၃၁)၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်

**လုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နောင်ချိုမြို့နယ်၊ သုံးဆယ်ရွာနေ မသဲစုအောင်၏ဖခင်ဦးကံဦး(ခ)ဦးတိတ် ဗဟာဒူး ၁၃/နခတ(နိုင်)၀၅၀၅၀၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကံဦး(ခ)ဦးတိတ်ဗဟာဒူး**

## အမည်ပြောင်း

(ဦးညီညီစိုး)-ဒေါ်သန္တာဝင်း ၁၄/ပသန(နိုင်)၁၉၇၁၉၈ တို့၏သား ပုသိမ်မြို့၊ မြို့မအလက(၁)၊ အထက(ခွဲ)၊ သူငယ်တန်း(A)မှ မောင်ညီမင်းမောင်အားမောင်ညီမင်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။


ဖြိုး ရာထူးဝင်ခွင့်သင်တန်း

JO လေယာဉ်မယ် စီမံကိန်း

အနီးဆုံး တတိယအတွင်းဝန် (နိုင်ငံခြားရေး) ရာထူးဝန်မှခေါ်သောရာထူးများ

Interview (အခမဲ့)။Assignmentယယူနိုင်သည်။

၁၅/F ၊မဟာဗောဂလမ်း၊မြေနီကုန်း၊ရန်ကုန်။ ဖုန်း-၀၉၅၁ ၃၂၄၄၉


## ဖခင်အမည်မှန်

ရေဦးမြို့နယ်၊ ရွာဖုကြီးကျေးရွာအုပ်စု၊ ရွာဖုကြီး အထက(ခွဲ)မှ မောင်ကျော်စိုးဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင် ၅/ကလတ(နိုင်)၀၈၆၆၀၀ ဖြစ်ပါကြောင်း။

**ဦးသိန်းနိုင်**


ကြယ်ပဲဝယ်သည်

09-780386505

09-965599188



## ရောင်းရန်

မြောက်ဒဂုံ(၄၂)၊ သိပ္ပံမောင်ဝလမ်း၊ ပေ(၆၀×၄၀) နှစ်ကွက်တွဲ ရေ၊ မီးစုံ၊ မြေဂရန်အမည်ပေါက်။

ဖုန်း-၀၉-၄၅၀၀၆၁၂၅၉၊ ၀၉-၅၀၀၉၇၃၄၊ ၀၉-၇၃၁၅၂၆၇၅


## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၁၀၄၁/က၊ မြေကွက်တည်နေရာအမှတ် ၁၀၄၁/ခ၊ ထူပါရုံ(၅)လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဦးမြအောင် CF-၀၇၀၃၈၃ အမည်ပေါက်နှစ် ၆၀ဂရန် မြေအားအမည်ပေါက် ဦးမြအောင်(CF-၀၇၀၃၈၃) ၁၂/သကတ(နိုင်)၀၄၆၄၆၃မှ ဂရန်မူရင်းပျောက်ဆုံးသွားကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၁၂-၇-၂၀၁၆ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားရာတွင် ဌာနမှ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာ၌ မြေပေါ်တွင်နှစ်ထပ်အုတ်ညှပ်အဆောက်အအုံရှိပြီး ဦးမြအောင်ကိုယ်တိုင် နေထိုင်ကြောင်းတွေ့ရှိရပါသဖြင့် ၎င်းမှဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူမဏ္ဍပ်သဘင် ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူမဏ္ဍပ်သဘင်ကို ပြည်သူ့ရင်ပြင်၌ ညစဉ် ၇း၃၀ နာရီတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်-



၂-၁-၂၀၁၇ (တနင်္လာနေ့)

**ဒေါက်တာအရှင်ဉာဏိဿရ(သီတဂူဆရာတော်)**
Ph.D, D.Litt အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
မဟာဓမ္မကထိကဗဟုဇနဟိတဓရ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်။



၃-၁-၂၀၁၇ (အင်္ဂါနေ့)

**အရှင်သီရိန္ဒာဘိဝံသ(ယောဆရာတော်)**
တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ
မဟာဝိသုဒ္ဓါရုံစာသင်တိုက်။



၄-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)

**ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ(ပါမောက္ခချုပ်ဆရာတော်)**
အဂ္ဂမဟာပဏ္ဍိတ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်။



၅-၁-၂၀၁၇ (ကြာသပတေးနေ့)

**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရဆရာတော်)**
သာသနဓဇဓမ္မာစရိယ၊ ရွှေပါရမီတောရကျောင်းတိုက်။



၆-၁-၂၀၁၇ (သောကြာနေ့)

**အရှင်ရာဇိန္ဒ(ရဝေနွယ် အင်းမဆရာတော်)**
သာသနဓဇဓမ္မာစရိယ၊ ဓမ္မာရဝေကျောင်းတိုက်။

**တရားပွဲဖြစ်မြောက်ရေးကော်မတီ**

❖ ဆက်သွယ်လှူဒါန်းရန် ❖

❖ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
- ၀၁-၂၁၁၃၇၂၊ ၀၉-၅၂၃၃၄၇၀
❖ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး
- ၀၉-၈၆၀၂၁၆၃၊ ၀၉-၄၉၂၁၈၀၆၈
❖ KBZ BANK ACCOUNT-225-302-00701449101 (IYR)

❖ ပန်းပညာရှင်များအသင်းရုံး(ပြည်သူ့ဥယျာဉ်)
- ၀၉-၅၀၃၇၇၄၄၊ ၀၉-၅၀၁၀၄၂၇
❖ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး
- ၀၁-၂၁၀၄၆၂၊ ၀၉-၅၁၉၇၆၅၉
❖ AYA BANK ACCOUNT-0053202010014853 (Ygn In Ya Road)



**ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံး ဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။**



BLUE DIAMOND CEMENT
BLUE DIAMOND CEMENT
ဘလူးဒိုင်းမွန်း ဘိလပ်မြေ
STRENGTH FOREVER
OFFICE TEL : 09-777777688
ဘလူးဒိုင်းမွန်း ဘိလပ်မြေကို ကိုရီးယားမှ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့်
မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။
"We are looking for the experienced personnel of Production, Marketing and Accounting. Please send CV to kyawttheingi31@gmail.com"






**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7A/2389 ISUZU EDM 430 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း ၁၄/ကပန(နိုင်)၀၁၀၂၄၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ တိုင်းရုံး ပုသိမ်မြို့

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၈ည/၃၃၃၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7F/9809 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 1 G/1657 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ (၂)ရပ်ကွက်၊ အထက (ခွဲ) စတုတ္ထတန်းမှ စောဂျော့၊ ပထမတန်းမှ စောအာဗေလ၏ဖခင် အမည်မှန်မှာ စောဇော်မင်းသန့် ၇/ကတခ (နိုင်)၁၁၁၂၅၂ ဖြစ်ပါသည်။
စောဇော်မင်းသန့်

**ကားရောင်းမည်**
Prado 1999 Model
TX-Limited 7G/---
Pearl White
ကားကောင်းသည်။
ဖုန်း-၀၉-၄၅၅၈၁၁၄၈၈

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7G/6950 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

# ရေပေးမြောင်းများကို အဆင့်မြှင့်တင်သွားမည်

**ဝက်လက် ဒီဇင်ဘာ ၂၆**

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ရေပေးမြောင်း အဖျားများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေရရှိမှု အပေါ် ခွဲဝေချထားဆောင်ရွက်သွားမည့်အပြင် JICA အဖွဲ့အစည်း၏ ကူညီထောက်ပံ့မှုဖြင့် ရေပေးမြောင်းစနစ်များကို အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံထံမှ သိရသည်။

"ရေပေးမြောင်းတွေ ထိန်းသိမ်းဆောင်ရွက်ဖို့ ရေသောက်တောင်သူတွေကလည်း လယ်ယာကုန်ထုတ်စွမ်းအားစုတွေဖြစ်တဲ့ ရေပေးမြောင်းတွေဟာ အများပိုင်မြောင်းတွေဖြစ်တာနဲ့အညီ သက်ဆိုင်ရာ တာဝန်ကျဝန်ထမ်းတွေနဲ့အတူ ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်ဖို့ ဆည်ရေအသုံးချရေးအဖွဲ့နှင့် မြောင်းကော်မတီတွေဖွဲ့စည်းပြီး ရေပေးမြောင်းတွေ ရေရှည်ကောင်းမွန်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောပြသည်။

ဝက်လက်မြို့နယ်ရှိ ဆည်ရေပေးဝေသည့် မြောင်းများကို ၁၉၀၆ ခုနှစ်ကတည်းက တည်ဆောက်ဖောက်လုပ်ထားသောကြောင့် ပျက်စီးယိုယွင်းတိမ်ကောမှုများရှိနေ၍ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လက်တန်မြောင်းနှစ်ခု မိုင်းနားမြောင်း ရှစ်ခုတို့ကို ပြုပြင်ကာ ရေသွားလမ်းရှင်းလင်းခြင်းလုပ်ငန်းများကို ရန်ပုံငွေ ခွဲဝေချထားဆောင်ရွက်လျက်ရှိသကဲ့သို့ မိုင်းနားမြောင်းငါးခု ရေသွားလမ်းရှင်းလင်းခြင်းများကိုလည်း ရန်ပုံငွေခွဲဝေချထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝက်လက်မြို့နယ်သည် ဆည်ရေသောက်ဧရိယာဧက ၁၀၁၂၇၉ ရှိပြီး အဆိုပါ ရေသောက်လယ်များသည် မိုးကြီးသောနှစ်တွင် ရေဖုံးလွှမ်း၍ စိုက်ပျိုးဧကများ ထိခိုက်ပျက်စီးပြီး နွေစပါးစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေ လုံလောက်စွာ မရရှိခြင်းတို့ကြောင့် တောင်သူများ နစ်နာရကြောင်း သိရသည်။

အဆိုပါ မြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်စဉ်ကို အဓိကဖြစ်စေသော ဟလင်းရေနုတ်မြောင်း၊ ငါးရံ့မင်း ရေနုတ်မြောင်း HBC DY-5 ရေဆိုးချောင်းလမ်းစဉ်လူငယ်မြောင်း၊ ပင့်တာရိုး ရေနုတ်မြောင်းနှင့် ပင်ဇင်းရေသွယ်လျှောက် ပြုပြင်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ကျန်းမာရေးအသိပညာဗဟုသုတ မိသားစုကစားပွဲကျင်းပ




**မြန်အောင် ဒီဇင်ဘာ ၂၆**

3MDG ၊ ဒါန-ရှေ့ဆောင်မြန်မာနှင့် ရောဝတီ လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျား-မ တန်းတူညီမျှသော ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုမြင့်မားရေးစီမံချက် Gender Equality and Health Service Equality Project ကို မြန်အောင်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည်။ ယင်းစီမံချက် ဆောင်ရွက်လျက်ရှိသော ကျေးရွာအုပ်စုများမှ ပြည်သူများ ကျန်းမာရေးဗဟုသုတ အသိပညာ မိသားစုကစားပွဲ ဖိုင်နယ်ပွဲကို အင်ပင်ကျေးရွာအုပ်စု စမ်းကျေးရွာတွင် ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန အင်ပင်တိုက်နယ်ဆေးရုံ တာဝန်ခံ ဆရာဝန် ဒေါက်တာဖြိုးကျော်ကျော်လှိုင်က အမှာစကားပြောကြားသည်။

မိသားစုကစားပွဲ ပြိုင်ပွဲကိုကျင်းပရာ အင်ပင်ကျေးရွာအုပ်စု စမ်းကျေးရွာမှ စမ်းသီတာ(၁)၊ စမ်းသီတာ (၂)၊ ဆယ်ရွာကျေးရွာအုပ်စုမှ ကြို့ကုန်း၊ ခြံကုန်း၊ ကွမ်းတောကျေးရွာအုပ်စုမှ ဇရစ်ထူ၊ တောင်ယာကုန်းတို့မှ ပြိုင်ပွဲဝင်အဖွဲ့ခြောက်ဖွဲ့က ကျန်းမာရေးအသိပညာဗဟုသုတမေးခွန်းများကို ယှဉ်ပြိုင်ဖြေဆိုကြပြီး အင်ပင်နှင့် တဲကြီးကုန်းကျေးလက်ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျား-မ တန်းတူညီမျှသော ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုမြင့်မားရေး စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ ကျန်းမာရေးဝန်ဆောင်မှု ပိုမိုရရှိစေရန်၊ အမျိုးသမီးများကိုယ်တိုင်နှင့် မိသားစုတွင် ကျန်းမာရေးဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ပါဝင်ခွင့်ရရှိစေရန်၊ အသိပညာနှင့်ဗဟုသုတရရှိမှု လက်တွေ့လိုက်နာကျင့်ကြံနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရောဝတီ လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ စီမံချက်ဒါရိုက်တာ ဦးအောင်ဝင်းဆွေက ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရိုခေါဒါရ်မြို့၌ ဆက်သွယ်ရေးအဆင်ပြေ

**ရိုခေါဒါရ် ဒီဇင်ဘာ ၂၆**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့၌ တယ်လီနောဆက်သွယ်ရေးကုမ္ပဏီမှ တယ်လီဖုန်းဆက်သွယ်ရေးတာဝါတိုင် ဆောက်လုပ်တပ်ဆင်ခြင်းလုပ်ငန်းကို ယခုနှစ်အစောပိုင်းက တပ်ဆင်ရာ ယခုအခါ တပ်ဆင်ခြင်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ဒီဇင်ဘာလမှစတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် အနီးအနားရှိကျေးရွာများအထိ တယ်လီဖုန်းဆက်သွယ်ရေးကို သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့ဆိုရင် ချင်းပြည်နယ်အနောက်အစွန်ဆုံးနေရာမှာ ရှိတယ်။ မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးလမ်းကြောင်းမြို့တစ်မြို့ဖြစ်သလို လူဝင်လူထွက်များပြားတဲ့နေရာတစ်ခုလည်း ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ လူထုဆက်သွယ်ရေးတွေမှာ အခြားမြို့တွေလို အဆင်မပြေသေးပါဘူး။ ပြည်တွင်းဖုန်းခေါ်ဆိုမှုကို ပုဂ္ဂလိကဖုန်းဆိုင် PCO ကိုသာ အားကိုးအားထားပြုရပြီး ဖုန်းခေါ်ဆိုခကုန်ကျမှု အလွန်များပြားတဲ့အပြင် ပုဂ္ဂလိကပိုင်ဖုန်းတစ်လုံးကို လူအများစုက စုပေါင်းသုံးစွဲရတာတွေကြောင့် အစစအရာရာ အဆင်မပြေခဲ့ပါဘူး။ ယခုအခါမှာဆိုရင် တယ်လီနောဆက်သွယ်ရေးလိုင်းကတာဝါတိုင်ကို လာရောက်တပ်ဆင်ပေးပြီဆိုတော့ ကျွန်တော်တို့မြို့သာမကဘဲ အနီးအနားမှာရှိတဲ့ ကျေးရွာတွေအတွက်ပါ အဆင်ပြေသွားပါတယ်"ဟု မြို့ခံပြည်သူတစ်ဦးက ပြောသည်။

ယင်းတယ်လီနောဆက်သွယ်ရေးတာဝါတိုင်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)မှလည်း ယခုအခါ တာဝါတိုင်တပ်ဆင်ရေးအတွက် လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိပြီး မကြာမီကာလအတွင်း ဖွင့်လှစ်ထုတ်လွှင့်ပေးတော့မည် ဖြစ်ကြောင်း ရိုထိပ်တန်းကုမ္ပဏီမှ တာဝန်ရှိသူ ဦးဆန်းလျှရ်၏ ပြောပြချက်အရ သိရသည်။

**နေစု(ချင်းရိုးမ)**





ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်နှင့် နမ္မတူမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားနေသော ကျေးရွာများမှ ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိခိုလှုံနေကြသည့် စစ်ဘေးရှောင်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ကူညီထောက်ပံ့ခဲ့သည့်ပစ္စည်းများကို ဒီဇင်ဘာ ၂၄ ရက်တွင် ကယ်ဆယ်ရေးစခန်းများအလိုက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပြန်လည်ပေးအပ်နေစဉ်

စိုင်း(သီပေါ)

## လျှပ်စစ်မီးလင်းရေး စုပေါင်းဆောင်ရွက်

**သပိတ်ကျင်း ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့ပေါ်ရှိ လျှပ်စစ်မီးမရရှိသေးသည့် ရွာမရပ်ကွက်အားလျှပ်စစ်မီးရရှိရေးအတွက် လမ်းများရှင်းလင်းခြင်း၊ လျှပ်စစ်ကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၂၄ ရက်ကဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့ပေါ်ရှိ ရပ်မိရပ်ဖများ၊ မီးလင်းရေးကော်မတီများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ညှိနှိုင်းပြီး ဆိပ်ကမ်းရပ်ကွက်ရှိ အိမ်ခြေ ၅၀ ခန့်ရှိ ရွာမရပ်ကွက်အား လျှပ်စစ်မီးအမြန်ရရှိရေးအတွက် NEW EVER LIGHT ကုမ္ပဏီမှ မီးလင်းရေးအတွက် လိုအပ်လျက်ရှိသည့် လိုင်းကြိုးများ၊ ဆက်စပ်ပစ္စည်းများပေးအပ်ကူညီခဲ့ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသန်းဆွေမြင့်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများက စုပေါင်းလုပ်အားဖြင့် အကွာအဝေး ပေ ၁၆၈၀ ရှိ ၀ ဒသမ ၄ ကေဗွီဓာတ်အားလိုင်း သွယ်တန်းနိုင်ရေးအတွက် မီးလမ်းများရှင်းလင်းခြင်း၊ လျှပ်စစ်ဓာတ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

## လူကုန်ကူးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေးဟောပြော

**ပုံပါကျင် ဒီဇင်ဘာ ၂၆**

လူကုန်ကူးမှုပပျောက်ရေးအတွက် လူကုန်ကူးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလစတုတ္ထပတ်က မိုင်းဆတ်ခရိုင် ပုံပါကျင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါ်စပယ်ဦးက ကျောင်းသား ကျောင်းသူများ လူကုန်ကူးမှုအန္တရာယ်ကြိုတင်ကာကွယ်ရေးကို ရှမ်းဘာသာဖြင့် အသိပညာပေးဟောပြောပြီး ကျောင်းအုပ်ဆရာကြီး ဦးခင်အောင်က ကျောင်းသွား၊ ကျောင်းပြန်ချိန်များတွင် လူကုန်ကူးမှုအန္တရာယ်သတိပြုသွားလာရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယတပ်ကြပ် မြဝင်းထွန်းက လူကုန်ကူးမှုအန္တရာယ်ကြုံတွေ့ပါက ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ် ပြောပြခဲ့သည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုင်းရွှေအောင်(ပြန်/ဆက်)**

## စစ်ဘေးရှောင်အိမ်ထောင်စုဝင်များကို ကူညီထောက်ပံ့

**နောင်ချို ဒီဇင်ဘာ ၂၆**

နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာ၊ အုံမ္မသီးကျေးရွာ၊ ရေမောင်းတန်းကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိနေကြသည့် မန်တုံမြို့နယ်မှ စစ်ဘေးရှောင်အိမ်ထောင်စု ၂၈ စု ၊ လူဦးရေ ကျား၊ မစုစုပေါင်း ၈၆ ဦးတို့ကို (ICRC) အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ(လားရှိုး) အခြေစိုက်အဖွဲ့ဝင်များဖြစ်သော ဦးကျော်သက်နိုင်ပါဝင်သော အဖွဲ့ဝင်သုံးဦးတို့က ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ဆေးစိမ်ခြင်ထောင် ၄၁ လုံး၊ စောင် ၅၅ ထည်နှင့် တန်ဖိုးငွေကျပ် ၉၆၀၀၀၀ ကို ကူညီထောက်ပံ့ပေးအပ်ရာ စစ်ဘေးရှောင်လူမှုကယ်ဆယ်ရေး ကော်မတီ ပစ္စည်းထိန်း ဦးကျော်လှက လက်ခံယူခဲ့သည်။

စစ်ဘေးရှောင်အိမ်ထောင်စုဝင်များအား မြို့နယ်မှ တာဝန်ရှိသူ များ၊ ပရဟိတလူငယ်အသင်းများနှင့် စေတနာရှင်ပြည်သူတို့က ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**



## ပြင်ဦးလွင် ပန်းပွဲတော်

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ပန်းပွဲတော်နှင့်အမျိုးသားအထိမ်းအမှတ်ဥယျာဉ် ၁၀ နှစ်ပြည့်ပွဲတော်အား ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့က မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများ၊ လေ့လာသူများ၊ အမှတ်တရဓာတ်ပုံရိုက်သူများဖြင့် စည်ကားလျက်ရှိစဉ်
မောင်ယဉ်ကျေး

# စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့နိုင်မှုရှိရန် လိုက်နာဆောင်ရွက်

**ညောင်ဦး ဒီဇင်ဘာ ၂၆**

ညောင်ဦးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများအပါအဝင် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် ထနောင်းစုကျေးရွာ၌ လူထုဗဟိုပြုစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သော အိမ်သွယ်ရေမီတာစနစ် ရေပေးဝေရေးလုပ်ငန်း၊ လက်ဝဲကျေးရွာရှိ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တွင်းနက်စက်ရေတွင်းတူးဖော်မှုလုပ်ငန်း၊ မင်းနန်သူကျေးရွာ၌ ဒုတိယနှစ် ဆောင်ရွက်သွားမည့် လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများ၏ ဆောင်ရွက်ရန် လျာထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် ဝန်ထမ်းများ၊ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများအား စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့နိုင်မှုရှိရန်၊ စီမံကိန်းလက်စွဲလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ရှင်းလင်း

**ကော့သောင်း ဒီဇင်ဘာလ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ လန်းပိအဏ္ဏဝါ အမျိုးသားဥယျာဉ်ဝါးအလယ်ကျွန်း၌ Benchmade Asia (Myanmar Limited) မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် သဘာဝအခြေခံ ခရီးသွားအပန်းဖြေစခန်း တည်ဆောက်ခြင်း စီမံကိန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ရှင်းလင်းခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က ကော့သောင်းမြို့ ဂါးဒင်းဟိုတယ်ခန်းမ၌ ပြုလုပ်သည်။

အဆိုပါရှင်းလင်းပွဲတွင် ကော့သောင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိုင်အိစ်စတာက တိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။



ယင်းနောက် Benchmade Asia (Myanmar Limited) အထွေထွေမန်နေဂျာ ဦးအောင်ဇင်လတ်က ဝါးအလယ်ကျွန်း၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် သဘာဝအခြေခံခရီးသွားအပန်းဖြေစခန်း တည်ဆောက်ခြင်း စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး E Guard Environmental Services Co.,Ltd. အတိုင်ပင်ခံ ဒေါ်မို့မို့ခိုင်က စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဒေသခံ ပြည်သူများ၏ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှု အခြေအနေမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဂန့်ဂေါ၌ ညှိနှိုင်းဆွေးနွေး

**ဂန့်ဂေါ ဒီဇင်ဘာ ၂၆**

(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို လွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသော အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ ဂန့်ဂေါမြို့နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပရေး မြို့နယ်လွတ်လပ်ရေးနေ့ကျင်းပရေးကော်မတီနှင့် အထောက်အကူပြုကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး အထောက်အကူပြုအဖွဲ့များ၏ တင်ပြချက်များကို ပြန်လည်ဆွေးနွေးသည်။

ဂန့်ဂေါမြို့နယ်၌ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မာရသွန်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲတို့နှင့် ပျော်ရွှင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရွှေဘုန်းပွင့်ဘုရား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**ညောင်လေးပင် ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ သောင်ကြီးကျေးရွာအုပ်စု ပြည်ကိုယ်တော်ကျေးရွာအနီး ရေလယ်ကျွန်းပေါ်ရှိ ရွှေဘုန်းပွင့်ဘုရားအား အလှူရှင်များ၊ ရွာသူရွာသားများ စုပေါင်းကောင်းမှုဖြင့် ကိုးတောင်ပြည့်စေတီတော်ကို ၁၉၉၄ ခုနှစ်မှစတင်၍ တည်ထားကိုးကွယ်ခဲ့ပြီး သာသနာပြုလုပ်ငန်းများကို အများကောင်းမှုဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဘုရားကို ရန်ကုန်မြို့ အင်ကြင်းမြိုင်လမ်း သုဝဏ္ဏနေ ဘုရားဒါယကာ ဦးကျော်ဝက ဦးဆောင်၍ ရန်ကုန်မြို့မှ အလှူရှင်များက သောင်ကြီးကျေးရွာအုပ်စု ပြည်ကိုယ်တော်ကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ရွာသူရွာသားများ၏ စုပေါင်းကောင်းမှုဖြင့် ပြုပြင် မွမ်းမံတည်ဆောက်လျက်ရှိရာ ယခုအခါ ကျန်ရှိနေသော တည်ဆောက်ရေးလုပ်ငန်းများကို ရပ်နီးရပ်ဝေးရှိ အလှူရှင်များနှင့် ကျေးရွာသူ ကျေးရွာသားများစုပေါင်း၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်သဖြင့် ပါဝင်လှူဒါန်းလိုပါက ဦးကျော်ဝ ဖုန်း -၀၁-၅၇ ၈၀ ၂၅နှင့် ဖုန်း-၀၉-၇၇၂၁၇၇၂၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုကိုရှပ**

# စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

**သထုံ ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားကျေးရွာရှိ မြသိန်းတန်ဘုရားဝင်းအတွင်း ဒီဇင်ဘာ ၂၄ ရက်က ကျေးရွာစာပေမြတ်နိုးသူများအသင်း(YBC)နှင့် အလိမ္မာပျိုးခင်းစာကြည့်တိုက်တို့ပူးပေါင်းကာ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို စတင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

“ဒီစာပေဟောပြောပွဲမှာ ထူးခြားတာက ခုနစ် တန်း ရှစ် တန်း အရွယ်ကျောင်းသားလူငယ်တွေ တစ်ညကို တစ်ယောက်ပါတယ်။ စာပေမြတ်နိုးသူများအသင်းက လေးဦးနဲ့ နောင်ဘို တက်လူလေ့ခါးစာကြည့်တိုက်မှ တစ်ယောက်ပါတယ်။ သူတို့ လေ့လာထားသမျှကို ဝါရင့် စာပေပညာရှင်ကြီးတွေနည်းတူ စင်ပေါ်တက်ဟောပြောနိုင်တာက အလွန်အားရဖို့ကောင်းပါတယ်”ဟု နောင်ဘို ဖူးငုံရတနာစာဖတ်အသင်းမှ ဦးစောမြတ်ကိုကိုက ပြောသည်။

စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ၅ ရက်တိုင်တိုင်ကျင်းပမည်ဖြစ်ပြီး နိုင်ငံကျော်စာပေပညာရှင်ကြီးများ၊ လူငယ်စာပေမြတ်နိုးသူများတို့က စာပေရေးရာများကို ဟောပြောကာ ရန်ကုန်နှင့် မော်လမြိုင်မြို့တို့မှ စာပေဖြန့်ချိသည့် ပင်ရင်းစာအုပ်တိုက်ပေါင်း ၁၅ တိုက်ဝန်းကျင်ခန့်ကလည်း စာအုပ်များကို လာရောက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများ ၂၄ နာရီမီးရရှိတော့မည်

**သာစည် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ ၂၄ နာရီ မီးလင်းနိုင်ရန် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် 33/11 KV (5) MVA ဓာတ်အားခွဲရုံ အသစ်ကို ဒီဇင်ဘာလဆန်းပိုင်းက ပြီးစီးသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးသွားသဖြင့် ဒီဇင်ဘာ ၁၈ ရက်မှ စတင်၍ ခွဲရုံသစ်အနေဖြင့် ဓာတ်အားစတင်လက်ခံထားရှိပြီး (11)KV ဓာတ်အားလိုင်းများသို့ မကြာမီရက်ပိုင်းအတွင်း ဓာတ်အားပို့လွှတ်ပေးတော့မည်ဖြစ်ကာ ဓာတ်အား ပို့လွှတ်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများက ယခုအချိန်တွင် လိုင်းစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့စစ်ဆေးမှုပြီးစီးပါက 11KV ဓာတ်အားလိုင်းများသို့ ဓာတ်အားပို့လွှတ်နိုင်တော့မည်ဖြစ်ရာ လှိုင်းတက်ကျေးရွာအုပ်စုအတွင်းရှိ အုတ်တွင်း၊ ဆင်ရွာ၊ မြိုင်သာ၊ နန်းတော်ကုန်း၊ အင်းတိုင်းသာ၊ ရေတွင်းကြီး၊ သာယာကုန်း၊ ပိုးမဲဇာကုန်း၊ ညောင်ကန်၊ တောကင်း၊ ဇီးပင်တွင်း၊ ထူးတွင်း၊ သီးကုန်း၊ ရွှေတုတ်ကုန်း၊ ဒဟတ်ကျင်း ၊ ကုက္ကိုကန်၊ ထနောင်းကုန်း၊ တောင်ပူဇာ ၊ ရှမ်းရွာ၊ သက်သော့၊ ကန်ကြီးအောက်၊ မင်းကုန်း၊ ညောင်ကုန်း၊ ဥသျှစ်ကုန်း(မ)၊ အောင်မြင်သာ စသည့်ကျေးရွာ ၂၅ ရွာတို့မှာ ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြို့နယ်မန်နေဂျာရုံးမှ သိရသည်။

**မောင်ကို(သာစည်)**

# အနေဝေးလာသော မိသားစုများ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ဒီမိုကရေစီအစိုးရလက်ထက်တွင် ပြည်ပဆက်သွယ်ရေးကုမ္ပဏီများ ဝင်ရောက်လာကြသည်။ ဝန်ဆောင်မှုများအပြိုင်အဆိုင်ပေးပြီး ရောင်းအားမြှင့်တင်လာခဲ့သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အင်တာနက်ဝန်ဆောင်မှုများကို အထူးနှုန်းဖြင့် လျှော့ချပေးခဲ့သည်။ အထူးသဖြင့် Facebook လို လူမှုကွန်ရက်စာမျက်နှာကိုအခမဲ့ကြည့်ရှုခွင့်ပေးထားသည်။ ဗဟုသုတရှာမှီးလိုသောနိုင်ငံသားများအတွက် ဝမ်းသာစရာပင်ဖြစ်သည်။

လူမှုကွန်ရက်စာမျက်နှာတွင် အပြန်အလှန်မိတ်ဆွေဖွဲ့ကြသည်။ ထူးခြားသတင်းများ၊ ဖြစ်စဉ်များ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်းများကို အပြန်အလှန်မျှဝေကြသဖြင့် အခမဲ့ဖတ်ရှုခွင့်၊ သိရှိခွင့်ရလာသည်။ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပျက်နေသော ထူးခြားသတင်းအကြောင်းအရာများကို ချက်ချင်းသိရှိခွင့်ရလာသည်။ ထို့အပြင် ရင်းနှီးသောမိတ်ဆွေများနှင့်အမြင်ဖလှယ်ခွင့်ရလာသည်။ အားလပ်သည့် အချိန်တွင် Message Box ကို ဖွင့်ကြည့်လိုက်လျှင် မိမိအတွက် သတင်းထူး၊ သတင်းဦးများ ရောက်ရှိနေမည်ဖြစ်သည်။

စာရေးဆရာများဆိုလျှင် မိမိ၏ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့်ဝတ္ထုတိုများကို စာဖတ်သူများသို့ ချက်ချင်းမျှဝေပေးနိုင်သည်။ စာဖတ်သူများအနေဖြင့်လည်း ထိုဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့်ဝတ္ထုတိုများအပေါ် ၎င်းတို့၏အမြင်သဘောထားများကို Comment Box တွင် ချက်ချင်းဝေဖန်ရေးသားတင်ပြခွင့်ရှိသည်။ အမြင်ချင်းအပြန်အလှန်ဖလှယ်နိုင်ပြီဖြစ်သည်။ ရေးသူ၊ ဖတ်သူနှစ်ဦးစလုံး အကျိုးရှိနိုင်သည်။ စာအုပ်ဝယ်ဖတ်မည်ဆိုလျှင် စာဖတ်သူသည် ၎င်း၏အမြင်ကို ချက်ချင်းတင်ပြရန် အခွင့်အလမ်းနည်းသည်။

လူမှုကွန်ရက်စာမျက်နှာသည်အကျိုးကျေးဇူးများစွာရှိနေသည်။ သို့ရာတွင် မိတ်ဆွေဖွဲ့ရာ၌ စိစစ်သင့်ပေသည်။ အချို့သော Status များသည် အရည်မရ၊ အဖတ်မရတင်ထားကြသည်။ ကိုယ်ပိုင်အတွေးအခေါ်ကို တင်ပြနိုင်စွမ်းမရှိဘဲ တခြားသူများ၏ Post အများကိုသာ Share ထားကြသည်။ တချို့ကမူ ထမင်းစားပြီ၊ အိမ်သာတက်ပြီ၊ အိပ်ရာဝင်ပြီ စသည်ဖြင့်အရေးမပါသော လှုပ်ရှားမှုများကို တင်ထားတတ်ကြသည်။ တချို့ကမူ ငွေနှင့်အချိန်ကုန်ခံကာ Selfie ရိုက်လျက် ကြွားလုံးထုတ်နေကြပြန်သည်။ တချို့ကမူ Profileကို အမျိုးမျိုးပြောင်းတင်ကာ အလုပ်များနေသည်။ စိတ်ပျက်ဖွယ်ရာ ကောင်းလှပေသည်။

ထို Status များသည် အာရုံနောက်စရာပင်ဖြစ်သည်။ တချို့ကမူ အစိုးရနှင့် အတိုက်အခံများအကြား၊ မတူညီသောဘာသာများနှင့်အဖွဲ့အစည်းများအကြား ရန်တိုက်ပေးသည့် Post များကို တင်ထားကြသည်။ ထိုသူ၏ Post အောက်တွင် Like များနှင့်အပြန်အလှန်ဆဲနေသော Comment များသည်ရာ၊ ထောင်ချီ၍ရှိနေသည်။ Status ပိုင်ရှင်သည် Like နှင့် Comment များနေသည်ကိုပင် ပီတိဖြစ်နေပြန်သည်။ ပြဿနာ၏ အတိမ် အနက်ကိုမသိကြသူများဖြစ်သည်။ တချို့ကမူ သိသိနှင့်ရန်တိုက်ပေးခြင်းဖြစ်သည်။ ယုတ်မာကောက်ကျစ်ကြခြင်းဖြစ်သည်။ ထိုသူသည်မြန်မာ့လူမှုအသိုက်အဝန်းအတွင်း အက်ကြောင်းထလာအောင် မီးမွှေးကြသူများဖြစ်သည်။

ထို Status မျိုးကို မိတ်ဆွေဖွဲ့မိလျှင် ကောင်းကျိုးထက်ဆိုးကျိုးကိုသာ ပေးနေမည်ဖြစ်သည်။ ထို Status မျိုးကို ခပ်မြန်မြန် Unfriend လုပ်၊ သို့မဟုတ် Block လုပ်သွားသင့်ပေသည်။ သို့မှသာလျှင် မိမိ၏တန်ဖိုးရှိသော အချိန်နှင့်ငွေကြေးများကို အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ဝါဒမှိုင်းအတိုက်မခံရမိစေရန် ဂရုပြုရှောင်ရှားသွားရမည်ဖြစ်သည်။

စာရေးသူတို့ပတ်ဝန်းကျင်တွင် ကလေးငယ်များသည် တယ်လီဖုန်းကို ခုံမင်စွာကိုင်နေကြသည်ကို တွေ့လာရသည်။ တယ်လီဖုန်းတစ်မျိုးတည်းကိုသာသုံးစွဲခြင်းမျိုးမဟုတ်ဘဲ လူမှုကွန်ရက်ကိုပါ ချိတ်ဆက် အသုံးပြုနေခြင်းဖြစ်သည်။ အခြေခံပညာအဆင့်ပညာသင်ယူနေသော ကလေးငယ်တစ်ဦးသည် လူမှုကွန်ရက်စာမျက်နှာကို စွဲနေပြီဆိုလျှင်အန္တရာယ်ရှိနေပြီဖြစ်သည်။ ၁၆ နှစ်အောက်ကလေးအများစုသည် အမှား၊ အမှန်ကို ဝေဖန်ဆုံးဖြတ်နိုင်ရန် ဦးနှောက်နုနယ်နေဆဲပင်ဖြစ်သည်။ အွန်လိုင်းတွင် အရွယ်မရောက်သေးသည့်ကလေးသူငယ်များ မကြည့်သင့်သော ဓာတ်ပုံများ၊ ဇာတ်ကားများနှင့် အဆိပ်အတောက်ဖြစ်စေမည့်စာများကို တင်ထားကြသည်။

တချို့သောကလေးများသည်ကိုယ်ပိုင် Status ကိုပင် တင်ထားကြသည်။ တချို့သောမိဘများသည် မိမိ၏ သား၊ သမီးငယ်များ ထိုသို့လုပ်နိုင်သည်ကို ပင် ဂုဏ်ယူဝင့်ကြွားစွာပြောနေကြသည်။ နည်းပညာကို သိရှိနားလည်သုံးစွဲနိုင်ခြင်းသည် ကောင်းမွန်ပါသည်။ သို့ရာတွင် လူမှုကွန်ရက်စာမျက်နှာများတွင် ထိုကလေးငယ်အတွက် မုဆိုးများနှင့်သားရဲတွင်းများရှိနေပါသည်။ အရွယ်ရောက်နေကြသည့် အိမ်ထောင်ရှင် အမျိုးသမီးများပင်လျှင် လှည့်ဖြားခံနေကြရသည်။ အိမ်ထောင်ကွဲသည့် ဇာတ်လမ်းများ၊ လင်မယား နှစ်ယောက်တစ်ဦးကိုတစ်ဦး သံသယဝင်ပြီးအချင်းချင်း သတ်ဖြတ်သည်အထိပင်ဖြစ်လာသည်။

လူမှုကွန်ရက်စာမျက်နှာသည် သုံးတတ်လျှင်အကျိုးရှိသော်လည်းမသုံးတတ်လျှင် လွန်စွာအန္တရာယ်ရှိပါသည်။ အိမ်တစ်အိမ်တွင် မိသားစုဝင်အားလုံးသည် Facebook ကို စွဲလမ်းနေပြီဆိုလျှင်မကောင်းသော လက္ခဏာပင်ဖြစ်သည်။ ကိုယ်စီဖုန်းပွတ်နေကြသဖြင့်တစ်ဦးနှင့်တစ်ဦးနွေးနွေးထွေးထွေးပြောဆိုဆက်ဆံဖို့အချိန်နည်းလာပြီဖြစ်သည်။ မိသားစု၏ စီးပွားရေးနှင့်လူမှုရေးကိစ္စများ တိုင်ပင်ဆွေးနွေးရန်နှင့်လုပ်ဆောင်နိုင်ရန် အချိန်လစ်ဟင်းလာကြသည်။

တချို့သော မိသားစုများသည် မိုးလင်း၊ မိုးချုပ် Facebook နှင့်အလုပ်ရှုပ်နေတတ်ကြသည်။ ပတ်ဝန်းကျင်နှင့်အဆက်ပြတ်နေကြသည်။ ငွေနှင့်အချိန်ကုန်နေသည့်အပြင် အလုပ်အကိုင်ပါပျက်လာမည်ဖြစ်သည်။ အလုပ်အကိုင်ပျက်လာသဖြင့် အဘက်ဘက်မှဆုတ်ယုတ်လာကြမည်ဖြစ်သည်။ မည်မျှ အကျိုး ရှိ၊ မရှိကိုမူ သုံးစွဲသူကာယကံရှင်များသာသိကြမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တန်ဖိုးရှိသော အချိန်ကို ဖြုန်းနေသူသည် တိုးတက်မှုဆုတ်ယုတ်လာမည်မှာအမှန်ပင်ဖြစ်သည်။

စိုးရိမ်စရာကောင်းသောအချက်မှာ ကလေးငယ်များသည် တယ်လီဖုန်းပွတ်ခြင်း၊ ဂိမ်းကစားခြင်းတို့ကို အချိန်ပြည့်လုပ်လာခြင်းဖြစ်သည်။ ကြာလာလျှင် အမြင်အာရုံမှုန်ဝါးလာမည်ဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့်မျက်မှန်တပ်ကြရမည်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုမရှိသဖြင့်ကျန်းမာရေးလည်းချူချာလာမည် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တယ်လီဖုန်းသည်ကလေးငယ်များအတွက် အန္တရာယ်ပင်ဖြစ်သည်။ ထို့ကြောင့်မိဘများသည် မျိုးဆက်သစ်များ၏တယ်လီဖုန်းသုံးစွဲမှုကို အချိန်မီကန့်သတ်ထိန်းကျောင်းမှုမရှိလျှင် တိုးတက်မှုဆုတ်ယုတ်လာမည်ဖြစ်သည်။

အရွယ်မရောက်သေးသည့်ကလေးငယ်များသည် Facebook ကို မသုံးသင့်ပေ။ လူမှုကွန်ရက် စာမျက်နှာတွင် လူပေါင်းစုံရှိနေကြသည်။ တချို့သော ကောက်ကျစ်သူများသည် ရည်ရွယ်ချက်ရှိရှိဖြင့် လှည့်ဖြားစည်းရုံးလာနိုင်ပေသည်။ ဦးနှောက်နုနယ်သူ၊အတွေ့အကြုံနည်းပါးသည့်လူငယ်များသည် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်စွမ်းရှိမည်မဟုတ်ချေ။ တတ်နိုင်ပါက အုပ်ထိန်းသူများသည် ကလေးငယ်များ အင်တာနက်သုံးစွဲမှုကို စောင့်ကြည့်ကန့်သတ်သွားသင့်ပေသည်။

ခြုံ၍တင်ပြရလျှင် လူငယ်များတိုးတက်လာသည့်အတွက်များစွာပီတိဖြစ်ရပါသည်။ သို့သော် အရွယ်မတိုင်မီလူမှုကွန်ရက်စာမျက်နှာ အသုံးပြုခြင်းမျိုးကိုမူ ရှောင်ရှားသင့်ပါသည်။ အင်တာနက်စာမျက်နှာများသည် ပွင့်လင်းမြင်သာမှု ရှိလွန်းသဖြင့် ကလေးငယ်များအတွက် အန္တရာယ်ဖြစ်စေနိုင်ပါသည်။ အထူးသဖြင့် မိသားစုများအနေဖြင့် Facebook ဖွင့်ပြီးဖုန်းပွတ်နေမည့်အစား မိသားစုဝင်အချင်းချင်း တစ်ဦးနှင့် တစ်ဦး နွေးနွေးထွေးထွေး နေထိုင်သွားသင့်ပါသည်။ ထိုသို့မဟုတ်ဘဲ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်သာ အချိန်ဖြုန်းနေမည်ဆိုလျှင် မိသားစုဝင် အချင်းချင်းအနေဝေးပြီး စိမ်းကားလာကြမည်ဖြစ်သည်။ ထို့အပြင် မိသားစု၏စီးပွားရေး၊ လူမှုရေးနှင့်ကျန်းမာရေးတို့ကိုလည်း အဘက်ဘက်မှလည်း တဖြည်းဖြည်းဆုတ်ယုတ်လာစေနိုင်သဖြင့် Facebook ကို ချင့်ချိန်သုံးစွဲနိုင်ကြပါစေ။ ။

**နည်းပညာကို သိရှိနားလည်သုံးစွဲနိုင်ခြင်းသည် ကောင်းမွန်ပါသည်။ သို့ရာတွင် လူမှုကွန်ရက်စာမျက်နှာများတွင် ထိုကလေးငယ်အတွက် မုဆိုးများနှင့်သားရဲတွင်းများ ရှိနေပါသည်။ အရွယ်ရောက်နေကြသည့် အိမ်ထောင်ရှင် အမျိုးသမီးများပင်လျှင် လှည့်ဖြားခံနေကြရသည်။ အိမ်ထောင်ကွဲသည့် ဇာတ်လမ်းများ၊ လင်မယား နှစ်ယောက်တစ်ဦးကိုတစ်ဦး သံသယဝင်ပြီးအချင်းချင်း သတ်ဖြတ်သည်အထိပင်ဖြစ်လာ**



## ဗန်းမောက်မြို့နယ်၌ ရှမ်းနီရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပ

**ဗန်းမောက် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ရှမ်းနီရိုးရာနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၂၄ ရက်က ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စု မံအင်မန်ကျီးကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနန်းမွှေးမွှေးခင်၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ တိုင်းဒေသကြီး တိုင်းရင်းသားများအရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးညီညီဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းနှင့် မံအင်မန်ကျီးကုန်းကျောင်းဆရာတော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ထို့နောက်ဟုမ္မလင်းမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိဆရာတော် ဦးဉာဏိတနှင့် တာဝန်ရှိသူများက နှစ်သစ်ကူးအမှာစကားပြောကြားသည်။ အဆိုပါ ရှမ်းနီရိုးရာ နှစ်သစ်ကူးပွဲတော်သို့ တိုင်းဒေသကြီးအတွင်းမှ မြို့နယ်များရှိ ရှမ်းနီတိုင်းရင်းသားများ အားလုံးပါဝင်ဆင်နွှဲကြပြီး ရှမ်းနီရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာပဒေသာကပွဲ၊ ဈေးရောင်းပွဲ၊ မီးပုံပွဲတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## အသိပညာပေး ဟောပြောပွဲ ကျင်းပ

**သရက် ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဘန်းကုန်းကျေးရွာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ရေမျက်နှာပြင်သယ်ယူပို့ဆောင်ရေး... 

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဘန်းကုန်းကျေးရွာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ရေမျက်နှာမြေ ရဲစခန်းတို့ ပူးပေါင်း၍ ကျေးရွာနေပြည်သူများအား အသိပညာ ဗဟုသုတရရှိစေရန်ရည်ရွယ်၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေးခြင်း၊ ကျန်းမာရေး အသိပညာပေးဟောပြောခြင်းကို ဒီဇင်ဘာ ၂၅ ရက်က ကျေးရွာ မူလတန်းကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရေမျက်နှာမြေ စခန်းမှူး ရဲအုပ် သက်မင်းထွန်းက မူခင်းကျဆင်းရေးနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး တလပါးတိုက်နယ် ဆေးရုံဆရာဝန် ဒေါက်တာစိုးသူရက သွေးတိုးရောဂါနှင့် ဆီးချိုရောဂါ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းစိန်က အစားအစာများတွင် ဘေးဥပဒ် အန္တရာယ်ရှိနိုင်သဖြင့် သတိပြု ဝယ်ယူ စားသုံးကြရန် အကျယ်တဝင့် ပြော ကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတ ရရှိခြင်းနှင့် စည်းကမ်းရှိမှ တိုးတက်မည် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# လက်လှော်လှေသမ္ဗန်လုပ်ငန်း တိမ်ကောလာ

**ရေး ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ရေးမြို့ ရေးမြစ်ချောင်းမှ ချောင်းတောင်ကျေးရွာသို့ ကူးသန်းသည့် လက်လှော်လှေသမ္ဗန် ၂၅ ဦးဆံ့လှေမှာ ယခင်က အပေါ်ဆိပ်၊ အောက်ကားဆိပ်တွင် ၁၄ စင်းလောက်ရှိရာမှ ယနေ့အချိန်တွင် လမ်းတံတားတည်ဆောက်လာသဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ သမ္ဗန်လှေလှော်လုပ်ငန်းလုပ်ကိုင်သူများမှာ အနည်းအကျဉ်းသာ ကျန်ရှိတော့ကြောင်း သိရသည်။

“ ဟိုးအရင်က လမ်းပန်းဆက်သွယ်ရေးမကောင်းခင်က လူနဲ့ကုန်ပစ္စည်းတွေပါတင်ဆောင်ရတယ်။ ယနေ့အချိန်အခါမှာ လှေကလည်းတစ်စင်း၊ နှစ်စင်းပဲရှိတယ်။ လူနဲ့ကုန်ပစ္စည်းတွေပါ တင်ဆောင်လာတာနည်းသွားပြီး ကိုယ်ပိုင်လှေတွေနဲ့ သွားတာလည်း ရှိပါတယ်။ ကာလကြာလာတာနဲ့အမျှ ဆိပ်ကမ်းတံတားကလည်းပျက်စီးလာလို့ ခရီးသည်တွေသွားတဲ့အခါ အဆင်မပြေတာလည်းရှိတယ်” ဟု လက်ရှိလုပ်ကိုင်နေသူ ဦးထွန်းမဲက ပြောသည်။

အဆိုပါရေးချောင်းတောင် ကူးတို့လုပ်ငန်းကို ၂၀၁၇-၂၀၁၈ခုနှစ် ရေးမြို့နယ် စည်ပင်သာယာရေးမှ ချောင်းတောင် အုပ်ချုပ်ရေးမှူးက လုပ်ငန်းလိုင်စင်ရယူပြီး လူတစ်ဦးလျှင် ငွေကျပ် ၁၀၀၊ ကုန်ပစ္စည်းငွေကျပ် ၂၀၀ သတ်မှတ်ထားပြီး အချိန်ကြာမြင့်ပါက နှစ်ဆပိုပေးရကြောင်း သိရသည်။

ရေးချောင်းတောင်မြစ်ကူးတံတားမရှိစဉ်က လက်လှော်လှေသမ္ဗန်လုပ်ငန်းတွင် ကျေးရွာနေပြည်သူများ အဓိက အားထားရသည့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်ပြီး ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာ၍ ဆိုင်ကယ်၊ ကားများပင် ဖြတ်သန်းသွားလာနိုင်သည့်အတွက် လှေသမ္ဗန်လုပ်ကိုင်နေသူများ စီးပွားရှာစားသောက်မှု ကျဆင်းလာကာ တိမ်ကော ပျောက်ကွယ်လုနီးပါးကြုံတွေ့လာနေကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**



# (၃၄) ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီး သက်ကြီးဆရာဝန်ကြီးများ ပူဇော်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့မှ ကြီးမှူး ကျင်းပသော (၃၄) ကြိမ်မြောက် သက်ကြီးဆရာဝန်ကြီးများ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက



မင်္ဂလာတောင်ညွန့်မြို့နယ် ဆရာဝန်များအသင်းတိုက်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးရဲမြင့က ဝမ်းမြောက်ဂုဏ်ပြုကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ကန်တော့ခံကြွရောက်လာသော အသက် (၇၅ နှစ်) အထက် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ဆရာဝန်ကြီး ၂၀၅ ဦးတို့အား တက်ရောက်လာသည့် ဆရာဝန် ၂၀၀ ကျော်တို့က ရှိခိုးကန်တော့ကြကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ၊ အမျိုးသမီးဆရာဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးနှင့် အမှုဆောင်ဆရာဝန်များက ကန်တော့ခံထဲတွင်ပါဝင်သော အသက် အကြီးဆုံး (၉၄ နှစ်)ရှိ အမျိုးသားဆရာဝန်ကြီး ဒေါက်တာ ဦးမြစိန်နှင့် အသက် (၉၀)ရှိ အမျိုးသမီးဆရာဝန်ကြီး ဒေါက်တာ ဒေါ်စိုးလွင်တို့အား အထူးဂါရဝပြုလက်ဆောင်များပေးအပ်ပြီး သက်ကြီးဆရာဝန်ကြီးများအား ငွေကျပ်တစ်သိန်းစီနှင့် ဂါရဝပြုလက်ဆောင်များ တစ်ဦးချင်းလိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ရေလျှံကုလားကျေးရွာ၌စက်ရေတွင်းတူးဖော်

**ဖြူး ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မူလရန်ပုံငွေဖြင့် ပန်းရွှေဝါကုမ္ပဏီလီမိတက်က ရေရှားပါးသော ရေလျှံကြီးကျေးရွာအုပ်စု ရေလျှံကုလားကျေးရွာ၌ ရေအလုံအလောက် သုံးစွဲနိုင်ရေးအတွက် လေးလက်မစက်ရေတွင်းအား ဒီဇင်ဘာ ၂၂ ရက်က စတင်တူးဖော်ခဲ့ကြသည်။

ယင်းစက်ရေတွင်း တူးဖော်နေမှုကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းလွင်နှင့်အဖွဲ့က ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီက ကြည့်ရှုစစ်ဆေးကြရာ တာဝန်ယူတူးဖော်နေသည့် ပန်းရွှေဝါကုမ္ပဏီလီမိတက်မှတာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရေရှားပါးသော ရေလျှံကုလားကျေးရွာ၌ စက်ရေတွင်းတူးဖော်ပေးနေသဖြင့် ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်းနည်းပညာအသုံးချသင်တန်းဆင်းလက်မှတ်ချီးမြှင့်

**ပျော်ဘွယ် ဒီဇင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ၏ မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်းနည်းပညာ အသုံးချသင်တန်းအမှတ်(၁) သင်တန်းဆင်းပွဲကို ဒီဇင်ဘာလစတုတ္ထပတ်က ပျော်ဘွယ်မြို့ အခြေခံရေတိုင်းနှင့် မြေတိုင်းပညာရပ်လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်မဥ္ဇူစောက ယခုသင်တန်းသည် ဝန်ထမ်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာဘာသာရပ်တွင် ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းအား ရက်သတ္တပတ်သုံးပတ်ကြာဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း ၃၀ အား ခေတ်မီမြေတိုင်းကိရိယာများအသုံးပြု၍ Suntac ကုမ္ပဏီမှ ကျွမ်းကျင်ဝန်ထမ်းများနှင့် ဌာနမှအတွေ့အကြုံရှိသည့် တိုင်းတာရေးဝန်ထမ်းများက ကွန်တိုမြေပုံတစ်ခု လက်တွေ့တိုင်းတာထုတ်လုပ်နိုင်သည်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ အသစ်ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | ပုံနှိပ်သမား | မင်းယု(မြန်မာပြန်) | ၁၅၀၀ | Momentum စာပေ |
| ၂။ | မန်ကျည်းပင်အိုနှင့် အက်ဆေးဆောင်းပါးများ | မင်းဆက်သက်ခိုင် | ၁၅၀၀ | MKS |
| ၃။ | ဘကြီး ဘဘေ (ထင်ရှားကျော်ကြားသူများ၏ အတ္ထုပ္ပတ္တိစာစဉ်) | Quality အယ်ဒီတာအဖွဲ့ | ၂၅၀၀ | Quality Publishing House |
| ၄။ | အယ်လက်ဇန်းဒါး (စာကြည့်တိုက် စာစဉ်-၅၀) | The Key Collection | ၁၅၀၀ | The Key |
| ၅။ | ဂျူးလိယက်ဆီဇာ (စာကြည့်တိုက်စာစဉ်-၄၉) | The Key Collection | ၁၅၀၀ | The Key |
| ၆။ | သစ်လုံတောနှင့် အခြားဝတ္ထုတိုများ | အောင်စိုး | ၁၅၀၀ | The Key collection |
| ၇။ | ဘဝတာရှင်သန်ခြင်း နေ့ရက်များ | နေမျိုး | ၃၀၀၀ | The Window စာပေ |
| ၈။ | သမိုင်းမြက်ခင်းကို မြင်းစီးဖြတ်ခြင်း | ကျော်ဝင်း | ၅၀၀၀ | Unity စာပေ |
| ၉။ | တို့ကျောင်းသား | ဇဝန | ၂၀၀၀ | ကုံကော်ဝတ်ရည်စာပေ |
| ၁၀။ | ကောလိပ်ကြမ်းပိုး | ဇဝန | ၂၀၀၀ | ကုံကော်ဝတ်ရည်စာပေ |
| ၁၁။ | ကံကောင်း အကြောင်းလှအောင် အားထုတ်ခြင်း | မြတ်ငြိမ်း (မြန်မာပြန်) | ၅၅၀၀ | ကိုနေမန်းစာပေ |
| ၁၂။ | General Knowledge of English Vocabulary Bank | U Naing Soe (B.A.Eng) | ၁၀၀၀ | ကလောင်သစ်စာပေ |
| ၁၃။ | စီးပွားဖြစ်ကောက်ရိုးမှို စိုက်ပျိုးနည်း | မင်းပုည | ၂၅၀၀ | ခိုင်ဇင်စိုးစာပေ |
| ၁၄။ | ချစ်သူများနေ့... အမှတ်တရ အချစ်ကဗျာများ | သျှားထက်နိုင် (ဘူမိဗေဒ) | ၂၀၀၀ | ခိုင်ဇင်စိုးစာပေ |
| ၁၅။ | ခရေပင်လမ်းခွဲ (ကဗျာ) | ကလောင်စုံ | ၂၀၀၀ | ချန့်ချန်စာပေ |
| ၁၆။ | သုညဘဝမှ ကမ္ဘာကျော်ခဲ့သော အနုပညာရှင်များ | ထက်ဝန | ၄၅၀၀ | ဂျာနယ်လစ်စာပေ |
| ၁၇။ | သားသတ်လွတ်သမ | သင့်လူ (မြန်မာပြန်) | ၃၀၀၀ | ငါတို့စာပေ |
| ၁၈။ | သိပ္ပံခေတ်နှင့်ဗုဒ္ဓ၏ အစိန္တေယျတရား | နှစ်ဖက်လှ ဦးကျော်လွင် | ၃၀၀၀ | စာနဒီစာပေ |
| ၁၉။ | လန်ဒန်ဆောင်းပါး (ကျေးရွာပြုပြင်ရေး သမဝါယမနှင့် ပညာမသင်မနေရ ဥပဒေများ) | သံအမတ်ကြီး ဦးတင့်ဆွေ | ၁၅၀၀ | စာနဒီစာပေ |
| ၂၀။ | ရာမည | နတ်နွယ် | ၄၅၀၀ | စိတ်ကူးချိုချိုစာပေ |
| ၂၁။ | အနာဂတ်ဝါကျများ | မောင်သာချို | ၂၀၀၀ | စိတ်ကူးချိုချိုစာပေ |
| ၂၂။ | လောင်းတာလား လင်းတာလား | မောင်ကံထူး | ၁၅၀၀ | စာပေလောက (၆) |
| ၂၃။ | ဂုံးဂုံးကျတောရဆရာတော် ဘုရားကြီး ဘဒ္ဒန္တသုဇာတ (ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိစာစဉ်) | ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့ | ၂၀၀၀ | ဆုပြည့်စုံထွန်းစာပေ |
| ၂၄။ | စွန်းလွန်းဂူဆရာတော်ဘုရားကြီး ဘဒ္ဒန္တကဝိ (ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိစာစဉ်) | ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့ | ၂၀၀၀ | ဆုပြည့်စုံထွန်းစာပေ |
| ၂၅။ | လူပင်လယ် (ဆောင်းပါးများစုစည်းမှု) | တက္ကသိုလ်မိုးဝါ | ၂၅၀၀ | ဇင်ရတနာစောစာပေ |
| ၂၆။ | ကျွန်တော်သိဖူး၊ မြင်ဖူးသော ဝန်ကြီးချုပ်ဦးနု | ကြည်သင်း | ၁၂၀၀ | ဇင်ရတနာစောစာပေ |
| ၂၇။ | မှတ်တမ်းမှတ်ရာ စာပဒေသာ (ပထမတွဲ) | ကိုရင်ထိုက် | ၂၈၀၀ | ဇင်ရတနာစောစာပေ |
| ၂၈။ | မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုရယ်လို့ ခိုင်စေမြိုင်စေသောဝ် (သုတေသနစာတမ်း နှင့် ဆောင်းပါးများ) | တင်မောင်ဦး (ရွှေပြည်) | ၄၅၀၀ | ဇင်ရတနာစောစာပေ |

ဆက်လက်ဖော်ပြပါမည်

# ၂၀၁၆ တစ်နှစ်တာ အကောင်းဆုံးအားကစားသမားဆု ရရှိသူများ

**၂၀၁၆ ခုနှစ် ကုန်ဆုံးဖို့ရက် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်ပါတယ်။ နှစ်တစ်နှစ်ကုန်တိုင်း နိုင်ငံအလိုက် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုနဲ့ အကောင်းဆုံးဘောလုံးသမားဆုတွေ ရွေးချယ်ချီးမြှင့်ဂုဏ်ပြုကြလေ့ရှိပါတယ်။ နိုင်ငံအတွက် အားကစားနဲ့ အကျိုးပြုနိုင်သူတွေနဲ့ ထူးချွန်တဲ့ စွမ်းဆောင်မှုတွေကို နိုင်ငံအလိုက် ရွေးချယ်ဂုဏ်ပြုကြတာဖြစ်လို့ ဂုဏ်ပြုရွေးချယ်ခံရတဲ့ ကစားသမားအတွက်ကလည်း ဂုဏ်ယူစရာဖြစ်ပါတယ်။ ထို့ကြောင့် ၂၀၁၆ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုနဲ့ အကောင်းဆုံးကစားသမားဆု ရွေးချယ်ခံရသူများကို စုစည်းဖော်ပြလိုက်ပါတယ်။**

မိုးမြင့်လင်းလက်

### အန်ဂျယ်လီခါဘာ



ဂျာမန်နိုင်ငံရဲ့တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးအားကစားသမားဆုကို ကမ္ဘာ့နံပါတ်(၁) တင်းနစ်မယ် အန်ဂျယ်လီခါဘာ ရွေးချယ်ခံရပါတယ်။ ခါဘာအတွက် ပထမဆုံးအကြိမ်ရွေးချယ်ခြင်းခံရတာဖြစ်ပြီး ဂျာမန်နိုင်ငံရဲ့တစ်နှစ်တာအကောင်းဆုံးအမျိုးသားအားကစားသမားဆုကို ကျွမ်းဘားကစားသမား ဟမ်ဘူချန်က ဆွတ်ခူးရရှိပါတယ်။ ဟမ်ဘူချန်ဟာ အိုလံပစ်ရွှေတံဆိပ်ဆုရှင်ဖြစ်ပြီး ၂၀၁၆ ခုနှစ်မှာ အားကစားနဲ့ နိုင်ငံကို အကျိုးပြုခဲ့သူဖြစ်ပါတယ်။

### မစ်ခီတာရီယန်

အာမေးနီးယားနိုင်ငံရဲ့၂၀၁၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံးကစားသမား ဆုကို မန်ယူအသင်းနဲ့ အာမေးနီးယားလက်ရွေးစင်ကွင်းလယ်ကစားသမား မစ်ခီတာရီယန် ရွေးချယ်ခြင်းခံရပါတယ်။ မစ်ခီတာရီယန်ဟာ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ခုနှစ်နှစ်ဆက်တိုက် ဆွတ်ခူးရရှိခဲ့တာဖြစ်ပါတယ်။ မစ်ခီတာရီယန်ဟာ စပါးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့ပွဲမှာ တစ်ဂိုးသွင်းယူနိုင်ခဲ့လို့ ပရီမီယာလိဂ်မှာ ပထမဆုံးဂိုးသွင်းနိုင်တဲ့ အာမေးနီးယားဘောလုံးသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သူဖြစ်ပါတယ်။

### အူစိန်ဘော့နှင့် အာယာနာ




နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ်ရဲ့ ၂၀၁၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံး အမျိုးသား အားကစားသမားဆုကို အပြေးချန်ပီယံ တာတိုဘုရင် အူစိန်ဘော့နှင့် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုကို အီသီယိုပီးယားနိုင်ငံမှ အပြေးမယ် အယ်မက်ဇ် အာယာနာတို့ ရွေးချယ်ခြင်းခံခဲ့ရပါတယ်။

### ဂရေဇ့်မန်း

ပြင်သစ်နိုင်ငံရဲ့၂၀၁၆ ခုနှစ်တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုကို ပြင်သစ်လက်ရွေးစင်နှင့် အက်သလက်တီကိုအသင်းမှ တိုက်စစ်မှူး ဂရေဇ့်မန်း ရွေးချယ်ခံခဲ့ရပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိတဲ့ ဂရေဇ့်မန်းဟာ တစ်နှစ်တာအကောင်းဆုံးဆုကို ပထမဆုံးအကြိမ် ရွေးချယ်ခြင်းခံရတာဖြစ်ပါတယ်။ ဂရေဇ့်မန်းဟာ နိုင်ငံအသင်းနဲ့ ကလပ်အသင်းအတွက် ၆၆ ပွဲကစားပြီး ၃၆ ဂိုး သွင်းနိုင်ခဲ့သူဖြစ်ပါတယ်။

### ဗီဒယ်


ချီလီနိုင်ငံရဲ့ ၂၀၁၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုကို ချီလီနိုင်ငံလက်ရွေးစင်နဲ့ ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား ဗီဒယ်ရွေးချယ်ခြင်းခံခဲ့ရပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဗီဒယ်ဟာ ချီလီလက်ရွေးစင်အသင်းဖော်ဆန်းချက်ဇ်ကို ကျော်ဖြတ်ပြီး အခုလိုရွေးချယ်ခြင်းခံခဲ့ရတာဖြစ်ပါတယ်။

### တာဒစ်

ဆားဘီးယားနိုင်ငံရဲ့ ၂၀၁၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုကို ဆာဘီးယားနိုင်ငံ လက်ရွေးစင်နဲ့ ဆောက်သမ်တန်အသင်းတောင်ပံကစားသမား တာဒစ်ရွေးချယ်ခံရပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ တာဒစ်ဟာ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများမှာ ခြေစွမ်းပြနိုင်ခဲ့သူဖြစ်ပြီး ကစားဖော်အီဗန်နိုဗစ်နဲ့ မာတင်တို့ကို ကျော်ဖြတ်ပြီး ရွေးချယ်ခံရသူဖြစ်ပါတယ်။

### အင်ဒီမာရေး

ဘီဘီစီရဲ့တစ်နှစ်တာအကောင်းဆုံးအားကစားဆိုင်ရာ ထူးချွန်ဆုကို ဗြိတိန်နိုင်ငံရဲ့တင်းနစ်ကစားသမား အင်ဒီမာရေး ရွေးချယ်ခံခဲ့ရပါတယ်။ အင်ဒီမာရေးဟာ ၂၀၁၃ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်တို့ကလည်း အခုလို အကောင်းဆုံးဆု ရွေးချယ်ခံခဲ့ရတာမို့ အခုဟာ သုံးကြိမ်မြောက် ဖြစ်ပါတယ်။ အင်ဒီမာရေးဟာ သုံးမျိုးချန်ပီယံ အယ်လစ္စတာဘရောင်းလီနဲ့ မြင်းစီးအလှချန်ပီယံ နစ်ခ်ံစကယ်လ်တန်တို့ကို ကျော်ဖြတ်ပြီး ရွေးချယ်ခံရတာဖြစ်ပါတယ်။



# တရုတ်ကို တစ်ပတ်ပေါင် လေးသိန်းနဲ့ သွားရောက်ကစားတော့မယ့် အော်စကာ

ချယ်လ်ဆီးအသင်းရဲ့ကွင်းလယ်ကစားသမား ဘရာဇီးသား အော်စကာကို တရုတ်ကလပ်ရှန်ဟိုင်း SIPG ထံ ပေါင် ၅၂ သန်းနဲ့ရောင်းချဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ ဒီဈေးနှုန်းကြောင့် အော်စကာဟာ တရုတ်စူပါလိဂ်ကလပ်တွေက ဝယ်ယူခဲ့တဲ့ ကစားသမားတွေထဲက ဈေးအကြီးဆုံးကစားသမားတစ်ဦး ဖြစ်လာပါတယ်။ နည်းပြကွန်တီလက်ထက်မှာ အော်စကာဟာ ချယ်လ်ဆီးမှာ မျက်နှာသာပေးခံရတဲ့ ကစားသမားအဖြစ်ကနေ ကျဆင်းသွားခဲ့ပြီး ဒီနှစ်ထဲမှာတော့ ချယ်လ်ဆီးနဲ့အတူ ၁၁ ပွဲ ပါဝင်ကစားခွင့်ရခဲ့ပေမယ့်ပွဲအစမှာ ကစားခွင့်ရခြင်းမရှိခဲ့ပါဘူး။ အော်စကာဟာ ဇန်နဝါရီလ အပြောင်းအရွှေ့မှာ ရှန်ဟိုင်း SIPG နည်းပြ ဗီးလပ်စ်ဘိုစ်နဲ့ သွားရောက်ဆက်သွယ်မှာဖြစ်ပါတယ်။

အော်စကာအနေနဲ့ တရုတ်ကလပ်မှာ တစ်ပတ်လုပ်ခလစာအဖြစ် ပေါင်လေးသိန်းအထိ ရရှိလိမ့်မယ်လို့ ဆိုပါတယ်။ ဘရာဇီးသား တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ Hulk ဟာ ဇီးနစ်စိန့်ပီတာစဘက်အသင်းကနေ ပြီးခဲ့တဲ့ဇွန်လက တရုတ်ကလပ်ကို ရောက်ရှိချိန်မှာ




ပေါင် ၃၂၀၀၀၀ ရရှိနေပါတယ်။ အော်စကာ ရောက်လာရင်တော့ သူ့ရဲ့လုပ်ခလစာဟာ တရုတ်ရောက် ကစားသမားတွေထဲမှာ အမြင့်ဆုံးဖြစ်လာနိုင်ဖွယ်ရှိပါတယ်။



# အာဆင်နယ်နဲ့ ထပ်မံစာချုပ်ဖို့ ပြေီလအထိစောင့်ကြည့်မယ့် အာစင်ဝင်းဂါး

အာဆင်နယ်အသင်းနဲ့ နည်းပြ အာစင်ဝင်းဂါးတို့ ချုပ်ဆိုထားတဲ့ စာချုပ်ဟာ ဒီနှစ်ပရီမီယာလိဂ်ရာသီအကုန်မှာ ကုန်ဆုံးတော့မှာဖြစ်ပါတယ်။ အာဆင်နယ်အသင်းမှာ နှစ်ပေါင်း ၂၀ ကြာ နည်းပြလုပ်ခဲ့တဲ့ ပြင်သစ်နိုင်ငံသား အာစင်ဝင်းဂါးအနေနဲ့ သူ့ကို ထပ်မံစာချုပ်ဖို့ အလျင်စလို တင်ပြမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ အာစင်ဝင်းဂါးက သူ့အနေနဲ့ စာချုပ်သစ်ထပ်ချုပ်ဖို့ ဆုံးဖြတ်ချက်မချမီ ပြေီလအထိအောင် စောင့်ကြည့်သွားမယ်လို့လည်း ဆိုပါတယ်။ ဝင်းဂါးနဲ့ အာဆင်နယ်အသင်းတို့ရဲ့စာချုပ်သက်တမ်းဟာ မေလမှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ဝင်းဂါးနဲ့ နောက်ဆုံးစာချုပ်ကို ၂၀၁၄ ခုနှစ် မေလက ချုပ်ဆိုခဲ့တာပါ။

အသက် ၆၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နည်းပြဝင်းဂါးဟာ ပရီမီယာလိဂ်မှာ အတွေ့အကြုံရင့်ကျက်တဲ့ နည်းပြတစ်ဦးဖြစ်တာကြောင့် သူ့အနာဂတ်နဲ့ပတ်သက်လို့ သေချာစဉ်းစားဆုံးဖြတ်လိမ့်မယ်လို့ ဆိုပါတယ်။ သူဟာ လောလောဆယ်မှာတော့ အာဆင်နယ်အသင်းကို အကောင်းဆုံး ပြန်လည်ဖွဲ့စည်းနိုင်ဖို့ ကြိုးစားနေပါတယ်။ အာဆင်နယ်အသင်းဟာ လတ်တလောမှာ မန်စီးတီးနဲ့ အဲဗာတန်တို့ကို ရှုံးနိမ့်ခဲ့ပေမယ့် ဖလားရနိုင်တဲ့ ခြေစွမ်းကတော့ ရှိနေဆဲဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# ခရစ္စတဲလ်ပဲလေ့စ်ကို တန်းဆင်းလွတ်အောင် ကြိုးစားပေးရမယ့် ဆမ်အလာဒိုက်စ်

ခရစ္စတဲလ်ပဲလေ့စ် နည်းပြသစ်ဖြစ်လာတဲ့ ဆမ်အလာဒိုက်စ်အနေနဲ့ အသင်းကို တန်းဆင်းလွတ်အောင် ကြိုးစားပေးမယ်ဆိုရင် ပဲလေ့စ်က ပေါင်လေးသန်း ဆုချမယ်လို့ ဆိုပါတယ်။

အင်္ဂလန်နည်းပြဟောင်း ဆမ်အလာဒိုက်စ်ဟာ အလန်ပါဒူးရဲ့ ခရစ္စတဲလ်ပဲလေ့စ်နည်းပြရာထူးကို လက်ခံဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ ဆမ်အလာဒိုက်စ်ကို လုပ်ခလစာအဖြစ် တစ်နှစ်ပေါင်နှစ်သန်းခွဲနဲ့ နှစ်နှစ်ခွဲ စာချုပ်လိုက်ပြီဖြစ်ပါတယ်။ ဆမ်အလာဒိုက်စ်ဟာ ပြီးခဲ့တဲ့နှစ်ကလည်း ဆန်းဒါးလန်းအသင်းကို တန်းဆင်းဇုန်လွတ်အောင် လုပ်ပေးနိုင်ခဲ့တဲ့အတွက် ဆုကြေးငွေအဖြစ် ပေါင်နှစ်သန်းရရှိခဲ့ပါတယ်။ သူဟာ ပရီမီယာလိဂ်ဘောလုံးလောကမှာ အတွေ့အကြုံရင့်ကျက်တဲ့နည်းပြတစ်ဦး ဖြစ်ပါတယ်။




အသင်းတစ်သင်းကို တန်းဆင်းလွတ်မြောက်အောင် ဘယ်လိုလုပ်မယ်ဆိုတဲ့ နည်းဗျူဟာပိုင်းမှာလည်း ကျွမ်းကျင်သူတစ်ဦးဖြစ်ပါတယ်။ သို့ပေမယ့် အင်္ဂလန်အသင်းကိုတော့ ၆၇ ရက်တာ ကိုင်တွယ်ခဲ့ရပြီး လုပ်ခလစာ ပေါင် ၆၅၀၀၀၀ သာ ရရှိခဲ့ပါတယ်။

အသက် ၆၂ နှစ်အရွယ် ရှိပြီဖြစ်တဲ့ ဆမ်အာလာဒိုက်စ်ဟာ ခရစ္စတယ်ပဲလေ့စ်အသင်းကို တန်းဆင်းလွတ်မြောက်အောင် ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရမယ့် အနေအထားဖြစ်ပါတယ်။

# စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပလျက်ရှိ

**သထုံ ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလား ကျေးရွာရှိ မြသိန်းတန်ဘုရားဝင်းအတွင်း၌ နတ်တော်လ စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာပေဟောပြောပွဲများနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို နောင်ကုလားကျေးရွာ စာပေချစ်သူများနှင့် စာပေမြတ်နိုးသူများအသင်းနှင့် အလိမ္မာပျိုးခင်းစာကြည့်တိုက်တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၄ ရက်က စတင်ကျင်းပလျက်ရှိသည်။

စာပေဟောပြောပွဲနှင့် စာအုပ်ဈေးပွဲတော် ဖွင့်ပွဲတွင် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဘုရားလေးတိုက်ကျောင်း ပဓာနနာယကဆရာတော် အရှင်တိက္ခညာဏာဘိဝံသနှင့် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်လေးနွယ်တို့က အမှာစကားပြောကြားသည်။ ထို့နောက် YBC အသင်းဝင်မအိဿက်အေး(အလိမ္မာပျိုးခင်း)နှင့် ဆရာအောင်ကျော်ဆန်း(ဘက်စုံပညာထူးချွန်ဆုရှင်)တို့က ဟောပြောကြပြီး စာပေဟောပြောပွဲ ဒုတိယနေ့ ဒီဇင်ဘာ ၂၅ ရက်တွင် ဆရာနန္ဒာမိုးကြယ်နှင့် သံလျင်မောင်မောင်ဦး၊ ဒီဇင်ဘာ ၂၆ ရက်တွင် ဆရာဟိန်းလတ်နှင့် မော်ဝန်းကြည်မြတ်၊ ဒီဇင်ဘာ ၂၇ ရက်တွင် ဆရာလင်းသိုက်ညွန့်နှင့် ဆရာဇော်ဇော်(မန္တလေးစာကြည့်တိုက်)၊ ဒီဇင်ဘာ ၂၈ ရက် နောက်ဆုံးနေ့တွင် ဆရာဦးဝင်းဝေနောင်နှင့် ဆရာကောင်းသန့်တို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲရက် ငါးရက်အတွင်း စာအုပ် ဈေးရောင်းပွဲတော်ကိုလည်း ကျင်းပသွားမည်ဖြစ်ပြီး ဟောပြောပွဲလာရောက်သည့် စာပေချစ်သူပြည်သူများအား မေတ္တာတုံ့ပြန်သောအားဖြင့် ရန်ကုန်မြို့ရှိ စာပေတိုက်များမှ စာအုပ်များကို ၁၅ ရာခိုင်နှုန်း ဈေးလျှော့ချ၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



# စာအုပ်ပြပွဲနှင့် ဓာတ်ပုံပြပွဲ လပွတ္တာ၌ ကျင်းပ



**လပွတ္တာ ဒီဇင်ဘာ ၂၆**

လပွတ္တာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာအုပ်ပြပွဲနှင့် ဓာတ်ပုံပြပွဲကို ပြည်သူ့စာကြည့်တိုက်၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူများ ပန်းချီလေ့ကျင့်ရေးဆွဲရန်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ်ကပင် စာကြည့်တိုက်ကို ရင်းနှီးမှုရှိလာစေရန်နှင့် ကျောင်းစာအပြင် ပြင်ပစာပေများကိုဖတ်ရှုသည့် အလေ့အထရှိလာစေရန် ရည်ရွယ်ပြီး ကလေးများအခြေပြု စာဖတ်ရှိန်မြင့်တင်ရေးလုပ်ငန်းများအဖြစ် စာအုပ်ပြပွဲနှင့် ဓာတ်ပုံပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ပြောကြားသည်။

စာအုပ်ပြပွဲနှင့် ဓာတ်ပုံပြပွဲသို့ လပွတ္တာမြို့ လူငယ်အားမာန်သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ လာရောက်၍ စာအုပ်များကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြပြီး ပြသထားသော မှတ်တမ်းဓာတ်ပုံများကိုလည်း ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဝင်းကျော်မြင့်(လပွတ္တာ)**

## ရှေးဦးသူနာပြုစုခြင်း(အခြေခံ) သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းနှင့် အမှတ်(၇)ရပ်ကွက်တို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်း (၂/၂၀၁၆) ကို သာကေတမြို့နယ် အမှတ်(၇) အရှေ့ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ဒီဇင်ဘာ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီတပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးရဲမြင့်က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သာကေတမြို့မရဲစခန်းမှူးက သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချသည်များကို တတ်မြောက်အောင်သင်ကြား၍ မိမိရပ်ကွက် မိမိလမ်းတွင် တာဝန်ယူဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ထရန်စဖော်မာသစ် ၁၈ လုံး တပ်ဆင်ပြီး ဓာတ်အားစတင်ပို့လွှတ်

**မြင်းခြံ ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ရပ်ကွက်ပေါင်း ၂၀ ရှိသည့်အနက် ရပ်ကွက် ၁၈ ခု၌ ၁၁/၀.၄ ကေဗွီ၊ ၂၂၀ ကေဗွီအေ ထရန်စဖော်မာအသစ် ၁၈ လုံးကို တိုးချဲ့တပ်ဆင်ခဲ့ရာ လုပ်ငန်းများပြီးစီးသွားပြီဖြစ်၍ လျှပ်စစ်မီးများကို ဒီဇင်ဘာ ၂၅ ရက်တွင် စတင်ပို့လွှတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

မြင်းခြံမြို့တွင်တပ်ဆင်သော ထရန်စဖော်မာများမှာ ADB က ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စုစုပေါင်း ထရန်စဖော်မာ ၂၁ လုံး ရရှိကာ ယခုအခါ ထရန်စဖော်မာ ၁၈ လုံး တပ်ဆင်ပြီး၍ ဓာတ်အားများ စတင်ပို့လွှတ်ပေးခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် ထရန်စဖော်မာ သုံးလုံးကိုလည်း ဆက်လက်တပ်ဆင်ကာ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရပ်ကွက် ၁၈ ခုတွင် ထရန်စဖော်မာသစ်များ တပ်ဆင်ခြင်းလုပ်ငန်းများကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်တို့က ကြီးကြပ်၍ ဆောင်ရွက်ပေးခဲ့ပြီး လျှပ်စစ်မီးသုံးစွဲသူများ ဓာတ်အားပိုမိုပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ ဓာတ်အားစနစ်ကောင်းမွန်ရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးအတွက် ကွန်ကရစ်ဓာတ်တိုင် ၄၂၈ တိုင်ကိုလည်း မူလရှိသော သစ်သားတိုင်များနေရာတွင် အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## သတင်းတိုများ

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ဆွေးနွေး

ရေဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာ အထက(ခွဲ)ကျောင်း၌ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စောနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည်။ တွေ့ဆုံပွဲတွင် ဝန်ကြီးက ဒေသခံပြည်သူများ တင်ပြတောင်းခံထားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်နှင့် ဇီးချိုင်၊ ငါးပြေမ၊ ဖောင်ဒိုး၊ ဘန့်ဘွေး ၊ ကံချိုင်၊ ကုန်းတန်း ၊ ကျောက်ချောင်း၊ မရမ်းကွင်း ကျေးရွာရှစ်ရွာတွင် လမ်းများ၊ စာသင်ကျောင်းများ ပြုပြင်ရန်လုပ်ငန်းကို သက်ဆိုင်ရာဦးစီးဌာနများက လုပ်ဆောင်သွားမည်ဖြစ်ပြီး လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ရပ်ရွာများအနေဖြင့် ကော်မတီ များဖွဲ့၍ စစ်ဆေးကြီးကြပ်သွားရန် လမ်းညွှန်ခဲ့ကာ ပြည်သူများ၏ လိုအပ်ချက်တင်ပြမှုများကိုလည်း ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်မင်း(ဟိုင်းကြီးကျွန်း)**

### ရေဝတီမြစ်ကမ်းပြိုမှုကို ကာကွယ်ရန် ကွင်းဆင်းကြည့်ရှု

တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ်(၄)ရပ်ကွက် ပတုန်းပိတ်ကျေးရွာ၌ ရေဝတီမြစ်ကမ်းပြိုမှုများဖြစ်ပေါ်သဖြင့် လူနေအိမ်အချို့ ကျိုတင်ပြောင်းရွှေ့နေရခြင်းကြောင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် မြစ်ကမ်းတာ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုက်ကြီးမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်း၊ တိုက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်နှင့် ဆည်မြောင်းဦးစီးဌာနမှူး ဦးဇော်မျိုးထွန်းတို့ပါဝင်သောအဖွဲ့က ဒီဇင်ဘာ ၂၄ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ၂၀၁၇ ခုနှစ် မိုးရာသီမတိုင်မီ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်ခဲ့ကြကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

### ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုလမ်းလျှောက်ပွဲကျင်းပ

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ(စတုတ္ထပတ်)ကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။ လမ်းလျှောက်ပွဲတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ပြည်သူများ စုပေါင်း၍ ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့မှ စတင်ကာ မြို့တစ်ပတ် စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့မအားကစားကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။ လူထုလမ်းလျှောက်ပွဲတွင် ပြည်သူ ၄၅၀ ခန့် ပါဝင်ခဲ့ကြပြီး ကလေးငယ်များအတွက် ပျော်ပွဲရွှင်ပွဲများအဖြစ် စည်ဘူးရိုက်ပြိုင်ပွဲ၊ မီတာ ၅၀ အပြေးပြိုင်ပွဲ၊ ကင်းမြီးကောက်ပြိုင်ပွဲများလည်း ပြုလုပ်ပေးခဲ့ကာ လမ်းလျှောက်ပွဲတွင် ပါဝင်သူများကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက လက်ဖက်ရည်နှင့်ကောက်ညှင်းပေါင်းများ ဧည့်ခံကျွေးမွေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

### လိင်အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

လိင်အကြမ်းဖက်မှုဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို မြန်မာနိုင်ငံသတင်းစာအသင်း(ရန်ကုန်)က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၉)ရပ်ကွက် ပဏ္ဍိတာရာမကျောင်းတိုက်ဝင်းအတွင်း၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ဒါရိုက်တာဦးကြည်စိုးထွန်းက မင်္ဂလာခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာနိုက်တင်ဂေးလ်(ယဉ်မင်းဦး-ဆေးတက္ကသိုလ်)က မုန့်ဖုတ်သူရဲ့ မကျက်တကျက်ပေါင်မုန့်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အသံတုရဲမြင့်လေးက သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်သော ရင်နင့်စရာ အကြောင်းအရာများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

### ရေတိုက်စားမှုမှ ကာကွယ်ရန် မြေထိန်းနံရံတည်ဆောက်

**သဲကုန်း ဒီဇင်ဘာ ၂၅**

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သဲကုန်းမြို့နယ်အတွင်း အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် အင်းမ-ဆင်မြီးဆွဲလမ်း၊ ကြို့ကုန်းအုပ်စုရှိ ချောင်းနားတံတားချဉ်းကပ်လမ်း ရေတိုက်စားခြင်းမှကာကွယ်ရန် ကျောက်စီမြေထိန်းနံရံတည်ဆောက်နေမှုလုပ်ငန်း ပြီးစီးမှုကို ဒီဇင်ဘာလတတိယပတ်က မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ကျွန်းလှ ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ရွှေရတုကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်ဖွင့်ပွဲတွင် ရွှေရတုကျောင်းဆောင်သစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၊ မြို့နယ်ပညာရေးမှူး ဦးအောင်ရီနှင့် အလှူရှင် ဦးမြန်မာမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကာ ကျောင်းဆောင်သစ်ကို အလှူရှင်က ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ရှေးဟောင်း မြန်မာ၊ မွန်၊ ပျူ ကျောက်စာသင်တန်း

**ရှေးဟောင်းကျောက်စာများသည် အတိတ်သမိုင်းကြောင်း၏ ခိုင်မာသောအထောက်အထားများဖြစ်ကြပြီး ကျောက်စာများတွင် ရေးထိုးထားသည့်စာများကို ဖတ်ရှုအဓိပ္ပာယ်ဖော်လျက် သမိုင်းပုံရိပ်အချို့ကို ဖော်ထုတ်နိုင်ခဲ့ကြပေသည်။ ကျောက်စာများတွင် မူလထိုးကျောက်စာများသည် အထောက်အထား အခိုင်မာဆုံးဖြစ်ပြီး ဆင့်ထိုး၊ စပ်ထိုး၊ နောက်ထိုး ကျောက်စာများကို မူလ ထိုးကျောက်စာများနှင့် တစ်တန်းတည်းထား၍ အခိုင်အမာ မယူဆအပ်ကြောင်း ပညာရှင်များက ညွှန်ပြခဲ့ကြသည်။**

မောင်သာ
(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံတွင် ကျောက်စာရေးထိုးသည့်အလေ့အထကို ပျူလူမျိုးများက ခရစ်တော်မပေါ်မီ လေးရာစုတွင် စတင်ကျင့်သုံးခဲ့ကြောင်း ပညာရှင်များက ယူဆကြသည်။ ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် သရေခေတ္တရာတစ်ဝိုက်တွင် တွေ့ရှိခဲ့ရသည့် ကျောက်စာများနှင့် ကျောက်အိုးများ၊ ဝက်လက်မြို့အနီး ဟန်လင်းပျူမြို့ဟောင်းမှ ရရှိခဲ့သည့် ပျူကျောက်စာတို့သည် မြန်မာနိုင်ငံ၏ အစောဆုံးကျောက်စာများ ဖြစ်ကြသည်။ သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်ရရှိခဲ့သည့် ပျူဘုရင်များ၏ ကျောက်အိုးများပေါ်တွင် သရေခေတ္တရာ၌ စိုးစံခဲ့သော ပျူဘုရင်များ၏ ဘွဲ့မည်များ၊ နတ်ရွာစံ သက္ကရာဇ်များကို ရေးထိုးထားသည်။

ကျောက်စာများသာမက ရွှေပြားစာ၊ ငွေပြားစာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ စသည်ဖြင့် စာပေအရေးအသား အမျိုးမျိုးရှိခဲ့သည့်အနက် ပုဂံယဉ်ကျေးမှုနယ်မြေ မြင်းကပါရွာ မြစေတီရှိ ရာဇကုမာကျောက်စာနှင့် သရေခေတ္တရာမှ ရရှိခဲ့သည့် ဘုရားထောင်အရိုးအိုး အပါအဝင် ကျောက်အိုးများပေါ်တွင် ရေးသားထားသည့် ပျူစာများကို အဓိပ္ပာယ်ပြန်ဆိုနိုင်ခဲ့သည်။

ရခိုင်ပြည်နယ် သံတွဲနှင့် မြို့ဟောင်းအနီးမှ ခရစ်တော်မပေါ်မီ ခုနစ်ရာစုနှင့် ရှစ်ရာစု ထိုး ကျောက်စာများကို တွေ့ရှိခဲ့သည်။ ယင်းတို့အနက် သျှစ်သောင်းဘုရားရှိ စန္ဒြမင်းဆက် ကျောက်စာအရ ရခိုင်မင်းဆက်နှင့် သမိုင်းဖြစ်ရပ်များကို သိရှိခဲ့ကြရသည်။ ထို့အတူပင် မွန်ဒေသမှ တြာပ်နှင့် ပဏ္ဍိတ်ဟု အမည်ပေးထားသည့် ကျောက်စာနှစ်ချပ်ကို အစောဆုံးတွေ့ရှိခဲ့သည်။ မြန်မာကျောက်စာများအနက် ရာဇကုမာကျောက်စာကို ရှေးအကျဆုံးဟု ပညာရှင်များက မှတ်ယူခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြား၌ တွေ့ရှိရသည့် ကျောက်စာများသည် အချပ်ရေ ၃၀၀၀ ခန့် ရှိမည်ဖြစ်ကြောင်း ဆရာကြီးဦးမြင့်အောင်က မှတ်တမ်းပြုခဲ့သည်။ ကျောက်စာများကို ဝေဘူကျောက်၊ သဲကျောက်နှင့် စကျင်ကျောက်များတွင် အများဆုံးရေးထိုးခဲ့ကြကာ ကျောက်စာအများစုကို မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဒေသများတွင် တွေ့ရှိခဲ့ရသည်။

**ပထမဆုံး ကျောက်စာဝန်နှစ်ဦး**

မြန်မာစာပေသမိုင်းတွင် ၁၈ ရာစု နောက်ပိုင်းမှစ၍ ၁၉ ရာစု နှစ်ဦးပိုင်းအထိ ရာဇဝင်ကျမ်းများ ပေါ်ထွက်ခဲ့ရာ ညောင်ရမ်းဆက် တနင်္ဂနွေမင်း(ခရစ်နှစ် ၁၇၁၄-၁၇၃၃)လက်ထက်တွင် ဦးကုလားရာဇဝင်၊ ဘိုးတော်ဘုရားဗဒုံမင်း(ခရစ်နှစ် ၁၇၈၂-၁၈၁၉)လက်ထက်တွင် တွင်းသင်းမဟာရာဇဝင်သစ်နှင့် ဘကြီးတော်စစ်ကိုင်းမင်း (ခရစ်နှစ် ၁၈၁၉-၁၈၃၇)လက်ထက်တွင် မှန်နန်းရာဇဝင်တို့ကို ရေးသားပြုစုခဲ့ကြသည်။ ယင်းသမိုင်းကျမ်းများကို ပေရွက်များပေါ်တွင် ရေးသားခဲ့ပြီး ပုံနှိပ်နည်းပညာများ တိုးတက်လာချိန်တွင် စာအုပ်များအဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့ကြသူများသည် ပေရွက်များပေါ်တွင် စာပေရေးသားခြင်းမပြုမီက ကျောက်ပြား၊ ကြေးပြား၊ ရွှေပြားများပေါ်တွင် စာများရေးသားခဲ့ကြသဖြင့် သမိုင်းကိုဖော်ထုတ်သူများအတွက် အထောက်အထားများ ဖြစ်လာခဲ့သည်။

**အဆင့်မြင့်တွင် ကျောက်စာမျိုးစုံကို ဖတ်ရှုကြခြင်းဖြင့် ရှေးဟောင်း မြန်မာ၊ မွန်၊ ပျူ ကျောက်စာများကို ဖတ်ရှုနိုင်သည့် မျိုးဆက်သစ်များ ထွက်ပေါ်လာစေရန် ပျိုးထောင်ပေးလျက်ရှိသည်။ ကျောက်စာများကို စိတ်ဝင်စားသူများသည် တစ်စ ထက်တစ်စ နည်းပါးလာပြီး သင်တန်းသို့ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ကျောက်စာနှင့်သက်ဆိုင်သည့် ဝန်ထမ်း များနှင့် တက္ကသိုလ်အသီးသီးမှ ကျောက်စာကို လေ့လာပို့ချနေသည့် ရှေးဟောင်းသုတေသန၊ မြန်မာစာ၊ အရှေ့တိုင်း ပညာစသည့် ဌာနများမှ ဆရာ ဆရာမများသာ အများဆုံးတက်ရောက်ကြပေသည်။**

ကုန်းဘောင်ဆက် ဘုရင်တစ်ပါးဖြစ်သူ ဘိုးတော်ဘုရားဗဒုံမင်းသည် ဘာသာ၊ သာသနာရေးကို များစွာထောက်ပံ့မှုပြုခဲ့သည့် မင်းတစ်ပါးဖြစ်ပြီး သာသနာ့မြေနှင့် မင်းမြေကို ခွဲခြားသိရှိနိုင်ရန် ကျောက်စာများကို အကိုးအကားပြုခဲ့သည်။ ဗဒုံမင်းသည် ကျောက်စာဌာနတစ်ခုဖွင့်လှစ်ခဲ့ကာ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောက်စာများကို စုဆောင်း၍ ဖတ်ရှုစေခဲ့သည်။ ထိုကျောက်စာများကို ကြီးကြပ်ရသည့် တွင်းသင်း တိုက်ဝန် မဟာစည်သူနှင့် သက်ပန်းအတွင်းဝန် ဗလရာဇာကျော်ထင်တို့အား မြန်မာနိုင်ငံ၏ ပထမဆုံးကျောက်စာဝန်များဟု ဆိုရပေမည်။

ဗဒုံမင်းသည် ရှေးရာဇဝင်များမှာ ကျောက်စာများနှင့် မကိုက်ညီမှုများရှိနေကြောင်း တွေ့ရှိခဲ့သဖြင့် တွင်းသင်းတိုက်ဝန်မဟာစည်သူအား ကျောက်စာများနှင့်ညီညွတ်သည့် ရာဇဝင်သစ်တစ်စောင်ပြုစုရန် တိုက်တွန်းခဲ့ရာမှ တွင်းသင်းမဟာရာဇဝင်သစ်ကျမ်း ထွက်ပေါ်လာခဲ့သည်။ ဗဒုံမင်းသည် ကျောက်စာများ၏ သမိုင်းတန်ဖိုးကို ကောင်းစွာသိရှိခဲ့သော ဘုရင်ဖြစ်သဖြင့် တွင်းသင်းမဟာရာဇဝင်သစ်သည် ကျောက်စာများကို အကိုးအကားပြုသည့် ပထမဆုံးရာဇဝင်ကျမ်း ဖြစ်လာခဲ့သည်။ မဟာရာဇဝင်ကြီး ဋီကာနိဿယတွင် 'ရာဇဝင်စကားနှင့် ကျောက်စာစသည်တို့ မညီမညွတ်ဖြစ်ကုန်မူကား ရာဇဝင်စကားကို မယုံကြည်အပ်၊ ကျောက်စာစသည်တို့သာ ယုံကြည်အပ်' ဟုပင် ရေးသားထားပေသည်။

**ရှေးဟောင်းကျောက်စာများ**

အီဂျစ်လူမျိုးများသည် ခရစ်တော်မပေါ်မီ နှစ် ၃၆၀၀ တွင် ကျောက်စာများကို ရေးထိုးခဲ့ကြသည်။ နောင်နှစ် ၂၀၀ တွင် ဘေဘီလုံနှင့် မြေထဲပင်လယ်ဒေသတွင် ကျောက်စာထိုးသည့်ဓလေ့ ထွန်းကားခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ကျောက်စာရေးထိုးသည့်ဓလေ့သည် ဘေဘီလုံယဉ်ကျေးမှုခေတ်နှင့်အတူ ပေါ်ထွန်းခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ဘီစီ ၂၅၀ ခုနှစ်က စိုက်ထူခဲ့သည့် အာသောကမင်းကြီးကျောက်စာတိုင်များတွင် စာလုံးများကို ပြဟ္မီအက္ခရာ၊ ခရော့ရှတီအက္ခရာများဖြင့် ရေးထိုးခဲ့သည်။

ကျောက်စာများကိုလေ့လာခြင်းဖြင့် ကျောက်စာရေးထိုးသောခေတ်က ယုံကြည်မှုအယူဝါဒများ၊ ယဉ်ကျေးမှုအနုပညာများနှင့် လူမှုဆက်ဆံရေးများကို မှန်းဆ အကဲခတ်နိုင်သဖြင့် နိုင်ငံသမိုင်းကို များစွာအထောက်အကူဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားသည်။

မြန်မာနိုင်ငံတွင် စာပေအရေးအသားပေါ်ထွန်းခဲ့ပြီးနောက် ကျောက်စာများရေးထိုးခဲ့ကြသဖြင့် ရေးထိုးခဲ့သူများ သုံးစွဲခဲ့သည့် ဘာသာစကားအလျောက် ပျူ၊ မွန်၊ ရခိုင်၊ မြန်မာ၊ ပါဠိစသည်ဖြင့် အက္ခရာစာလုံးများ ကွဲပြားခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံအရပ်ရပ်တွင် ဘာသာမျိုးစုံဖြင့်ရေးထိုးထားသည့် ကျောက်စာများကို တွေ့ရှိကြရပြီး မြန်မာ၊ ပျူ၊ မွန်၊ ပါဠိ ဘာသာလေးမျိုးဖြင့် ရေးထိုးထားသည့် ရာဇကုမာကျောက်စာသည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ဖြစ်လာခဲ့သည်။

မြန်မာနှင့် မွန်ဘာသာစကားသည် မျက်မှောက်ခေတ်အထိ ဆက်လက်သုံးစွဲ ရှင်သန်နေဆဲဖြစ်သော်လည်း ပျူနှင့် ပါဠိဘာသာစကားတို့သည် ယခုအချိန်တွင် အသုံးမပြုတော့သည့်ဘာသာစကား(Dead Language)များ ဖြစ်နေကြသည်။ အက္ခရာစကားလုံးမရှိဘဲ အသံထွက်ကိုရေးသားရသည့် ပါဠိဘာသာ၏ အနက်အဓိပ္ပာယ်များကို သိနားလည်နိုင်ကြသော်လည်း လူမျိုးနှင့် ဘာသာစကား ပျောက်ကွယ်ခဲ့ပြီဖြစ်သည့် ပျူများ၏စာလုံးများကို ပြည်တွင်းပြည်ပ ပညာရှင်အဆက်ဆက်က အပြည့်အစုံမဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ ဖော်ထုတ်နိုင်ခဲ့ကြသည်။ သို့တိုင်အောင် ပျူဘာသာ၊ ရှေးဟောင်းမြန်မာစာ၊ ရှေးဟောင်းမွန်ဘာသာတို့ကို တတ်ကျွမ်းသူဦးရေသည် နည်းပါးလျက်ရှိသည်။



**ကျောက်စာသင်တန်း**

မြန်မာ့သမိုင်းအတွက်သာမက ဘာသာစာပေအရေးအသားနှင့် ရှေးဟောင်းသုတေသနပညာရပ်များကို အထောက်အကူဖြစ်စေသည့် ရှေးဟောင်းဘာသာစကားများကို တတ်သိနားလည်သည့် မျိုးဆက်သစ်များ ပေါ်ထွန်းစေရန်ရည်ရွယ်လျက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးဟောင်း မြန်မာ၊ မွန်၊ ပျူ ကျောက်စာသင်တန်းကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ပို့ချခဲ့သည်။ သင်တန်းများကို ရန်ကုန်မြို့တွင်တစ်ကြိမ်၊ မန္တလေးမြို့တွင်နှစ်ကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၉၄ ဦး တက်ရောက်ခဲ့ပြီးဖြစ်သည်။

ယခုအခါတွင် သင်တန်းအမှတ်စဉ်(၄)ကို ရန်ကုန်မြို့၌ ဖွင့်လှစ်လျက်ရှိပြီး သင်တန်းသား ၂၆ ဦး တက်ရောက်လျက်ရှိသည်။ သင်တန်းကို အဆင့်သုံးဆင့်ပိုင်းခြားလျက် တစ်ဆင့်လျှင် တစ်လစီ ပို့ချပေးလျက်ရှိရာ အခြေခံအဆင့်တွင် ဘာသာစကားဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် အက္ခရာစာလုံးများ အဆင့်ဆင့်ပြောင်းလဲလာပုံကို သင်ယူကြရသည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ် ကျောက်စာရေးထုံးများ၊ ကျောက်စာသုံးဝေါဟာရများကို လေ့လာကြရပြီး ခေတ်အဆက်ဆက် ရေးထိုးထားသည့် ရှေးဟောင်းမြန်မာကျောက်စာများကို ဖတ်ရှုကြရသည်။

အလယ်အလတ်အဆင့်တွင် မွန်ကျောက်စာအခြေခံများကို သင်ယူကြရပြီး ကျောက်စာများကို လက်တွေ့ရေးကူးကြရသည်။ အဆင့်မြင့်တွင် ကျောက်စာမျိုးစုံကို ဖတ်ရှုကြခြင်းဖြင့် ရှေးဟောင်း မြန်မာ၊ မွန်၊ ပျူ ကျောက်စာများကို ဖတ်ရှုနိုင်သည့် မျိုးဆက်သစ်များထွက်ပေါ်လာစေရန် ပျိုးထောင်ပေးလျက်ရှိသည်။ ကျောက်စာများကို စိတ်ဝင်စားသူများသည် တစ်စထက်တစ်စ နည်းပါးလာပြီး သင်တန်းသို့ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ကျောက်စာနှင့်သက်ဆိုင်သည့် ဝန်ထမ်းများနှင့် တက္ကသိုလ်အသီးသီးမှ ကျောက်စာကိုလေ့လာပို့ချနေသည့် ရှေးဟောင်းသုတေသန၊ မြန်မာစာ၊ အရှေ့တိုင်းပညာစသည့် ဌာနများမှ ဆရာဆရာမများသာ အများဆုံး တက်ရောက်ကြပေသည်။



**ကျောက်စာကူးစနစ်**

ကျောက်စာပေါ်တွင်ရေးထွင်းထားသည့် စာလုံးများကို တိုက်ရိုက်ဖတ်ရှုခြင်းထက် ကျောက်စာများကို မိုင်းကိုင်စက္ကူပေါ်သို့ကူးယူပြီးမှ ဖတ်ကြခြင်းက ပိုမိုပီပြင် ရှင်းလင်းစွာ ဖတ်ရှုနိုင်ကြပေသည်။ ကျောက်စာသင်တန်းတွင် ပညာရှင်ဆရာများက ကျောက်စာများကို သင်တန်းသားများအား လက်တွေ့ရေးကူးစေပါသည်။

ကျောက်စာမကူးမီ လိုအပ်သည့်ပစ္စည်းများကို စုစည်းပြီးနောက် ပထမဦးစွာ ကျောက်စာမျက်နှာပြင်ကို အဝတ်ဖြင့်ပွတ်သပ်ပြီး ရေဖြင့်ဆေးကြောခြင်းဖြင့် ကျောက်စာစာလုံးများအကြားတွင် ရှိနေနိုင်သည့် ဖုန်များ၊ အမှိုက်စများကို ရှင်းလင်းရသည်။ ထို့နောက် ကျောက်စာရေးကူးမည့် မိုင်းကိုင်စက္ကူများကို စိုစွတ်သွားစေရန် ရေတွင်ခေတ္တမျှနှစ်ပြီးနောက် လက်ကောက်ဝတ်ပေါ်သို့ ဖြည်းညင်းစွာရိုက်၍ မစုတ်မပြဲစေရန် ဖြန့်ရသည်။ မိုင်းကိုင်စက္ကူသည် တစ်ဖက်ကချော၍ တစ်ဖက်ကကြမ်းသဖြင့် ရေဆွတ်ပြီးသည့်စက္ကူ၏ ကြမ်းသည့်ဘက်ကို ကျောက်စာပေါ်သို့ တင်ရသည်။ မိုင်းကိုင်စက္ကူများကို ကျောက်စာတစ်ချပ်လုံး ပြည့်သည်အထိတင်ပြီး ကျောက်စာပေါ်တွင်ကပ်နေစေရန် စုတ်တံငယ်ဖြင့် ဖြည်းညင်းစွာရိုက်ပေးရသည်။ လေခိုကာ ဖောင်းနေသည့်နေရာများကို လေများထွက်သွားသည်အထိ ရိုက်ရသည်။ ကျောက်စာများသည် ပုံသဏ္ဍာန်၊ အရွယ်အစား၊ အထူအပါး ကွဲပြားလျက် အကောင်းအကျိုး မျိုးစုံရှိကြသဖြင့် မိုင်းကိုင်စက္ကူများကို စာသားမြင်ရသည့်နေရာများအားလုံး အုပ်မိသည်အထိ ကပ်ရသည်။ ရေစိုနေသည့်စက္ကူများ ခြောက်သွေ့မသွားမီ ကျောက်စာပေါ်တွင်ရေးထွင်းထားသည့်စာလုံးများ ပေါ်လာစေရန် စက္ကူပေါ်သို့ အနက်ရောင်ဆေးမင်ကို တင်ကြရသည်။

မိုင်းကိုင်စက္ကူပေါ်သို့ မင်တင်ရာတွင် ဂွမ်းကိုထုပ်ထားသည့် စွပ်ကျယ်စအလုံးကို ဆေးမင်ဖြင့်တို့ပြီး စာလုံးများပေါ်သို့ ဖိ၍ဖြစ်စေ(Puffing) သို့မဟုတ် ဆေးပေါ်တွင်လိုမ့်ထားသည့် ဒလိမ့်တုံးငယ်ဖြင့် ကျောက်စာပေါ်တွင်လိမ့်၍ဖြစ်စေ ကျောက်စာပေါ်မှစာလုံးများကို စက္ကူပေါ်တွင်ထင်လာစေရန် စိတ်ရှည်စွာပြုလုပ်ကြရသည်။

ကျောက်စာပေါ်ရှိစာလုံးများအားလုံး ပေါ်လာသည်အထိ စာကြောင်းတစ်ကြောင်းချင်း ပြုလုပ်ကြရသည်။ စွပ်ကျယ်လုံးဖြင့်ဖိရာတွင် အချိန်အဆ အရေးကြီးသကဲ့သို့ ဒလိမ့်တုံးဖြင့်လိမ့်ရာတွင်လည်း အဖိအဖော့ အရေးကြီးသည်။ ကျောက်စာပေါ်တွင် အုပ်ထားသည့် စက္ကူပေါ်တွင် ကျောက်စာပေါ်မှစာလုံးများ အားလုံးထင်ပြီးလျှင် စက္ကူကို ကျောက်စာမှခွာပြီး ခြောက်သွေ့စေရန် နေပူတွင် အခြောက်လှမ်းရသည်။ ကျောက်စာမှခွာရာတွင် ကူးထားသည့်စက္ကူ စုတ်ပြဲခြင်းမရှိစေရန် ကျောက်စာ ထိပ်မှစ၍ အောက်သို့ လိပ်ယူရသည်။

ခြောက်သွေ့သွားသော မိုင်းကိုင်စက္ကူပေါ်တွင် ကျောက်စာအမည်၊ ရေးကူးသူနှင့် ရေးကူးသည့်ရက်စွဲတို့ကို ထောင့်တွင်ရေးသားပြီး လိပ်၍ ကျည်တောက်များဖြင့် သိမ်းဆည်းကြရသည်။ ကျောက်စာတစ်ချပ်ကို အနည်းဆုံးသုံးရွက် ကူးထားခြင်းဖြင့် ကျောက်စာပေါ်မှစာသားများကို အမှားအယွင်းမရှိ ရရှိနိုင်ကာ မိမိတို့ အလိုရှိရာ စာရွက်စာတမ်းများတွင် ပြန်လည်ကူးယူနိုင်ပေသည်။

မြန်မာနိုင်ငံတွင်တွေ့ရှိထားသည့် ကျောက်စာအများစုသည် ဘာသာရေးဆိုင်ရာ အကြောင်းအရာများ ဖြစ်သော်လည်း ကျောက်စာရေးထိုးခဲ့စဉ်က လူမှုဘဝ တစ်စိတ်တစ်ဒေသကို ထုတ်နှုတ်လေ့လာနိုင်သဖြင့် ကျောက်စာများ၏တန်ဖိုးသည် ကြီးမားလှပေသည်။ ယင်းကျောက်စာများကို ဖတ်ရှုနိုင်သူများအား သမိုင်းနှင့် သုတေသန လုပ်ငန်းများအတွက် စဉ်ဆက်မပြတ် လိုအပ်လျက်ရှိသဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဖွင့်လှစ်ပို့ချလျက်ရှိသည့် ရှေးဟောင်း မြန်မာ၊ မွန်၊ ပျူ ကျောက်စာသင်တန်းများမှ မျိုးဆက်သစ်များသည် ကျောက်စာကူးခြင်း၊ ကျောက်စာဖတ်ခြင်းတို့ကို ဆက်လက်လေ့လာ သုတေသနပြုကြခြင်းဖြင့် ကျောက်စာပညာရှင်များ ဖြစ်လာကြပါစေကြောင်း ဆန္ဒပြုမိပါသည်။ ။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၂)(၉)**
**မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု သုတေသန (ဦးမြင့်အောင်)**
**ရှေးဟောင်း မြန်မာ၊ မွန်၊ ပျူ ကျောက်စာသင်တန်း မှတ်စုများ**

# ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် လှုပ်ရှားမှုအဖြစ် စုပေါင်းစက်ဘီးစီး

**တာချီလိတ် ဒီဇင်ဘာ ၂၆**

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင်လှုပ်ရှားမှုအဖြစ် စုပေါင်းစက်ဘီးစီးနင်းပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၆နာရီခွဲက တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ရှမ်းရိုးမကုန်တိုက်ရှေ့မှ စတင်ကာ မယ်ယန်းတိုးဂိတ်အထိ တပျော်တပါး စုပေါင်းစီးနင်းခဲ့ကြောင်း သိရသည်။




စုပေါင်းစက်ဘီးစီးနင်းပွဲကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးဆိုင်းစွံဆိုင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် စက်ဘီးစီးဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ ထိုင်းနိုင်ငံ ချင်းရိုင်းနှင့် မယ်ဆိုင်မြို့တို့မှ စက်ဘီးစီးနင်းသူများ စုစုပေါင်း အင်အား ၃၀၀ ကျော် ပါဝင်စီးနင်းခဲ့ကြသည်။

စုပေါင်းစက်ဘီးစီးနင်းပွဲကို ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက သေနတ်ပစ်ဖောက် ဖွင့်လှစ်ပေးသည်။

အဆိုပါပွဲသို့ မြို့နယ်စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြို့နယ် အားကစားအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှမ်းပြည်နယ်အတွင်း ၂၀၂၀ ပြည့်နှစ်တွင် ဆေးလိပ်ငွေ့ကင်းစင်သော မြို့တော်များဖြစ်ရေး ရည်ရွယ်ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဒီဇင်ဘာလူထုအားကစားလ တတိယအကြိမ် လူထုစက်ဘီးစီးပွဲဆင်နွှဲ

**ကလေး ဒီဇင်ဘာ ၂၆**

ကလေးခရိုင်နှင့် မြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ ကလေးမြို့စက်ဘီးစီးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအဖြစ် တတိယအကြိမ် လူထုစက်ဘီးစီးပွဲကို ကလေးမြို့၌ ဒီဇင်ဘာ ၂၅ ရက်က စည်ကားစွာကျင်းပသည်။

လူထုစက်ဘီးစီးပွဲတွင် ဒေသခံ လူကြီး လူငယ်အများအပြား စုပေါင်းပါဝင်၍ ကလေးမြို့လမ်းဆုံမီးပွိုင့်စုရပ်မှ စတင်တာထွက်ပြီး ဗိုလ်ချုပ်လမ်းမအတိုင်း တာဟန်းလမ်းဆုံမီးပွိုင့်အထိ၊ ထိုမှ တစ်ဆင့်ဗိုလ်ချုပ်လမ်းမတစ်လျှောက်နှင့် ဆက်လက်၍ အောင်ဇေယျလမ်းအတိုင်း ခရိုင်ပြည်သူ့အားကစားကွင်းအထိ စက်ဘီးစီးခဲ့ကြပြီး ခရိုင်ပြည်သူ့အားကစားကွင်းတွင် ပန်းဝင်ပြီးနောက် စက်ဘီးစီးအဖွဲ့သည် ဘောလုံးကွင်းကို တစ်ပတ်ပတ်၍ စက်ဘီးစီးကြကာ ဒီဇင်ဘာ အားကစားလ လူထုလှုပ်ရှားမှု တတိယအကြိမ် လူထုစက်ဘီးစီးပွဲကို တပျော်တပါး ဆင်နွှဲခဲ့ကြသည်။



လူထုစက်ဘီးစီးပွဲ ကျင်းပနိုင်ရေးအတွက် Royal-D အားဖြည့်အချိုရည်၊ Myanmar Beer နှင့် မြပုလဲ စက်နှင့် စက်အပိုပစ္စည်း အရောင်းဆိုင်တို့က ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

# အထက(ခွဲ)အဖြစ် ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲ ကျင်းပ

**စေတုတ္တရာ ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကျောက်ပုံကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းကို အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

အထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်နှင့် တိုင်းဒေသကြီးပညာရေးမှူး ဦးတင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် လူမှုရေးဝန်ကြီးနှင့် တိုင်းဒေသကြီးပညာရေးမှူးတို့က ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်ကြောင်းပြောကြားကာ ကျောက်ပုံကျေးရွာ ကျောင်းအကျိုးတော်ဆောင် ဦးခင်မောင်ဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ကျောက်ပုံကျေးရွာ အခြေခံပညာကျောင်းကို ၁၉၉၇ ခုနှစ်တွင် မူလတန်းကျောင်းအဖြစ် ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကျောင်းဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတုတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းတာဝန်များကို ဥပဒေရုံးအဆင့်ဆင့်က ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်များကိုလေ့လာ၍ လုပ်ငန်းများအောင်မြင်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုကဏ္ဍပြုပြင်ပြောင်းလဲရေး၊ နိုင်ငံသားများ၏ ဥပဒေအရ ရပိုင်ခွင့်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး၊ ဥပဒေအရာရှိများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေး စသည့်လုပ်ငန်းများ အပါအဝင် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ သဘောတူချမှတ်ခဲ့သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအပေါ် ယခုအစည်းအဝေးတွင် ပြန်လည်သုံးသပ်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ထို့အပြင် ဥပဒေအရာရှိကျင့်ဝတ်လက်စွဲ (မူကြမ်း)ကို ပြုစုပြီးဖြစ်၍ ယင်းအပေါ်တွင်လည်း ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်းအရ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ ဥပဒေရုံးအဆင့်ဆင့်သည် အဆိုပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများအကြား ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ဥပဒေကြမ်းများနှင့် စာချုပ်စာတမ်းများ စိစစ်အကြံပြုခြင်းတို့ကို ဆောင်ရွက်ရာတွင် လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့အပြင် ဥပဒေရုံးအဆင့်ဆင့်သည် တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် အမှုလိုက်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာ လိုက်နာကျင့်သုံးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အမှုများကို မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်နိုင်ရေးအတွက် ဥပဒေအရာရှိများအနေဖြင့် ရာဇဝတ် ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေများနှင့်အညီ တင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ တိုင်ကြားစာများအပေါ် စစ်ဆေးပေါ်ပေါက်ချက်အရ ဥပဒေအရာရှိသုံးဦးကို သတိပေးခြင်း၊ ခြောက်ဦးကို စာဖြင့်သတိပေးခြင်း၊ နှစ်ဦးကို ရာထူးတိုးရပ်ဆိုင်းခြင်း ပြစ်ဒဏ်များချမှတ်ခဲ့ပြီး စိစစ်ဆဲဥပဒေအရာရှိ ၃၂ ဦးရှိကြောင်း၊ ဥပဒေရုံးများအပေါ် ပြည်သူများယုံကြည်ကိုးစားမှုရှိစေရေးအတွက် အဂတိလိုက်စားမှုများကို ထိရောက်စွာ ကြပ်မတ်အရေးယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေရုံးအဆင့်ဆင့်ရှိ ဝန်ထမ်းများအားလုံးသည် ကိုယ်ကျင့်တရားကောင်းမွန်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်းလည်း ဥပဒေချုပ်က ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ဟံလင်းရေနုတ်မြောင်းတူးဖော်မှု ကွင်းဆင်းစစ်ဆေး

**ဝက်လက် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဟံလင်းအင်းရေနုတ်မြောင်း အပိုင်း(၄)၌ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ခနဖြိုးကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကာ ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်း၊ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး၊ ဝက်လက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများအဖွဲ့က ကုမ္ပဏီတာဝန်ရှိသူများအား လုပ်ငန်းများအချိန်များ အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် ရေလမ်းကြောင်းဖြောင့်ဖြူးရေးတို့အတွက် ဆောင်ရွက်ရန်ရှိသည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ဟံလင်းအင်းရေနုတ်မြောင်း အပိုင်း(၄)တွင် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ဝက်လက်မြို့နယ်အတွင်းရှိ မုဆိုးခြုံကျေးရွာ၊ ဘင်တဲကုန်းရွာ၊ သခွတ္တောကျေးရွာ၊ အောင်ချမ်းသာကျေးရွာနှင့် ကုန်းကြီးကျေးရွာများမှ လယ်မြေဧက ၆၀၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ကလေးမြို့နယ်တွင် မိုးစပါးမျိုးသန့်များ ပိုမိုစိုက်ပျိုးရန် ဆောင်ရွက်မည်

**ကလေး ဒီဇင်ဘာ ၂၆**

ကလေးမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ရာသီ၌ မိုးစပါး ၉၆၀၆၇ ဧက စိုက်ပျိုးခဲ့သည့်အနက် ရေမင်းစပါးမျိုးကို ၅၁၃၂၆ ဧက စိုက်ပျိုးခဲ့သဖြင့် တစ်မြို့နယ်လုံးစိုက်ဧရိယာ၏ ၅၃ ရာခိုင်နှုန်း စိုက်ပျိုးခဲ့ကြောင်းနှင့် ကလေးမြို့နယ်အတွင်း ရေမင်းမျိုးသန့်စပါးများဆက်လက်ပြန့်ပွားရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ် သာစည်ကျေးရွာအုပ်စု ချင်းဆိုင်ကျေးရွာရှိ ရေမင်းမိုးစပါး မျိုးသန့်မျိုးစေ့ထုတ်စံပြစိုက်ခင်း ၅၀ ဧက၌ ဒီဇင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည့် စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးအောင်က မြို့နယ်အတွင်း ရေမင်းမျိုးသန့်စပါးများ ဆက်လက်ပြန့်ပွားရေးအတွက် ယခုကဲ့သို့ မျိုးစေ့ထုတ်စံပြစိုက်ခင်းများ ဆောင်ရွက်ပြသခြင်းဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားသော ဆန်စပါးများ ထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များပြောင်းလဲစိုက်ပျိုးရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် ယခုလို မျိုးစေ့ထုတ်စိုက်ခင်းများ ပြုလုပ်ပြီး ဒေသအတွင်း မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးသွားနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လာမည့်နှစ်များတွင်လည်း ယခုနှစ်ထက်ပိုမို၍ မျိုးကောင်းမျိုးသန့်များကို တောင်သူအများစုက ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးကြရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ များ၊ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး အဆိုပါစံကွက်မှ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ စပါးအစို ၁၂၁ ဒသမ ၈၇ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**



# ရှေ့နေမဟုတ်သူရှေ့နေ နှင့် ရှေ့နေတို့အကြောင်း

**လယ်ဝေးဖိုးသိမ်း(မင်းဝိုင်း)**

သက်ဆိုင်ရာတရားရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်နှင့် ဝင်ခွင့်ပြုပေးထားသော ရှေ့နေနှစ်မျိုးရှိပါသည်။ တရားလွှတ်တော်ရှေ့နေ (Advocate of the High Court ) နှင့် အထက်တန်းရှေ့နေ (Higher Grade Pleader) တို့ ဖြစ်ပါသည်။

တရားရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ကြသော တရားလွှတ်တော်ရှေ့နေနှင့် အထက်တန်းရှေ့နေတို့၏ အမှုလိုက်ပါဆောင်ရွက်ရန် အခွင့်အရေး (Right to Act) မှာ များစွာကွာခြားပါသည်။ တရားလွှတ်တော် ရှေ့နေတစ်ဦးအနေဖြင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ တရားရုံးအဆင့်ဆင့်တွင် အမှုလိုက်ပါ ဆောင်ရွက်ခွင့်ရှိပြီး အထက်တန်းရှေ့နေတစ်ယောက်မှာမူ မိမိလိုက်ပါဆောင်ရွက်မည့် ခရိုင်နယ်မြေအတွင်းရှိ ခရိုင်တရားရုံးနှင့် ယင်းလက်အောက်ခံမြို့နယ်တရားရုံးများတွင်သာ အမှုလိုက်ပါ ဆောင်ရွက်ခွင့်ရှိပါသည်။

အထူးကိစ္စတစ်ရပ်အနေဖြင့် အထက်တန်းရှေ့နေတစ်ဦးကို ဗဟိုတရားရုံးတွင် အမှုလိုက်ပါ ဆောင်ရွက်ခွင့်ပြုသည့် **အမှုတစ်မှု**[၁] ၁၉၆၅ ခုနှစ်က မြန်မာနိုင်ငံတွင် ပေါ်ပေါက်ခဲ့ပါသည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄ (ဒ) တွင် ရှေ့နေ (Pleader) ၏အဓိပ္ပာယ်ကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

"ရှေ့နေ" ဆိုသည့်စကားရပ်ကို တရားရုံးတစ်ရုံးတွင် မှုခင်းကိစ္စဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး ခေါ်ဝေါ်အသုံးပြုလျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အဆိုပါတရားရုံးတွင် အမှုလိုက်ပါဆောင်ရွက်ခွင့်ရသူ ရှေ့နေကိုဆိုသည်။ ထို့အပြင် ယင်းစကားရပ်တွင် (၁) ယင်းသို့ အခွင့်ရသော တရားလွှတ်တော်ရှေ့နေနှင့်(၂) ဆိုခဲ့သည့် မှုခင်းကိစ္စတွင် လိုက်ပါဆောင်ရွက်ရန် တရားရုံး၏ ခွင့်ပြုချက်ဖြင့် ခန့်ထားသော အခြားသူတစ်ဦးဦးလည်း ပါဝင်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၂ (၁၅) တွင် ရှေ့နေ၏အဓိပ္ပာယ်ကို အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်-

"ရှေ့နေ"ဆိုသည်မှာ တရားရုံးတွင် အခြားသူကိုယ်စား တက်ရောက်လျှောက်လဲပိုင်ခွင့်ရှိသူကို ဆိုသည့်အပြင် ထိုစကားရပ်တွင် တရားလွှတ်တော်ရှေ့နေလည်း ပါဝင်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့တွင် ရှေ့နေဆိုသည့် စကားရပ်နှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အနည်းငယ်စီကွာခြားနေပါသည်။

ရှေ့နေမဟုတ်သူရှေ့နေ အကြောင်း ဆက်လက်တင်ပြပါရစေ။ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄ (ဒ) ပါ အခြားသူ (Any Other Person) ဆိုသော စကားရပ်တွင် ရှေ့နေမဟုတ်သူ သာမန်အရပ်သားများလည်း ပါဝင်ပါသည်။ အမှုတွင် ရှေ့နေကဲ့သို့ လိုက်ပါဆောင်ရွက်ခွင့်ကို တစ်ဦးတစ်ယောက်အား အမှုစစ်တရားသူကြီးက ခွင့်ပြုပိုင်ခွင့်ရှိပါသည်။ ထိုသို့ အမှုစစ်တရားသူကြီး၏ ခွင့်ပြုချက်ဖြင့် ခန့်ထားသော အခြားတစ်ဦးသည် ရှေ့နေ (Pleader) ပင် ဖြစ်ပါသည်။

သက်ဆိုင်ရာ တရားရုံးအသီးသီးတွင် အမှုလိုက်ပါဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာရင်းတင်သွင်းခွင့်ပြုပေးထားသော ဥပဒေအရ ခန့်အပ်ထားသည့် ရှေ့နေများသာမက တရားရုံးတွင် ဆောင်ရွက်သည့်မှုခင်းကိစ္စတွင် တရားသူကြီးက ခန့်အပ်ထားသော အခြားသူ (သာမန်အရပ်သား)တစ်ဦးမှာလည်း ရှေ့နေဖြစ်ပါသည်။ အဆိုပါ ရှေ့နေမျိုးကို ရှေ့နေမဟုတ်သူရှေ့နေဟု ဆိုချင်ပါသည်။

၁၉၇၂ ခုနှစ်က မြန်မာနိုင်ငံတွင် ရှေ့နေမဟုတ်သူရှေ့နေတစ်ဦး **(ဦးစန်းမောင်)**[၂] ပေါ်ပေါက်ခဲ့ပါသည်။ မူလတရားရုံးတရားခံ ဦးညွန့်ဝေ၏ တရားရုံးကိုယ်စားလှယ်မှာ ဦးစန်းမောင်ဖြစ်ပါသည်။ ဦးစန်းမောင်သည် ဥပဒေလုပ်ထုံးလုပ်နည်းကို အထိုက်အလျောက်နားလည်သူဖြစ်ပါသည်။ အမှန်တရားကို ဖော်ထုတ်ရန်အလို့ငှာ အထူးကိစ္စတစ်ရပ်အနေဖြင့် တရားခံဦးညွန့်ဝေ၏ ရှေ့နေအဖြစ် ယင်းအမှုတွင် လိုက်ပါဆောင်ရွက်ရန် သာမန်အရပ်သားဦးစန်းမောင်ကို အမှုလိုက်ပါဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း ဗဟိုတရားရုံး၏လမ်းညွှန်ထုံးဖွဲ့ချက်ကို ပြည်သူသို့ သတင်းစကားပါးပါရစေ။

၁။ ဦးခွေးနှင့်ဦးအေး၊ ၁၉၆၅ ခုနှစ်၊ မတစ၊ စာ ၉၇၇

၂။ ဦးညွန့်ဝေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၇၂ ခုနှစ်၊ မတစ၊ စာ ၄၀

**တရားလွှတ်တော်ရှေ့နေတစ်ဦးအနေဖြင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ တရားရုံးအဆင့်ဆင့်တွင် အမှုလိုက်ပါဆောင်ရွက်ခွင့်ရှိပြီး အထက်တန်းရှေ့နေတစ်ယောက်မှာမူ မိမိလိုက်ပါဆောင်ရွက်မည့် ခရိုင်နယ်မြေအတွင်းရှိ ခရိုင်တရားရုံးနှင့် ယင်းလက်အောက်ခံ မြို့နယ်တရားရုံးများတွင်သာ အမှုလိုက်ပါဆောင်ရွက်ခွင့်ရှိ**

## (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၆**

မိတ္ထီလာမြို့နယ် နန်းတော်ကုန်းရပ်ကွက်တွင် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ဒီဇင်ဘာ ၂၅ ရက်က ရပ်ကွက်အရှေ့ဘက် မိတ္ထီလာမြောက်ကန်ကန်ပတ်လမ်း၌ စတင်ကျင်းပခဲ့ကြောင်း သိရသည်။



"(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုတဲ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲနဲ့ ပျော်ပွဲရွှင်ပွဲတွေ ပြုလုပ်တာဖြစ်ပါတယ်။ ပျော်ပွဲရွှင်ပွဲအနေနဲ့ ကာရာအိုကေပြိုင်ပွဲကို ထည့်သွင်းပြုလုပ်ပေးမှာဖြစ်ပါတယ်။ နန်းတော်ကုန်း ရပ်ကွက် နယ်မြေအားလုံးမှာရှိတဲ့ လူကြီး၊ လူငယ်၊ ကလေး အားလုံး ဒီအားကစားပြိုင်ပွဲနဲ့ ပျော်ပွဲရွှင်ပွဲများမှာ ပါဝင်ဆင်နွှဲဖို့လည်း ဖိတ်ခေါ်ထားပြီး ဒီဇင်ဘာ ၂၅ ရက်မှ ၂၉ ရက် အထိ ငါးရက်တိုင် ကျင်းပသွားမှာဖြစ်ပါတယ်" ဟု နန်းတော်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက ပြောသည်။ **ချမ်းသာ( မိတ္ထီလာ )**

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးစီမံချက် (၃) အတွက် လျှောက်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းသည် ကျောင်းသား ကျောင်းသူများ၏ ပညာရေးအဆင့်အတန်း မြင့်မားရေး၊ ကျောင်းစာသာမက ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အသိပညာနှင့် ဗဟုသုတတိုးပွားစေရေးဟူသောရည်ရွယ်ချက်ဖြင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးရေးစီမံချက်(၃)ကို လျှောက်ထားနိုင်ကြောင်း သိရသည်။

The Asia Foundation မှ ရန်ပုံငွေအထောက်အပံ့ဖြင့် Myanmar Book Aid And Preservation Foundation အပါအဝင် အခြားအဖွဲ့အစည်းများနှင့် ပူးတွဲလျက် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းနှစ်ကျောင်းနှင့် ပြည်နယ်များမှ အခြေခံပညာကျောင်းနှစ်ကျောင်းကို ရွေးချယ်၍ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ မိမိကျောင်းစာကြည့်တိုက်တိုးတက်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လိုသော အခြေခံပညာကျောင်းများသည် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း အခန်းအမှတ် - ၀၀၂ တက္ကသိုလ်စိန်ရတုခန်းမ ရန်ကုန်တက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့တွင် လျှောက်လွှာများရယူပြီး အထက်ပါလိပ်စာသို့ လိပ်မူ၍ လျှောက်ထားနိုင်ကြောင်းနှင့် အခြားအသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း - ၀၉ ၂၅၀၃၅၄၃၅၁၊ ၀၉-၅၁၈၆၃၉၈ နှင့် ၀၉-၄၂၀၇၂၉၄၄၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**လှလှ**

## အခြေခံကြက်ခြေနီသင်တန်းဖွင့်

**စလင်း ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့ အထကတွင် ဒီဇင်ဘာ ၂၅ ရက်က အခြေခံကြက်ခြေနီသင်တန်းအပတ်စဉ် ၁/၂၀၁၆ ကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ထွန်းက အမှာစကားပြောကြားပြီး မြင်တင်ရပ် အောင်စိုးမိုးဆီဆိုင်မှ ဦးအောင်မိုးမိသားစုက သင်တန်းသား သင်တန်းသူများကို စာအုပ်၊ ဘောပင်များ တစ်ဦးချင်းအတွက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို စလင်းမြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်ရာ သင်တန်းသားသင်တန်းသူ ၇၃ ဦး ပါဝင်တက်ရောက်ကြသည်။

**စစ်ကြည်(စလင်း)**



## လူထုလှုပ်ရှားမှု စုပေါင်းစက်ဘီးစီးနင်းပွဲကျင်းပ

**ဖျာပုံ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ဒီဇင်ဘာလ အားကစားလူထုအားကစားလှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၏ ကူညီပံ့ပိုးမှုဖြင့် မြို့နယ်လူထုစုပေါင်းစက်ဘီးစီးပွဲကို ဒီဇင်ဘာ ၂၅ ရက်က ပြည်သူ့အားကစားကွင်းကြီး ရှေ့မှစတင်တာထွက်ပြီး ဖျာပုံမြို့တစ်ပတ်စုပေါင်း စက်ဘီးစီးနင်းခဲ့ကြကြောင်း သိရသည်။

ယခုကဲ့သို့ စက်ဘီးအားကစားလေ့ကျင့်ခြင်းမှာ မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာရေး၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးနှင့် စက်ဘီးစီးခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများမှ ကျန်းမာရေးအတွက် အထောက်အကူပြုဖြစ်စေကြောင်းကို ပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ကျင်းပခြင်းဖြစ်ပြီး အဆိုပါ လူထုစုပေါင်းစက်ဘီးစီးအားကစားလေ့ကျင့်ပွဲတွင် ခရိုင်အဆင့်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဝါသနာရှင်အားကစား သမားများအပါအဝင် စုစုပေါင်း ၃၀၀ ကျော်ခန့် ပါဝင်စုပေါင်း လေ့ကျင့်စီးနင်း ကြပြီး Bicycle Network Myanmar (GTM) ကုမ္ပဏီမှအမှတ်တံဆိပ်တီရှပ်များ ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

## (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဟောပြော

**ခင်ဦး ဒီဇင်ဘာ ၂၆**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းပြီး ဒီဇင်ဘာ ၂၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အခြေခံပညာအထက်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးကျော်လွင်နှင့် အလယ်တန်းပြ ဆရာကြီး ဦးအောင်ဝင်းတို့က လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဓာတ်ပုံများ၊ ဆောင်းပါးများကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး

**နောင်ချို ဒီဇင်ဘာ ၂၆**

လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၃ ရက်က နောင်ချိုမြို့ အ.ထ.က‌ခွဲဘူတာရပ်ကွက်၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးအသင်းဥက္ကဋ္ဌ ဒေါ်ယမင်းအိက အမှာစကားပြောကြားပြီး နောင်ချိုမြို့မရဲစခန်းမှ ရဲအုပ်ကျော်မြင့်နိုင်က လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာများနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ အခြေခံပညာ အထက်တန်း(ကျောင်းခွဲ)ကျောင်းအုပ်ဆရာမကြီး၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၂၀ တက်ရောက်ကြကြောင်းသိရသည်။

**စိုးဝင်း(နောင်ချို)**



Social Pack
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook. Viber. Line. COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ 200MB/199Ks *3001# SP1 to 1332
၇ ရက် 1000MB/999Ks *3002# SP2 to 1332
ရက် ၃၀ 4000MB/3999Ks *3003# SP3 to 1332
● MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
● သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
● VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
● * အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial
CALL CENTER 106 free hotline 24 hours everyday

ASA AUNG NAING SCHOOL OF ACCOUNTANCY

ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင်-CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
U Aung Naing-LCCI(official page), ASA aung naing

LCCI & ACCA
စာရင်းကိုင်သင်တန်းများ
for 2017, June Exam
ခုနှစ်ပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ

LCCI International Qualifications Approved Centre

အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။ Tel: 01-377610, 09-730 66231, 09-730 99752, 09-320 60060

## အားလုံးအတွက် အခမဲ့

အရှိန်ဒုံးအချင်းချင်း အခမဲ့ ဖုန်းခေါ် ဆိုခြင်းအပြင် တစ်ကမ္ဘာလုံးကို Viber, BeeTalk တို့သုံးပြီး ဖုန်းခေါ် ဆိုခြင်း၊ မက်ဆေ့ချ်ပေးပို့ခြင်း၊ ဗွီဒီယို ဖုန်းခေါ် ဆိုခြင်း နှင့် အခြားအသုံးပြုမှုများကို သုံးပြီး အခမဲ့ ချိတ်ဆက်နိုင်ပါပြီ။

ooredoo




အခပဲရယူဖို့ *133# ကို ခေါ်ဆိုလိုက်ပါ

စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်

## လင်းပါရဂူ အထူးကုဆေးခန်း/ဆေးရုံ

## နှစ်ပတ်လည်အထိမ်းအမှတ် အထူးအစီအစဉ်

- မျက်စိဝေဒနာရှင်များ၊ နား၊ နှာခေါင်း၊ လည်ချောင်းဝေဒနာရှင်များနှင့် မျက်မှန်ပါဝါ စမ်းသပ်လိုသူများကို အထူးကုဆရာဝန်ကြီးများကိုယ်တိုင် ခေတ်မီ စက်ကိရိယာများဖြင့် 'အခမဲ့' စမ်းသပ်ကုသပေးပါမည်။
- မျက်မှန်ဝယ်ယူအားပေးသူများကို ပုံမှန်ရောင်းဈေးနှုန်း၏ **30% Discount** လျှော့ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

### "လင်းပါရဂူအထူးကုဆေးခန်း"

နေ့ရက်များ - ၆-၁-၂၀၁၇ (သောကြာနေ့)နှင့်
၇-၁-၂၀၁၇ (စနေနေ့)
အချိန် - နံနက် (၉)နာရီမှ ညနေ (၆)နာရီထိ။
နေရာ - အမှတ်(၁၅)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေအဝိုင်းထိပ်အနီး၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
လမ်းညွှန် - ၃၃၊ ၃၆၊ ၄၃၊ ၅၀၊ ၅၉၊ ၇၄၊ ၁၀၅၊ ၁၅၇၊ ၁၇၄၊ ၃၃၃၊ ၂၃၅၊ အဝိုင်းပတ် စီး၍ အဝိုင်းထိပ်"အိုးရှင်းမှတ်တိုင်" ဆင်းပါ။

Ph: 01-549829, 01-401571, 09 258767394

### "လင်းပါရဂူဆေးရုံ"

နေ့ရက်များ - ၈-၁-၂၀၁၇ (တနင်္ဂနွေနေ့)နှင့်
၉-၁-၂၀၁၇ (တနင်္လာနေ့)
အချိန် - နံနက် (၉)နာရီမှ ညနေ (၆)နာရီထိ။
နေရာ - အမှတ်(၁၈/အေ)၊ မာလာမြိုင်လမ်း၊ ပြည်သာယာရိပ်သာ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
လမ်းညွှန် - ၃၁၊ ၂၃၇၊ မေတ္တာလိုင်း(၁)၊ (၁၀၅)ဒိုင်နာအနီး၊ ကားများစီး၍ "အဝိုင်းလေးမှတ်တိုင်" ဆင်းပါ။
- ၁၀၇(မီနီဘတ်စ်)၊ ၃၉၊ ၈၈၊ အဝိုင်းပတ်(ပြာ၊ဖြူ)ကားစီး၍ "သံလမ်းမှတ်တိုင်"ဆင်းပါ။

Ph: 01-540719, 01-8603673, 01-571556

## (၇)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည် နှင့် မွေးနေ့မင်္ဂလာ ဆုမွန်ကောင်းတောင်းလွှာ

ဦးရဲဝင့်ထွဋ်တင် (မန်နေးဂျင်းဒါရိုက်တာ-နောင်ရိုးနည်းပညာများကုမ္ပဏီလီမိတက်) + ဒေါ်ခိုင်သက်မွန် (ဒါရိုက်တာ-နောင်ရိုးနည်းပညာများကုမ္ပဏီလီမိတက်)တို့၏ (၂၇. ၁၂. ၂၀၁၆)ရက်နေ့တွင် ကျရောက်သော (၇)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည် နှင့် (၂၇. ၁၂. ၂၀၁၆)ရက်နေ့တွင် ကျရောက်သော ဦးရဲဝင့်ထွဋ်တင် (မန်နေးဂျင်းဒါရိုက်တာ)၏ (၃၈)ပြည့်မွေးနေ့ မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစု၊ ချစ်သောဝန်ထမ်းများနှင့်အတူ ပျော်ရွှင်မှုအပေါင်းနှင့် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြီးပြည့်စုံသော အနာဂတ်ကို စိတ်တူ ကိုယ်တူ ဆက်လက်၍ လျှောက်လှမ်းနိုင်ပြီး နိုင်ငံအကျိုး၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နောင်ရိုးနည်းပညာများကုမ္ပဏီ မန်နေဂျာ နှင့် ဝန်ထမ်းများ (နေပြည်တော်ရုံး)

---

### မိဘအမည်မှန်

ရန်ချောင်းမြို့၊ အထက(ခွဲ) လည်ပေါ်ကျောင်း၊ ပဉ္စမတန်း(က)မှ မသင်းသင်းထူး၏ မိဘအမည်မှန်မှာ ဦးမျိုးညွန့်-ဒေါ်ကြည်ကြည်စိုး ဖြစ်ပါကြောင်း။

**ဦးမျိုးညွန့်-ဒေါ်ကြည်ကြည်စိုး**

---

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ငါးကြီးကွေ့ကျေးရွာအုပ်စု၊ ထောက်ကြန့်ကွင်းရွာနေ (ဘ)ဦးတင်ဌေးဦး၏သမီး အေလာ အထက (၅) ပဉ္စမတန်း(A) မှ မရွှေရတီဦးအား မရတီဟု ပြောင်းလဲခေါ်ယူပါရန်။

**မရတီ**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပုဗ္ဗသီရိမြို့နယ်၊ အထက (၂၀) လယ်ပြဆရာမ ဒေါ်ဝါဝါသိန်း (ခ) ဒေါ်ဝါဝါသိမ်း ၇/တကန(နိုင်) ၀၀၆၃၅၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဝါဝါသိန်း (ခ) ဒေါ်ဝါဝါသိမ်း**

---

### အောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးသင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်။

အမှတ်-၁၈၃၊ မြေယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊

09254009334, 09254009335, 09254009336

---

### ရွှေကြေးစည် မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

▲ ဘုရားဖူး ခရီးစဉ်များ: မုံရွာအနီး၊ စစ်ကိုင်း(သီးသန့်) ဆက်၍ - မန္တလေး၊ ပြင်ဦးလွင်အနီး

▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလိုဏ်ဂူ ဆက်၍ - (လွိုင်ကော်၊ ထီးဆဲခါး)(မန္တလေး၊ ပြင်ဦးလွင်)(ပုဂံ၊ ပုပ္ပါး) | အပတ်စဉ် သောကြာ Jan 3

▲ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ရွှေတော်လေးဆူ၊ ပခုက္ကူ - သီဟိုဠ်ရှင်

▲ ပုဂံ၊ ညောင်ဦး၊ ရွှေတော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား

▲ ကျိုက္ခမီ၊ မော်လမြိုင်၊ စက်စဲ၊ ဘားအံ - (ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)

▲ (မြဝတီ+မဲဆောက်၊ ဘားအံ)(ဘားအံဂူဘုရားများ၊ ဇင်းကျိုက်ရေတံခွန်)(ဇလွန်)

01-240860/01-372290 ဖုန်း 09-49282825,09-43202968,09-262784651

---

### နေပြည်တော်၊နန်းရွှေပြည်၊သင်တန်း

**ကြည်စိုး** Jan ၁၄၊ ၁၅

၀၉ ၅၁၅ ၃၃၉၀

I.C ၀၉ ၅၁၀ ၄၀၄၁

အိမ်ခြံမြေကို ဥပဒေများဖြင့် အပိုင်သင်သည်

ကြိုတင်စာရင်းသွင်းလျှင် 10% သက်သာ၍ နေရာသေချာမည်။

---

### တိုက်ခန်းအမြန်ရောင်းမည်

BCCကျပြီးတိုက်သစ်တိုက်ခန်းများ လိုင်စင်ရကန့်ထရိုက်ကိုယ်တိုင်ရောင်းမည်။

၁။ ၂၃၄၊ကကားဝါ(၃)လမ်း၊ရွှေပြည်သာရပ်ကွက်၊ဒေါပုံမြို့နယ်(သဒ္ဒါရုံမှတ်တိုင်အနီး) (၁၁½'×၄၇')၊မြေညီ(၃၅၀သိန်း)၊ပ-ထပ်(၂၈၀သိန်း)၊ဒု-ထပ်(၂၆၀သိန်း)၊တ-ထပ်(၂၄၀သိန်း)၊ ပဉ္စမထပ်(၁၉၀သိန်း)

၂။(၃၈)၊လောင်းလှံလမ်း၊(၂၅)ရပ်ကွက်၊ဒဂုံတောင်၊(၁၉'×၅၄')၊မြေညီ(၅၀၀သိန်း)၊ ဒု-ထပ်(၃၇၀သိန်း)၊တ-ထပ်(၃၄၀သိန်း)၊စတုတ္ထထပ်(၃၀၀သိန်း)၊ပဉ္စမထပ် (၂၅၀သိန်း)

၃။ (၄)၊ဓမ္မသီဂီလမ်း၊ဗိုလ်ကဲညွန့်ရပ်ကွက်၊သဃ်းကျွန်း။ (၁၂'×၅၀')၊မြေညီ(၃၀၀သိန်း)၊ဒု-ထပ် (၂၂၀သိန်း)။

-၀၁ ၈၅၅၀၉၈၇၊ ၀၉ ၂၅၄၄၈၇၉၃၀၊ ၀၉ ၃၁၀၅၃၄၄၄။

---




Hot Fare has limited availability, until sold out. Hot Fare is one way Economy Starter fare (including airport taxes and fees) with 7kg carry-on baggage only. Selected travel periods and seat availability apply. Availability is limited (not available on all flights, school holidays and weekends). Conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.

---

### စီးပွားရေးအထူးလုပ်ကိုင်ရန် နေရာအလွန်ကောင်း နှစ်(၉၀)ဂရန်ကြီးကျပြီး မြေကွက်ကြီးပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လုပ်ငန်းရှင်ကြီးများအတွက် စီးပွားရေးအထူးလုပ်ကိုင်ရန် ကောင်းမွန်သော နေပြည်တော်ဥတ္တရသီရိမြို့နယ် (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေး) မင်းကုန်းအုတ်စက်ရုံအနီး (KLO)စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် တည်ရှိသော နေရာအလွန်ကောင်းနှစ်(၉၀)ဂရန်ကြီးကျပြီး မြေဧရိယာအကျယ်(၅)ဧကခန့်အပြင် တစ်ဆက်တည်းပါဝင်သည့် ကျန်မြေ(၄)ဧကခန့်ကိုပါ ထည့်သွင်းပေးမည်ဖြစ်ပြီး စုစုပေါင်းမြေဧရိယာအကျယ်(၉)ဧကခန့်ရှိသည့် အဖိုးတန်မြေကွက်ကြီး ရောင်းမည်။

**ဆက်သွယ်ရန်။ (၁၆)လမ်းနှင့် ခတ္တာလမ်းထောင့်၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်**

ဖုန်း-၀၉-၈၃၀၀၄၄၂၊ ၀၉-၉၆၁၂၈၀၃၉၀၊ ၀၉-၂၆၃၀၄၆၉၅၁၊ ၀၉-၄၄၈၅၄၈၇၇၈၊ ၀၉-၄၅၈၀၂၃၆၁၀

---




---

### လှိုင်ကော်မြို့လယ်ရှိ မြစ်ကမ်းနံဘေးမြေကွက်ရောင်းမည်

Hotelဆောက်ရန်၊ ရေသန့်စက်ရုံ ဆောက်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ ကုမ္ပဏီရုံးခွဲ ဖွင့်ရန်၊ စီးပွားရေးလုပ်ငန်း လုပ်ရန် သင့်လျော်သော မြစ်ကမ်းနံဘေး RIVER VIEW ရှိ(၂ဧက)ကျယ်သောမြေကွက်ကြီး၊ တောင်ကွဲစေတီအနီး မိုင်းလုံးရပ်ကွက်၊ ဘီလူးချောင်းနံဘေးတွင် ရှိသည်၊ အုတ်တံတိုင်းလေးဘက် ကာရံသည်၊ မြို့မြေ၊ မြေပိုင်မြေ အမျိုးအစားဖြစ်သည်၊ မြံထဲအထိ ကွန်ကရစ်လမ်း ပေါက်သည်၊အမြန်ဆုံးဈေးလျှော့ရောင်းမည်၊✱ပွဲစားလိုသည်✱

09-261447029, 09-254331647
09-31656754 , 09-961575165

---

### ပဲခူးတိုင်းဒေသကြီး၊ သစ်စက်လုပ်ငန်းရှင်ကြီးများ အသင်းဖွဲ့စည်းခြင်း ဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ သစ်စက်လုပ်ငန်းရှင်ကြီးများအသင်း ဖွဲ့စည်းမည်ဖြစ်ပါ၍ လူကြီးမင်းကိုယ်တိုင် ပါဝင်ဖွဲ့စည်းနိုင်ရန် ပဲခူးတိုင်းဒေသကြီးအတွင်း လိုင်စင်ရှိ သစ်စက်ကြီး၊ သစ်စက်သေးလုပ်ငန်းရှင်ကြီးများအားလုံး အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၃၁-၁၂-၂၀၁၆ ရက် (စနေနေ့)

**အချိန်** - နံနက် ၀၉း၀၀ နာရီ

**နေရာ** - ဥသာကျော်ဟိုတယ်ခန်းမ၊ ညောင်အင်းကျေးရွာ၊ ပဲခူး-ရန်ကုန်ကားလမ်းဘေး။

**စုံစမ်းရန် ဖုန်း-၀၉-၄၅၇၉၄၈၂၈၅၊ ၀၉-၅၃၀၁၁၈၂**

# ရခိုင်ပြည်နယ်အတွင်း NVC ကတ် ထုတ်ပေးခြင်းနှင့် သုံးမျိုးစာရင်းကောက်ယူခြင်းဆိုင်ရာ သတင်းထုတ်ပြန်

**နေပြည်တော်   ဒီဇင်ဘာ   ၂၆**

•ရခိုင်ပြည်နယ်အတွင်း ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စိစစ်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်သူများကို ထုတ်ပေးထားခဲ့သော ယာယီသက်သေခံလက်မှတ်များ၏ သက်တမ်းသည် ၂၀၁၅ ခုနှစ် မေ ၃၁ ရက်က ကုန်ဆုံးသဖြင့် ယင်းနေ့ရက်မတိုင်မီ လာရောက်အပ်နှံကြရန် နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၅ ဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ ညွှန်ကြားချက်အရ ပြန်လည်အပ်နှံရမည့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူပေါင်း ၇၅၉၆၇၂ ဦးရှိသည့်အနက် သတ်မှတ်နေ့ရက်အတွင်း ပြန်လည်အပ်နှံသူပေါင်း ၄၆၉၁၈၃ ဦး ရှိခဲ့ကြောင်း၊ စိစစ်ချက်အရ ပြန်လည်မအပ်နှံနိုင်သူများမှာ အခြားကတ်တစ်မျိုးမျိုး ရရှိပြီးသူများ၊ ပျောက်ဆုံး/ပျက်စီးသူများ၊ သေဆုံးသူများ၊ ဒေသကင်းကွာ(ပြည်ပ)သူများနှင့် အပ်နှံခြင်းမပြုသေးသူများဖြစ်ကြောင်း သိရှိရသည်ဟု ယနေ့ရက်စွဲဖြင့် ထုတ်ပြန်သည့် နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းယာယီသက်သေခံလက်မှတ်များအစား နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (Identity Card for National Verification) ထုတ်ပေးခြင်းလုပ်ငန်းကို သုံးမျိုးစာရင်းကောက်ယူခြင်း လုပ်ငန်းအဖြစ် ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှစ၍ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသက်သေခံကတ်ပြားများ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေဖြစ်သော ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် စိစစ်နိုင်ရန်နှင့် စိစစ်နေဆဲကာလအတွင်း မြန်မာနိုင်ငံအတွင်း နေထိုင်သူအဖြစ် အသိအမှတ်ပြုနိုင်ရန်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❁

# ဧရာဝတီလင်းပိုင်နှင့်လက်ပစ်ကွန်ရေလုပ်သားများ ပူးပေါင်းငါးဖမ်းဆီးမှု ကွန်ပစ်သင်တန်းဖွင့်



လက်ပစ်ကွန်ရေလုပ်သားများကို ကွန်ပစ်သင်တန်းပေးစဉ်

**မင်းဇော်ဦး(မြန်/ဆက်)**

**စဉ့်ကူး   ဒီဇင်ဘာ   ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့်သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ ပူးပေါင်းကျင်းပသည့် ဧရာဝတီလင်းပိုင်နှင့် လက်ပစ်ကွန်ရေလုပ်သားတို့ ပူးပေါင်းငါးဖမ်းဆီးမှုဓလေ့များ လက်ဆင့်ကမ်းရန်အတွက် နှစ်ရက်တာကွန်ပစ်သင်တန်းကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ဟသ်ာမကျေးရွာအုပ်စု မြစ်ကမ်းကြီးကျေးရွာ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထူးစာပို့တံဆိပ်ခေါင်း ၁၀၀ တန် ရောင်းချပေးမည်

စာ » ၈

## တရုတ်စစ်သင်္ဘောများ တောင်တရုတ်ပင်လယ်အတွင်းသို့ ဝင်ရောက်လာ

စာ » ၁၀

# တရုတ်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးအသင်း လေ့ကျင့်ပြင်ဆင်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန်   ဒီဇင်ဘာ   ၂၆**

မြန်မာအမျိုးသမီးအသင်းသည် တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် တရုတ်အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၇ ခုနှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများမတိုင်မီ ပြင်ဆင်သည့်အနေဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လက်ရွေးစင်အဆင့် အမျိုးသမီးအသင်းများဖြင့် ကျင်းပမည်ဖြစ်သည်။ လက်ရှိတွင် အိမ်ရှင်တရုတ် လက်ရွေးစင်အသင်းအပါအဝင် ယူကရိန်းလက်ရွေးစင်အသင်း၊ မြန်မာလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားပြီး တရုတ်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အခြားအသင်းတစ်သင်းကို ထပ်မံဖိတ်ကြားလျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၇ ခုနှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမလက်ရွေးစင်ကစားသမား ၂၄ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ယူ-၁၉ အမျိုးသမီးအသင်းမှ ကစားသမားများကို ထပ်မံအားဖြည့်ရွေးချယ်မည်ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၄* ✪



၂၀၁၇ ခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ရမည့် မြန်မာအမျိုးသမီးအသင်း

